


# သစ်တောကြေးမုံ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

## နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၂၀၁၉ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်သစ်ပင်စိုက်ပျိုးခြင်း



၂၀၁၉ခုနှစ်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို (၅-၇-၂၀၁၉)ရက်နေ့ နံနက် (၇း၃၀)နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်းဘေးရှိ ဖိုးဇောင်တောင်ကြိုးဝိုင်းအကွက်အမှတ်(၂၂)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

စာမျက်နှာ-၂ သို့

# သစ်တောကြေးမုံ

## မာတိကာ

| | |
|---|---|
| ➢ နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၂၀၁၉ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သစ်ပင်စိုက်ပျိုးခြင်း | မျက်နှာဖုံး |
| ➢ မိုးဖြိုင်ဖြိုင် ရေစိုစို မြေစိုစိုမှာ သစ်ပင်စိုက် **(ခေါင်းကြီး)** | ၁ |
| ➢ သတင်းများကဏ္ဍ | ၂-၇ |
| ➢ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိသတင်းများ | ၈-၉ |
| ➢ တိုတိုထွာထွာမှတ်စရာ–၁၇ **-တက္ကသိုလ်ဆရာတစ်ဦး** | ၁၀-၁၁ |
| ➢ လက်တွဲတူထိန်း တောတွေစိမ်း (ကဗျာ) - **မုံရွာ-ချစ်သန်းထွန်း (ခေတ္တစိမ်းစို)** | ၁၁ |
| ➢ ဟဲ ဟဲ ဒါလေးများ (၁၆) - **သီရိတင်(သစ်တော)** | ၁၂-၁၆ |
| ➢ ဆရာကြီးဦးအောင်မြင့်သို့ ဂါရဝပြု တောင်းဆုမင်္ဂလာပြုခြင်း | ၁၇-၁၉ |
| ➢ ဝမ်းနည်းကြေကွဲခြင်း (ဦးရဲမြင့်–သစ်တော) | ၂၀ |
| ➢ သစ်အယ်စိုက်ပျိုး၊ ဝင်ငွေတိုး၊ ဘက်စုံဖွံ့ဖြိုးမည် - **ဦးသိန်းသန်းထွန်း (ဦးစီးအရာရှိ)** | ၂၁-၂၄ |
| ➢ ရှုံးစာရေးကြမည် ဆိုရာဝယ်(၂) - **အောင်နိုင်(လက်ဆည်)** | ၂၅-၂၇ |
| ➢ လေထုညစ်ညမ်းမှုကြောင့် လူသားများကျန်းမာရေးနှင့်သဘာဝဘေးအန္တရာယ် -- **ဒေါက်တာဝင်းဝင်းမာ** | ၂၈-၂၉ |
| ➢ သစ်ပင်စိုက်ပျိုးကြပါ -- **၁၉၅၇ခုနှစ်၊ ဒီဇင်ဘာလ၊ မြန်မာပြည်သစ်တောကြေးမုံ** | ၃၀-၃၃ |
| ➢ ခါကာဘိုရာဇီဥယျာဉ်ဝယ် အပင်မျိုးစိတ်တွေစုကြမယ် (၇) - **မြင့်မြင့်စန်း ၊ လက်ထောက်သုတေသနအရာရှိ (ငြိမ်း)** | ၃၅-၃၆ |
| ➢ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုများ -- **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** | ၃၇-၃၈ |
| ➢ ကမ္ဘာမြေကြီးနှင့်တောတောင်အကြောင်း --**ဦးမြင့်ဆွေ (ချုပ်သင်းဘေးမဲ့တော)** | ၃၉ |
| ➢ ခြေရာပျောက်လိပ် -- **ကိုငြိမ်း(တောင်သာ)** | ၄၀-၄၂ |
| ➢ Soil and Water Conservation in Meiktila Forest Division of Dry Zone - - **U Sein Thet, Director (Rtd)** | ၄၃-၄၄ |
| ➢ ဘာကြောင့်ဖြစ်တာလဲ (ကဗျာ) -- **တင်သောင်း-တောအုပ်** | ၄၆ |
| ➢ ကျွန်တော်နှင့်ကကွက်ဆင်သည့် ရွှေဥဒေါင်း -- **အုန်းလွင်လေး** | ၄၇-၄၉ |
| ➢ ဘဲမြီးသွယ် ခေါ် ဘဲရစ် -- **ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း** | ၄၅-၄၆<br>နောက်ကျောဖုံး |

သစ်တောဦးစီးဌာနက လစဉ်ထုတ်ဝေလျက်ရှိသော **"သစ်တောကြေးမုံ"**တွင် ဖော်ပြပါရှိသည့် စာမူများမှာ **"စာမူရှင်"** ၏ **"မူပိုင်"** ဖြစ်သည်။ အခြားနေရာတွင် ဖော်ပြလိုပါက/ အသုံးပြုလိုပါက **"စာမူရှင်"** ၏ ခွင့်ပြုချက်ကို စာဖြင့်တောင်းခံရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းချုပ်နှင့် ထုတ်ဝေသူ**
ဦးစိုးဝင်း-၆
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**
ဦးထွန်းညွန့်တင် - လက်ထောက်ညွှန်ကြားရေးမှူး

**ဆက်သွယ်ရန် - ၀၆၇-၄၀၅၃၉၄**
extension@forest.gov.mm

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးတင်မောင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးကိုကိုထွန်း | ဦးစီးအရာရှိ |
| ဒေါက်တာဇာခြည်ဝင်း | ဦးစီးအရာရှိ(English Editor) |
| ဦးကောင်းညွှန့် | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**
ဦးမြင့်ထွန်း(မြ-၀၀၆၆၀)
မဉ္ဇူပုံနှိပ်တိုက်၊ အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



# မိုးဖြိုင်ဖြိုင် ရေစိုစို မြေစိုစိုမှာ သစ်ပင်စိုက်



လူသားတို့သည် လေထုထဲမှအောက်စီဂျင်ဓာတ်ငွေ့အား အသက်ရှူသွင်းပြီး အသက်ရှင်နေထိုင်ကြရပါသည်။ တစ်ဖန်သဘာဝတရားအရဖြစ်ပေါ်လာသော လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် လူသားတို့ပြုမူနေထိုင်မှုတို့မှဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တို့သည် မိမိတို့အသက်ရှင်နေထိုင်နိုင်ရေးအတွက် အဓိကအနှောင့်အယှက်ပေးနေသော ဓာတ်ငွေ့တစ်မျိုးဖြစ်ပါသည်။

သစ်ပင်တို့သည် အဆိုပါအနှောင့်အယှက်ပေးနေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့အားစုပ်ယူပြီး မိမိတို့အသက်ရှင်ရန် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့အား ပြန်လည်ထုတ်ပေးသည့်အလုပ်ကို လုပ်ဆောင်နေသည့်အတွက် လူသားတို့အသက်ရှင်နိုင်ရေးအတွက် အဓိကအကျဆုံးအရာဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များအားလည်း ကာကွယ်ပေးပါသည်။

လူသားတို့၏ နေ့စဉ်လိုအပ်ချက်အား ဖြည့်ဆည်းပေးရသောကြောင့် သစ်တောသစ်ပင်များ၏ဧရိယာမှာ တဖြည်းဖြည်းလျော့နည်းလာရပါသည်။ သစ်တောသစ်ပင်များလျော့နည်းလာရခြင်းကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာပြီး ရာသီဥတုဖောက်ပြန်မှုများ ကြုံလာရပါသည်။ သစ်ပင်သစ်တောများထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အသစ်ထပ်မံစိုက်ပျိုးခြင်းများမပြုလုပ်ပါက မမျှော်မှန်းနိုင်သော ဆိုကျိုးများကျရောက်လာမည် ဖြစ်ပါသည်။

သစ်တောသစ်ပင်ချစ်ခင်မြတ်နိုးခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းတို့သည် မြန်မာလူမျိုးတို့၏ လေးစားစရာကောင်းသည့် မိရိုးဖလာအစဉ်အလာဖြစ်သည့်အပြင် သစ်ပင်စိုက်ပျိုးရာတွင် မိမိ၏လက်ရှိသက်တမ်းအတွင်း စားသုံးနိုင်သော စားပင်၊ သီးပင်၊ နှစ်တိုနှစ်လတ်ပင်များသာမက လက်ဆင့်ကမ်းအမွေပေးနိုင်သည့် နှစ်ရှည်ပင်များကိုလည်း စိုက်ပျိုးခဲ့ကြသည်မှာ မြန်မာ့ဘိုးဘွားတို့၏ လေးစားအတုယူဖွယ် အမွေအနှစ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏(၆၅%)ခန့်ရှိခဲ့ပြီး လူဦးရေတိုးတက်လာခြင်းနှင့်အတူ သစ်တောမြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော မြေဧရိယာအတွင်း မြို့ရွာချဲ့ထွင်ခြင်း၊ လောင်စာလိုအပ်ချက်အတွက် သစ်ပင်များကိုခုတ်ယူရခြင်း၊ နိုင်ငံဘဏ္ဍာအတွက် သစ်ထုတ်ယူရခြင်း၊ သစ်တောမြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးချခြင်းတို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၏ (FRA 2015)အရ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏(၄၂.၉၂%)ရှိတော့ကြောင်းနှင့် ၂၀၁၀ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်ကြားကာလများတွင် သစ်တောများသည် နှစ်စဉ်(၁.၇၂%)ဖြင့် ပြုန်းတီးခဲ့ကြောင်း သိရှိရပါသည်။

သဘာဝတောဧရိယာများ မြို့ရွာများရှိသစ်ပင်များသည် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပျက်စီးလာသည့်အတွက် ၁၉၇၇ ခုနှစ်မှစတင်၍ မိုးဖြိုင်ဖြိုင်ရွာသွန်းသော ဇူလိုင်လကို မြန်မာ့သစ်ပင်စိုက်ပျိုးရေးလအဖြစ်သတ်မှတ်ပြီး ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကျင်းပလာခဲ့ပါသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကို လျော့နည်းသက်သာလာစေရန် အထောက်အပံ့ဖြစ်စေသည်သာမက နိုင်ငံတော်နှင့်ပြည်သူများအတွက်လည်း အကျိုးကျေးဇူးဖြစ်ထွန်းစေပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၉ခုနှစ် မိုးရာသီတွင် ပျိုးပင်(၁၁)သန်းခန့် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးရာတွင် ""**ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း**"" ဟူသည့်အချက်များကိုလည်း အလေးထားဆောင်ရွက်ရန်လိုအပ်ပါသည်။ စနစ်တကျစိုက်ပျိုးပြုစုထိန်းသိမ်းမှသာလျှင် ကြီးထွားအောင်မြင်မှုကိုရရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူလူထုတစ်ရပ်လုံး မိုးဖြိုင်ဖြိုင်ရွာနေသော အခုလို ဇူလိုင်လ အခါသမယတွင် သစ်ပင်စိုက်ပျိုးကြပါရန်၊ စိုက်ပျိုးပြီးသစ်ပင်များအား ပြုစုထိန်းသိမ်းခြင်းဖြင့် စိမ်းလန်းစိုပြည်သောပတ်ဝန်းကျင်( Green Environment) ကောင်းတစ်ရပ် ရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

FOREST

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

မျက်နှာဖုံးသတင်း

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သစ်ပင်စိုက်ပျိုးခြင်း



အခမ်းအနားသို့ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်း များတက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မဟော်ဂနီပင်ကို သတ်မှတ်နေရာ၌စိုက်ပျိုးပေးသည်။

အလားတူ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကံ့ကော်ပင်ကိုလည်းကောင်း၊ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက သင်းဝင်ပင်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပိတောက်ပင်ကိုလည်းကောင်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တမလန်းပင်ကိုလည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။



ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသူများ သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ကံ့ကော်၊ အင်ကြင်း၊ ရေသင်းဝင်၊ မဟော်ဂနီ၊ ယင်းမာ၊ငု၊ မဲဇလီ၊ ပန်းမဲဇလီ၊ ဆီသပြေ၊ သပြေ၊ မဏိသြဂ၊ သင်းဝင်၊ စစ်၊ မအူလက်တံတို၊ မအူလက်တံရှည်၊ ယမနေ၊ ယင်းတိုက် သစ်ပင်ပျိုးပင် စုစုပေါင်း ၄၃၄ ပင်ကို စိုက်ပျိုးကြကြောင်းသိရသည်။



၂၀၁၈ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ဖိုးဇောင်တောင်ကြိုးဝိုင်းအကွက်အမှတ်(၁၇)၌ သစ်ပင်ပျိုးပင် စုစုပေါင်း ၃၃၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

ဖိုးဇောင်တောင်ကြိုးဝိုင်းသည် ဧရိယာ ၈၅၁၇ ဒသမ ၀၉ဧကအကျယ်အဝန်းရှိပြီး အကွက်ပေါင်း (၅၁) ကွက်ရှိကာ အပင်အမျိုးပေါင်း ၂၀ကျော် ပေါက်ရောက် လျက်ရှိကြောင်းသိရသည်။

## သစ်တောကြေးမုံ

### ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူထုဖြန့်ပျိုးဥယျာဉ်များ၊ သစ်တောစိုက်ခင်းများနှင့် ဆင်စခန်း ကြည့်ရှုစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇွန်လ ၈ ရက်နေ့တွင် မိတ္ထီလာမြို့နယ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မုန်တိုင်ကြိုးဝိုင်းအကွက်အမှတ်(၄၊၅)အတွင်း စိုက်ပျိုးထားရှိသည့် ကျေးရွာသုံးစိုက်ခင်း ၅၀ ဧက၏ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒဟတ်ပင်များကို ပင်ပူးခွာကိုင်းချိုင်ခြင်းဆောင်ရွက်ရန်၊ စိုက်ခင်းရှင်သန်ကြီးထွားမှုကိုစံကွက်များ ချမှတ်၍ စာရင်းကောက်ယူရာတွင် ဌာနလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် မှတ်တမ်းစနစ်တကျ ထိန်းသိမ်းထားရှိရန်၊ စိုက်ခင်းတာဝန်ခံများ အလုပ်လွှဲပြောင်းရာတွင် ဆောင်ရွက်ပြီးလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တိကျစွာလွှဲပြောင်းဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်တို့နှင့်အတူ မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်း မိုင်တိုင်အမှတ် ၄၈/၀ အနီးရှိ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

စိုက်ခင်းသည် မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းဘေးတွင် တည်ရှိပြီး ခရီးသွားပြည်သူများ နားခိုစရာတစ်ခုဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်၊ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သည့်အတွက် မိုးရွာသွန်း၍ မြေအစိုဓာတ်ရသည်နှင့်တစ်ပြိုင်တည်း စိုက်ခင်းသစ်စိုက်ပျိုးခြင်း၊ သေပင်ဖာထေးခြင်းဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရန်၊ ရေစီးကြောင်း၊ချောင်းငယ်၊ မြောင်းငယ်တို့၏အထက်ဘက်နှင့် ရေဆင်းမည့် တောင်စောင်းနေရာများ၌ နုန်းတားတမံငယ်များ ဆောင်ရွက်ထားရှိရန်တို့ကိုမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့သို့ ရောက်ရှိကာ နဘူးတောအမြဲတမ်းပျိုးဥယျာဉ်အား လှည့်လည်ကြည့်ရှု၍ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမြစ်ရှည်ပျိုးပင်များ ပျိုးထောင်ခြင်းနည်းပညာကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပျိုးဥယျာဉ်များတွင်ပါ လက်တွေ့စမ်းသပ်ဆောင်ရွက်ရန်နှင့်ဆက်လက်၍ ညောင်ဦးမြို့နယ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ချောက်ဘုရားလှအမြဲတမ်းပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကာ ပျိုးစင်တွင် ၁၂ ရာသီလုံးပျိုးပင်မပြတ်စေရေးအတွက် အထူးစိမ်းပျိုးပင်ကြီးများ ပျိုးထောင်ထားရှိရန်၊ နှစ်ချို့ပင်များနှင့် ပျိုးပင်သစ်များဖလှယ်၍ နှစ်ချို့ပင်ကြီးများကို စိုက်ခင်းတည်ထောင်ရာ၌ စိုက်ပျိုးဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦး–မြင်းခြံကားလမ်းဘေးရှိ ပလင်းကမ်းသာယာဆင်စခန်းကို ရောက်ရှိပြီး စခန်းတာဝန်ခံ၏ တင်ပြချက်များအပေါ် လာရောက်အပန်းဖြေလေ့လာကြသည့် ပြည်သူများအတွက် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ လေညင်းခံဆိပ်ခံတံတားတည်ဆောက်ရေးအတွက် လိုအပ်သည့်သစ်၊ တိုင်များစုဆောင်းထားရှိရန်၊ ဆင်ပြတိုက်တည်ဆောက်ခြင်းကို ပွင့်လင်းရာသီအမီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယခုနှစ် အပူဒဏ်ကြောင့် သေကြေပျက်စီးသည့်အပင်များအား ဖြည့်စွက်ပြန်လည်စိုက်ပျိုးရန် ကွက်ပြည့်ကွင်းနင်းစစ်ဆေး၍ သေပင်များ ပန္နက်ရိုက်မှတ်ကာ မြင်သာအောင် ဆောင်ရွက်ထားရန်၊ မိုးရွာသွန်း၍ လုံလောက်သော အစိုဓာတ်ရသည်နှင့် စိုက်ခင်းသစ်စိုက်ပျိုးခြင်း၊ စိုက်ခင်းဟောင်းဖာထေးခြင်းတို့ တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားရှိရန်နှင့် ဝန်ထမ်းများအား စနစ်တကျတာဝန်ခွဲဝေပေးအပ်ထားရန်တို့ကို မှာကြားခဲ့ပြီး ဒေသခံပြည်သူလူထုနှင့်လည်း ရင်းနှီးပွင့်လင်းစွာတွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်းသိရှိရသည်။

## ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှု ရလဒ်များအား အကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲ




ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များအား အကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို (၇-၆-၂၀၁၉) ရက်နေ့ တိုက်ပူရီ ဟိုတယ်၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးအုန်းဝင်းက မြန်မာနိုင်ငံ၏ သစ်တောသယံဇာတ များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် အရေးပါသလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေးအတွက်လည်း အရေးပါကြောင်း၊ နိုင်ငံတော်စုစုပေါင်းလူဦးရေ၏ (၇၀)ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသနေ ပြည်သူများ ဖြစ်ပြီး လူမှုစီးပွားရေးအတွက် သစ်တောများကို မှီခိုနေကြရကြောင်း၊ နိုင်ငံတော်တွင် အိမ်ထောင်စုပေါင်း ၁၁ သန်းခန့်ရှိသည့်အနက် ၈၁ ရာခိုင်နှုန်းကျော်သည် လောင်စာအတွက် ထင်းနှင့်မီးသွေးကို အသုံးပြုနေပြီး နေအိမ်အဆောက်အဦအတွက်လည်း သစ်နှင့်ဝါးကို အသုံးပြုနေကြရသဖြင့် သစ်တောများကို မှီခိုနေကြရသည်ကို တွေ့ရှိရကြောင်း၊

စိုက်ပျိုးရေးမြေများချဲ့ထွင်ခြင်း၊ မြို့ပြများတိုးချဲ့လာခြင်း၊ ထင်းလောင်စာလိုအပ်ချက်မြင့်မားလာခြင်း၊ သစ်အလွန်အကျွံထုတ်ခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း စသည့်အချက်များကြောင့် သစ်တောသယံဇာတများ လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့( FAO)၏ သစ်တောသယံဇာတဆန်းစစ်ချက်အစီရင်ခံစာ(FRA - 2015)အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂.၉၂% ရှိပြီး ၂၀၁၀ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြား နှစ်စဉ် သစ်တောပြုန်းတီးမှုနှုန်းသည် ၁.၇၂% ထိရှိခဲ့ပါကြောင်း၊

ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် ထင်း၊ လောင်စာအတွက် ကျေးရွာထင်းစိုက်ခင်းများလိုအပ်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်းကို ၁၉၈၁-၈၂ ခုနှစ်မှ စတင်၍ စုစုပေါင်းဧက လေးသိန်းခြောက်သောင်းကျော် (၄၆၁,၉၄၄) ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကျေးရွာထင်းစိုက်ခင်းများသည် ကျေးရွာများ ထင်းလောင်စာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး၊ ရေရှည်အကျိုးဖြစ်ထွန်းမည့်စိုက်ခင်းများလည်းဖြစ်ကြောင်း၊

အခြားတစ်ဖက်တွင်လည်း ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်ဖြစ်သည့် ထင်းလောင်စာနှင့် သစ်တောထွက်ပစ္စည်းများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို ၂၀၃၀ပြည့်နှစ်မှာ ဧရိယာဧက (၂.၂၇)သန်းအထိ တည်ထောင်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

၂၀၁၉ခုနှစ်၊ မေလ ပထမပတ်တွင် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Food Security Working Group-FSWG)နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံ၍ ကျေးရွာထင်းစိုက်ခင်း ဥပဒေ၊ နည်းဥပဒေအပေါ်၊ ခွဲခြမ်းစိတ်ဖြာမှုရလဒ်များ အပေါ်ပေါင်းစပ်၍ ဆွေးနွေးခဲ့ကြရာတွင် ပြဋ္ဌာန်းပြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေ၊ နည်းဥပဒေများအပေါ် ဖြည့်စွက်ပြင်ဆင် ပယ်ဖျက်သင့်သည့် အကြောင်းအရာများကို ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ချပြဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာထင်းစိုက်ခင်းဥပဒေနှင့် နည်းဥပဒေတွင် ပါဝင်သည့်အခန်းအရေအတွက်နှင့် အခန်းခေါင်းစဉ်များ၊ အခန်းတစ်ခန်းချင်းအလိုက် ဘုံတူညီသော အကြောင်းအရာများကို ဖော်ထုတ်ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊

အလုပ်ရုံဆွေးနွေးပွဲကို ပြည်သူလူထု၊ အစိုးရ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျေးရွာထင်းစိုက်ခင်း ဥပဒေ/ နည်းဥပဒေအပေါ် ခွဲခြမ်းစိတ်ဖြာမှုရလဒ်များအား အကျိုးဆက်စပ်ပတ်သက်သူများ သိရှိလာစေပြီး ခေတ်နှင့်လျော်ညီသည့် ကျေးရွာထင်းစိုက်ခင်း ဥပဒေ/နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များဖော်ထုတ်ခြင်းနှင့် ပြည်သူလူထုမှ ပိုမိုပူးပေါင်းပါဝင်လာစေရန် အခွင့်အလမ်းများ ထည့်သွင်းသွားနိုင်ရေးအတွက် အကြံပြုချက်များရရှိနိုင်ရန် ဆွေးနွေးအကြံပြုကြပါရန် တိုက်တွန်းပြောကြားသည်။

## သစ်တောကြေးမုံ

### သစ်တောမီးစီမံထိန်းချုပ်ခြင်း အာရှဒေသအဆင့်သင်တန်းဖွင့်လှစ်ခြင်း




အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (AFoCO) ၏ 'သစ်တောမီးစီမံထိန်းချုပ်ခြင်း' သင်တန်းဖွင့်ပွဲအခမ်းအနားကို (၂၄-၆-၂၀၁၉)ရက်နေ့၊ နံနက်(၉) နာရီ၌ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ အာရှဒေသ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုအဖွဲ့ လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (Asian Regional Education and Training Center/AFoCO RETC)တွင် ကျင်းပခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။

အမှာစကားပြောကြားရာတွင် အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC)သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ သစ်တောဦးစီးဌာန၊ သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာနဝန်းအတွင်းတည်ရှိပါကြောင်း၊ ကိုရီးယားသစ်တောဌာန၏ အကူအညီဖြင့် အဆိုပါ သင်တန်းကျောင်းကိုဆောက်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့ သင်တန်းကျောင်းအဆောက်အဦ ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ စီမံကိန်းကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံမှ အဓိကကူညီပံ့ပိုးလျက် မြန်မာနိုင်ငံသစ်တောဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ AFoCO Secretariat တို့ပူးပေါင်း၍ အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့(AFoCO)၏အဖွဲ့ဝင်နိုင်ငံများအတွက် သစ်တောကဏ္ဍဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်သည့် လေ့ကျင့်ပညာပေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသနလုပ်ငန်းများ၊ လေ့လာရေးခရီးစဉ်များကို သင်တန်းကျောင်းတွင် ၂၀၁၈ခုနှစ်မှ စတင်၍ စီစဉ်ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်တန်းကို (၁)သစ်တောမီးပညာရပ်ဆိုင်ရာ သစ်တောမီးလောင်ကျွမ်းခြင်းအလေ့အထများနှင့် သတင်းအချက်အလက်စနစ်များကို သိမြင်နားလည်မှုမြင့်တက်လာစေရန်၊ (၂)သစ်တောမီး စီမံထိန်းချုပ်ခြင်းနှင့် အကောင်းဆုံးမီးငြိမ်းသတ်ခြင်းနည်းစနစ်များကို လေ့လာသိရှိနိုင်ရန်၊ (၃) ခေတ်မီသည့် သစ်တောနည်းပညာများကိုအခြေခံ၍ သစ်တောကဏ္ဍဆိုင်ရာဝန်ထမ်းများ၏ ယူဆချက်/ သဘောတရားဆိုင်ရာအမြင်များကို အားကောင်းလာစေပြီး စွမ်းဆောင်ရည်များမြင့်တက်လာစေရန် ရည်ရွယ်လျက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် AFoCO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘူတန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ စင်ကာပူ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့မှ သင်တန်းသား (၂၂)ဦး တက်ရောက်လျက်ရှိပြီး ကိုရီးယားနှင့်ထိုင်းနိုင်ငံတို့မှ သစ်တောမီးပညာရပ်ဆိုင်ရာသင်တန်းဆရာများ၊ AFoCO Secretariat မှတာဝန်ရှိသူများ၊ အခြားဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ပြီး သင်တန်းကို ဇွန် ၂၄ ရက်မှ ၂၈ ရက်နေ့အထိ (၅)ရက်တာကျင်းပခဲ့ကြောင်းသိရှိရပါသည်။

### ဉယျာဉ်/ဘေးမဲ့တောများအတွင်း တောရိုင်းတိရစ္ဆာန်များနေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်း စီမံချက်တင်ပြခြင်းအစည်းအဝေးကျင်းပခြင်း



ဉယျာဉ်/ဘေးမဲ့တောများအတွင်း တောရိုင်းတိရစ္ဆာန်များနေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်တင်ပြခြင်း အစည်းအဝေးကို (၁၄-၆-၂၀၁၉)ရက်နေ့၊ နံနက်(၀၈း၃၀) နာရီအချိန်၌ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

အမှာစကားပြောကြားရာတွင် နိုင်ငံ၏ သဘာဝဂေဟစနစ်များနှင့် ယင်းတို့၏ဇီဝမျိုးစုံမျိုးကွဲများကို ပြန်လည်တိုးတက်ကောင်းမွန်လာစေရေး ထိရောက်သည့်စီမံအုပ်ချုပ်မှုများပြုလုပ်နိုင်ရန် သဘာဝထိန်းသိမ်းရေးနယ်မြေ(၁၉)ခုမှ ရေးဆွဲထားသည့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရေးတင်ပြချက်များအပေါ် သုံးသပ်အကြံပြုဆွေးနွေးပေးစေလိုကြောင်း၊

၂၀၂၁ မှ ၂၀၃၀ အထိကိုဂေဟစနစ် ပြန်လည်တည်ထောင်ခြင်းဆယ်စုနှစ် (UN Decade on Ecosystem Restoration 2021-2030)အဖြစ် ကုလသမဂ္ဂက သတ်မှတ်ကြေညာထားပြီးဖြစ်ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်ကိုရေးဆွဲဆောင်ရွက်ခြင်းသည် UN Decade on Ecosystem Restoration 2021-2030 တွင် အချိန်ကိုက်ပါဝင်ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊

UN Decade on Ecosystem Restoration အစီအစဉ်အရလက်ရှိအချိန်ကစတင်ပြီး ၂၀၃၀ ခုနှစ်မတိုင်မီ ပြုန်းတီးနေသည့်မြေဟက်တာသန်းပေါင်း(၃၅၀) အကျယ်အဝန်းရှိနေရင်းဒေသများကို ပြန်လည်ကုစားနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာသန်းပေါင်း ၉သိန်းခန့် တန်ဖိုးရှိဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းရာရောက်သည်ဟု ကုလသမဂ္ဂမှကြေညာထားကြောင်း၊မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan)အစီအစဉ်အရ မဏ္ဍိုင်(၃)တွင်ပါဝင်သည့် ပန်းတိုင်(၅)အစီအစဉ်ဖြစ်သည့်နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်တွင်ပါရှိသည့် မဟာဗျူဟာနှင့်လုပ်ငန်းစဉ်အချို့သည် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ထိထိရောက်ရောက်စီမံအုပ်ချုပ်မှုနှင့်တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊

ထို့အပြင် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC)သည်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုတွင် ထည့်သွင်းလျာထားနိုင်ရန်အတွက် Project Bank တွင် ထည့်သွင်းထားသည့် စီမံကိန်းများအနက် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ် ၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ (Re-establishing Natural Habitats Programme - RNH) ကို ဗျူဟာမြောက်စီမံကိန်းအဖြစ် ဦးစားပေးရွေးချယ်ခဲ့ပါကြောင်း၊

RNH သည် ဥယျာဉ်/ဘေးမဲ့တော (၁၉) ခု၏ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်တွေကို စုစည်းပြီးရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဦးစားပေးဗျူဟာမြောက် စီမံကိန်းလုပ်ငန်းဖြစ်သည်နှင့်အညီ လုပ်ငန်းအစီအစဉ် ပထမနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဥယျာဉ်/ဘေးမဲ့တော (၁၉)ခုတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက်ကြိုတင်ပြင်ဆင်ထားမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များအပေါ် အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားပါသည်။

## (World Giraffe Day) သစ်ကုလားအုတ်များနေ့ ကျင်းပခြင်း





၂၀၁၉ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့တွင် ကျရောက်သော သစ်ကုလားအုတ်များနေ့ (World Giraffe Day) ကို တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်တို့တွင် အောက်ပါအတိုင်းကျင်းပခဲ့ပါသည်။

(က) သစ်ကုလားအုတ်ပြကွက်များ၌ လာရောက်လည်ပတ်ကြည့်ရှုကြသော ပြည်သူလူထုများကို တိရစ္ဆာန်ထိန်းဝန်ထမ်းများမှ သစ်ကုလားအုတ်အကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်း။

(ခ) တိရစ္ဆာန်များကို အစာမဲ့အစာကျွေးခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်း။

(ဂ) မြဝတီရိုက်ကူးရေးအဖွဲ့မှ အင်တာဗျူးအမေး အဖြေပြုလုပ်ခြင်း။

(ဃ) အမှတ်တရလက်ဆောင်ပေးခြင်းတို့ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် (၇၄)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း



(၁၉–၆–၂၀၁၉)ရက်နေ့တွင်ကျရောက်သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများအား နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှဦးဆောင်၍လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအာဏာပိုင်အဖွဲ့များ၊ အစိုးရဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများက သစ်ပင်ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ်သစ်ပင်များကို နည်းလမ်း(၈)သွယ်ဖြစ်သည့် နိုင်ငံတော်ပိုင် စိုက်ခင်းတည်ထောင်ခြင်း၊ မိုးရာသီလူထုလှုပ်ရှားမှုဖြင့်စိုက်ပျိုးခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ စည်ပင်သာယာရေး ကော်မတီများ၏ အစီအစဉ်ဖြင့်စိုက်ပျိုးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့်စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၊ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းတို့ဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၄)ပြည့်နှစ် မွေးနေ့အထိမ်းအမှတ်အနေဖြင့် ကျွန်း၊ သစ်မာ၊ အရိပ်ရ၊ ပန်းအလှပင်များအပါအဝင် စုစုပေါင်း သစ်ပင်ပေါင်း(၃.၃၆)သန်း စိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။

## Mr. Shingo Onishi ဦးဆောင်သော Yangon Japanese School (YJS) မှ CFDTC သို့ လေ့လာရေးခရီးစဉ်

မှော်ဘီမြို့၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၊ သင်တန်းကျောင်းသို့ လာရောက်လေ့လာသော Mr. Shingo Onishi ဦးဆောင်၍ Yangon Japanese School (YJS) မှ ကျောင်းအုပ်ကြီးMr. Yukiyasu Osakabe နှင့်အတူ ဆရာ/ဆရာမ (၄)ဦး၊ ကျောင်းသား/ကျောင်းသူ(၁၇)ဦး စုစုပေါင်း(၂၂)ဦးအဖွဲ့သည် (၂၈–၆–၂၀၁၉)ရက်နေ့ နံနက်(၁၁)နာရီအချိန်တွင် သင်တန်းကျောင်းရှိ သစ်နမူနာပြခန်း၊ စာသင်ခန်း၊ ပုံဆွဲခန်း၊ စာကြည့်တိုက်၊ ကျွန်းတစ်သျှူးခန်း၊ သစ်ခွတစ်သျှူးခန်းတို့အား ကြည့်ရှုလေ့လာ၍ လေ့ကျင့်ရေးသစ်တောတွင် ဒိုချပ်ကင် သဘာဝမြေသြဇာပြုလုပ်ခြင်းအား လက်တွေ့ပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် (၂၉–၆–၂၀၁၉)ရက်နေ့၊ နံနက်(၈)နာရီတွင် CFDTCဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၏ သားငယ်သမီးငယ် ကျောင်းသား/ကျောင်းသူများနှင့်အတူ လေ့ကျင့်ရေးသစ်တောဝင်းအတွင်း သစ်မျိုးစုံ (၁၄၅၀)ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြပါသည်။







# တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိသတင်းများ

## မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်






ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ (၃၁–၅–၂၀၁၉)မှ (၃–၆–၂၀၁၉)ရက်နေ့အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် **မန္တလေးတိုင်းဒေသကြီး၊** မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး–ပြင်ဦးလွင် (အတက်၊ အလယ်ကားလမ်း)(၁၆)မိုင်စစ်ဆေးရေးစခန်းတွင် မော်တော်ယာဉ်အမှတ်(MDY 8I/3381)တပ်ဆင်ထားသောSuper Custom ယာဉ်ပေါ်မှ တရားမဝင်တမလန်း/ ပိတောက်ခွဲသား (၂၈)ချောင်း (၁.၀၂၈၄)တန်အား တရားခံ(၁)ဦးနှင့်လည်းကောင်း၊ **ချင်းပြည်နယ်၊** မင်းတပ်ခရိုင်၊ မတူပီမြို့နယ်၊ စန်ဘောင်ရပ်ကွက်၊စန်ဘောင်လမ်းဆုံတွင် မော်တော်ယာဉ်အမှတ် (N/2565) တပ်ဆင်ထားသော DUMP TRUCK (၆)ဘီး(မီးခိုးရောင်)ယာဉ်ပေါ်မှ တရားမဝင်သစ်ဖြူခွဲသား(၁၁၀)ချောင်း (၂.၅၃၆၈)တန်အား တရားခံ(၁)ဦးနှင့် လည်းကောင်း၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊**တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ (၁၈)မိုင် ကျေးရွာအနောက်ဘက်နေရာတွင် မော်တော်ယာဉ်အမှတ် (3C/5530)တပ်ဆင်ထားသော (၆)ဘီးယာဉ်ပေါ်မှ တရားမဝင် အင်ခွဲသား(၂၈၈)ချောင်း (၇.၅၇၃၈)တန်၊ တရားခံ(၁)ဦး ဖမ်းဆီးရမိခဲ့ပါသည်။

ထို့ပြင် **မကွေးတိုင်းဒေသကြီး၊** ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ကျောက်ထု–ဆောသွားကားလမ်း၊မိုင်တိုင်အမှတ်(၉/၃)နှင့် (၉/၄)ကြား၊ ကားလမ်း၏အနောက်ဘက် ချောင်းရိုးဘေးနေရာတွင် မော်တော်ယာဉ်အမှတ်(6B/8018) တပ်ဆင်ထားသော NISSAN Diesel (၁၀)ဘီး(အဖြူရောင်)ယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား(၁၀၇)ချောင်း (၁၀.၈၂၆၀)တန်အားလည်းကောင်း၊ **စစ်ကိုင်းတိုင်းဒေသကြီး၊**ကသာခရိုင်၊ထီးချိုင့်မြို့နယ်၊ပြင်တဲကြိုးဝိုင်း အကွက်အမှတ်(၆၉)အတွင်း တရားမဝင် သစ်စက်ဆက်စပ်ပစ္စည်းများ၊ဆိုင်ကယ်(၂)စီး၊တရားမဝင်ကျွန်း/တမလန်း/အင်/ကညင်/သတီသစ်/ခွဲသား(၂၉၃)လုံး/ ချောင်း (၁၂.၆၆၆၄)တန်အား လည်းကောင်း၊ ရွှေဘိုခရိုင်၊ကန့်ဘလူမြို့နယ်၊ကန့်ဘလူ–ရွာမကားလမ်း၊မယ်ဇလီကုန်းကျေးရွာ၏ တောင်ဘက်(၁)မိုင်ခန့်အကွာနေရာ၌ မော်တော်ယာဉ်အမှတ်မပါ (၆)ဘီး(ဖြူပြာကြား)ယာဉ်ပေါ်မှ တရားမဝင်အင်ခွဲသား (၂၃၃)ချောင်း (၇.၁၀၉၈)တန်အားလည်းကောင်း၊ ရေဦးမြို့နယ်၊ရွှေပြည်သာရပ်ကွက်၊မြို့အဝင်မောင်းတံဂိတ်၊ ရေဦး–တန့်ဆည်သွားကားလမ်းမပေါ်တွင် မော်တော်ယာဉ်အမှတ်(YGN 2K/1267)နှင့် မော်တော်ယာဉ်အမှတ်(YGN 1H/3021)တပ်ဆင်ထားသော TOYOTA Crown (အဖြူရောင်)ယာဉ်(၂)စီးတို့ပေါ်မှ တရားမဝင် တမလန်းခွဲသား (၄၁)ချောင်း (၁.၂၉၈၈)တန်အားလည်းကောင်း၊ **ဧရာဝတီတိုင်းဒေသကြီး၊** ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ မကျီးဇင်ချောင်းဘေး၊ပြန်တိုးချောင်းဝ၊ ကိုင်းသာချောင်းဝ၊ တံငါတောင်နေရာတို့မှ တရားမဝင်တောင်သရက်/ဘောင်ဆန့်ခွဲသား (၁၁၈)ချောင်း (၃၆.၂၈၂၄)တန်အားလည်းကောင်း၊ **ရန်ကုန်တိုင်းဒေသကြီး၊**မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁/၀)အနီးနေရာ၌ မော်တော်ယာဉ်အမှတ်(3D/6692)တပ်ဆင်ထားသော ALPHARD (အဖြူရောင်)ယာဉ်ပေါ်မှ တရားမဝင်ကျွန်းတံခါးချပ်(၁၀၅)ချပ် (၁.၇၀၇၀)တန်အားလည်းကောင်း၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)၊** ကျောက်မဲခရိုင်၊ သစ်ထုတ်ရေးကားလမ်းဟောင်းဘေး၊ မလွှပင်ချောင်းဘေးနေရာ၌ တရားမဝင်ပျဉ်းကတိုး/သစ်ယာ/အင်ကြင်းသစ် (၂၅)လုံး (၉.၉၀၄)တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။

### တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်

CMRS ဖြင့် သတင်းပေးပို့ချက်အရ (၁၉–၆–၂၀၁၉)မှ(၂၀–၆–၂၀၁၉)ရက်နေ့အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် **တနင်္သာရီတိုင်းဒေသကြီး၊** ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ထားဝယ်–ရေးကားလမ်း၊ ဇဟာကျေးရွာအနီး ထော်လာဂျီ(၂)စီးပေါ်မှ တရားမဝင် ကနစို/ဖွတ်မတက်

## သစ်တောကြေးမုံ





ခွဲသား(၂၂)ချောင်း၊ (၃. ၆၆၈၀)တန်အား တရားခံ(၃)ဦးနှင့် အတူဖမ်းဆီးရမိခဲ့ပါသည်။ ထို့ပြင် **မန္တလေးတိုင်းဒေသကြီး၊** ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ဧရာဝတီမြစ်ကမ်းအရှေ့ဘက်၊ ကုန်းတန်းကြီးကျေးရွာ အနောက်ဘက်အနီးတွင် တရားမဝင် ကျွန်းသစ်/ ခွဲသား(ဟောင်း) (၁၆၅)လုံး/ချောင်း၊(၄. ၃၁၃၆)တန်အားလည်းကောင်း၊ **ကချင်ပြည်နယ်၊** မြစ်ကြီးနားခရိုင်၊ မြစ်ကြီး နားမြို့နယ်၊ နောင်နန်းကျေးရွာအုပ်စု၊ လမြန်ကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် တရားမဝင် မအူ/ တောဖီး/ တော မယ်ဇလီ/လောက်ယား သစ်(၁၇)လုံး၊ (၁၂. ၃၈၂၀)တန်တို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

### မွန်ပြည်နယ်



CMRS ဖြင့် သတင်းပေးပို့ချက်အရ ၂၁-၆-၂၀၁၉ ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊စစ်ဆေးရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊သံလွင်မြစ်အတွင်း ဖားအောက်ချောင်းပေါက်ဝအနီးတွင် တိုးတက်ဝင်းနှင့် ရတနာမေအမည်ရှိ စက်လှေကြီး(၂)စီးနှင့် ကဲ့လှေ(၅)စီးတို့အား တရားမဝင် ပိတောက်ခွဲသား(၃၅၉)တန်နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ မှ မေလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁၇၆၇၁.၂၄၀၃ | |
| ၂ | သစ်မာ | တန် | ၇၃၀၅.၃၁၆၁ | |
| ၃ | အခြား | တန် | ၁၄၄၇၁.၈၄၆၀ | |
| | စုစုပေါင်း | | ၃၉၄၄၈.၄၀၂၄ | |
| ၄ | မီးသွေး | တန် | ၄၄၆၇.၈၁၄၂ | |
| ၅ | ကား | စီး | ၁၂၉၃ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၇ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၁၃၀ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၄၆၃ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၂၈၈ | |
| | စုစုပေါင်း | | ၂၁၈၁ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၄၈၉ | |

# တိုတိုထွာထွာ မှတ်စရာ–၁၇



တက္ကသိုလ်သာရတစ်ဦး

## မိုးလေဝသနှင့်ရာသီဥတု

မိုးလေဝသ(Weather)ဆိုသည်မှာ ဒေသတစ်ခုတွင် ဖြစ်ပေါ်နေသည့် မိုး၊လေ၊ အပူတို့၏အခြေအနေများဖြစ်သည်။ သိပ္ပံနည်းကျဆိုပါက–ဒေသတစ်ခု၌ လတ်တလောဖြစ်ပေါ်နေသော လေထု(Atmosphere)၏ အပူချိန်၊ ရေငွေ့ပါဝင်မှု(Relative Humidity-စိုထိုင်းဆ)၊ လေထုဖိအား (Atmospheric Pressure)၊ မိုးရွာသွန်းမှု၊ လေတိုက်နှုန်းစသည်တို့၏ အခြေအနေအရပ်ရပ်ကို ဖော်ပြခြင်းနှင့် ယင်းအချက်များကို အခြေခံကာ လာမည့်ရက်ပိုင်း(များသောအားဖြင့် တစ်ရက်နှစ်ရက်)အတွင်း ဖြစ်ပေါ်လာနိုင်မည့် အပူချိန်၊ မိုးရွာသွန်းမှု၊ မုန်တိုင်းဖြစ်ပေါ်မှုစသည့် အလားအလာများကို ခန့်မှန်းခြင်း(Weather Forecast)ဖြစ်သည်။ မိုးလေဝသအခြေအနေသည် မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းပြောင်းလဲနိုင်သည်။ (Weather is the condition of the atmosphere at a particular place over a short period of time. Short term variation in atmosphere can change within a few minutes or hours.)

နာဆာအဖွဲ့၏ Goddard Institute for Space Studies (GISS) က ကမ္ဘာ့အပူချိန်(Global Temperature) ကို ထုတ်ပြန်ရာတွင် ကမ္ဘာတစ်ဝန်း၌ရှိသော မိုးလေဝသစခန်း(Weather Station)ပေါင်း ၆၃၀၀မှတိုင်းတာရရှိသော အပူချိန်များကို အခြေခံထားခြင်းဖြစ်ကြောင်းသိရှိရသည်။ ယင်းစခန်းများသည် ကုန်းပိုင်း၊ ရေပိုင်းနှင့် ရေခဲပြင်များတွင်တည်ရှိကြသည်။

မိုးလေဝသပညာရှင်များ(Meteorologists) သည် လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများကို အခြေခံကာ လာမည့်ကာလတို(ရရက်မှ ၁၀ရက်ထက်ပို၍ မကြာသော)တစ်ခုအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသအခြေအနေများကို ခန့်မှန်း၍ ထုတ်ပြန်သူများဖြစ်သည်။ အချိန်တိုကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသအခြေအနေများကို ခန့်မှန်းထုတ်ဖော်သူကို Meterorologist– မိုးလေဝသပညာရှင်ဟု ခေါ်ဆိုသည်။(Meteorologist produce Forecast that are intended to predict weather conditions over the short term, often a horizon no longer than 7 to 10 days.)

ရာသီဥတု(Climate)ဆိုသည်မှာ ဒေသတစ်ခု၌ ကာလတစ်ခုအတွင်းဖြစ်ပေါ်ခဲ့သော မိုးလေဝသပုံစံများ(Weather Pattern)ကို အခြေခံကာ လာမည့်လများ၊ နှစ်များအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသအခြေအနေများကို ခန့်မှန်းခြင်းဖြစ်သည်။ ဥပမာ– လာမည့်နှစ်များတွင် မြန်မာနိုင်ငံ အလယ်ပိုင်း၌ အပူချိန်များမြင့်တက်နိုင်သည်။ မိုးရွာသွန်းမှုနည်းနိုင်သည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းတိုက်ခိုက်မှုပို၍များနိုင်သည်။ ဤသို့ ခန့်မှန်းရာတွင် ခိုင်မာသောပျမ်းမျှတန်ဖိုးများရရှိရန် လုံလောက်သည့် ကာလရှိရမည်ဖြစ်သည်။(Climate refers to the weather pattern, using statistical data, of a place over a long enough period to yield meaningful averages.)

ရာသီဥတုပညာရှင် (Climatologist)များသည် ကာလရှည်ကြာစွာဖြစ်ပေါ်ခဲ့သော ရာသီဥတုပုံစံများနှင့် လက်ရှိရာသီဥတုအခြေအနေများကို လေ့လာဆန်းစစ်ပြီး လာမည့်ကာလ(နှစ်များ)တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများကို ပုံစံ(Model)များဖော်ထုတ်ပြီး ခန့်မှန်းသူများဖြစ်ကြသည်။ (Climatologists also known as climate scientists study current and historical weather conditions to project long- term trends. They are more interested in long- term climate conditions)

Meteorology သည် မိုးလေဝသကို လေ့လာသောပညာရပ်ဖြစ်ပြီး Climatology သည် ရာသီဥတုကို လေ့လာသောပညာရပ်ဖြစ်သည်။ ဤပညာရပ်နှစ်ခုလုံးသည် လေထုဆိုင်ရာသိပ္ပံပညာရပ်များ(Atmospheric Sciences) ဖြစ်ကြသည်။

Weather နှင့် Climate ဝေါဟာရများ၏ မြန်မာအခေါ်အဝေါ်များကို 'တက္ကသိုလ်များ စာအုပ်ပြုစု ထုတ်ဝေရေးကော်မတီ' ကထုတ်ဝေခဲ့သော 'ပညာရပ်ဝေါဟာရများ' စာအုပ်များတွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

Weather – မိုးလေဝသ

Weather report – မိုးလေဝသထုတ်ပြန်ချက် (စာစဉ် ၁၃၄–၁၉၇၄ ဇူလိုင်)

Climate – ရာသီဥတု(စာစဉ် ၈၅–မေ၊ ၁၉၇၂)

Climate နှင့်ဆင်တူသည့် ဝေါဟာရမှာ–Season ဖြစ်သည်။ Seasonကို မြန်မာစာအဖွဲ့က ထုတ်ဝေသော အင်္ဂလိပ်–မြန်မာအဘိဓာန်တွင် -

**Season-n**

၁။ ဥတု။ ရာသီ (ဥတုလေးပါး– နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း)။the dry/ rainy season. the cycle of the seasons.

၂။(က)ရာသီ။ the football/baseball/ flat-racing season. ဘောလုံးရာသီ the growing/ breeding season. စိုက်ပျိုးရာသီ/သားပေါက်ရာသီ

(ခ)ကပွဲ၊ပြဇာတ်၊ ရုပ်ရှင်တစ်မျိုးမျိုးဆက်တိုက်ပြသော ရာသီ။

ထို့ပြင် မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသော 'မြန်မာအဘိဓာန်'တွင် မိုးလေဝသ၊ ရာသီနှင့် ဥတုတို့၏ အနက်အဓိပ္ပါယ်အသီးသီးကို အောက်ပါအတိုင်းဖွင့်ဆိုထား ပါသည်။

**မိုးလေဝသ**၊န– အပူ၊ အအေး၊ လေ၊ မိုးစသော သဘာဝ အခြေအနေအရပ်
(မြန်၊ မိုး+လေ+ပါ၊ ဝဿ)
(မြန်–မြန်မာ။ ပါ–ပါဠိ။ ဝဿ–မိုယ်း၊ နှစ်၊ ဝါ။–စာရေးသူ)

**ရာသီ** –
(၁) တန်ခူး၊ကဆုန်စသော တစ်လ ကာလအပိုင်းအခြား။ ဆယ့်နှစ်ရာသီ
(၂) နွေ၊ မိုး၊ ဆောင်းဟူသောကာလ သုံးပိုင်း
(၃) နှစ်ကာလ
(၄) အရွယ်ရောက်သည့် မိန်းမတွင် လစဉ်မှန်မှန်ဖြစ်ပေါ်သောသွေး၊ဓမ္မတာသွေး

**ဥတု** –
(၁) တစ်နှစ်ကို သုံးပိုင်းပိုင်းခြား၍ သတ်မှတ်သောနွေ၊ မိုး၊ ဆောင်းဟူသော ကာလ။
(၂)လေ မိုးစသော သဘာဝအခြေအနေ
(၃) ရာသီသွေး၊ ဓမ္မတာသွေး

၎င်းပြင် အဆိုပါ အဘိဓာန်စာအုပ်၌ပင် 'ဆယ့်နှစ်ရာသီအရုပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ဗေဒယားတွင်– တန်ခူးလကို မိဿရာသီ၊ ကဆုန်လကို ပြိဿရာသီ၊ နယုန်လကို မေထုန်ရာသီ၊.....၊တပေါင်းလကို မိန်ရာသီဟု ဖော်ပြထား ပါသည်။

**ကိုးကားသည့်အထောက်အထားများ**

–Weather and Climate. https:// en.m.wikipedia
–Climatologist Vs.Meterologist.https://work.chron.com
–ပညာရပ်ဝေါဟာရများ၊ စာစဉ်၈၅၊ ၁၉၇၂မေလနှင့် စာစဉ် ၁၃၄၊ ၁၉၇၄ဇူလိုင်လ။ တက္ကသိုလ်များ စာအုပ်ပြုစုထုတ်ဝေရေး ကော်မတီ၊ အထက်တန်းပညာဦးစီးဌာန။
–မြန်မာအဘိဓာန်၊ ဒုတိယအကြိမ်၊ ၂၀၀၈ဩဂုတ်လ၊ မြန်မာစာအဖွဲ့ဦးစီးဌာန။
–အင်္ဂလိပ်– မြန်မာအဘိဓာန်၊ English -Myanmar Dictionary။ ဆဋ္ဌမအကြိမ်၊ ၂၀၀၇ခုနှစ်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

# လက်တွဲတူထိန်း တောတွေစိမ်း



နွေရဲ့ နေ၊ သေအောင်ပူ
ဆူလောင်ရေ၊ ကြွေရွက်ဟောင်း
ညောင်းလေပြီ။

လတန်ခူး ဖူးပုရစ်၊
သစ်တောတွေ ဝေစည်စိမ်း
ထိန်းကြမည်၊ ပြည်သူနှင့်။

နွေထနောင်း
ဆောင်းမကျည်း
သီးရှားသန်း
ထန်းဒဟတ်
ပတ်ဝန်းကျင် ရှင်သန်ဖို့
တို့ထိန်းစို့။

အညာက တမာတန်း
လန်းဆန်းဝေ
နွေပူထဲ
မြဲသစ္စာ ဝါဝိတောက်
ပျောက်တော့မယ်
ဘယ်သူကြောင့် ။

နားရွက်တို
ချိုမပါ
စာနာကင်း ပျင်းသူများ
ပွားများလေ ရေမြေပျောက်
ခြောက်သွေ့တော
မောနေပြီ
ပြည်သူက တူလက်တွဲ
မြဲအောင်ထိန်း
စိမ်းစေနည်း။



မုံရွာ ချစ်သန်းထွန်း (ဓေတ္တစိမ်းစို)

# ဟဲ– –ဟဲ– ဒါလေးများ – – (၁၆)

သီရိတင်(သစ်တော)

## ' မင်္ဂလာပါ မြေးလေးရေ '





ဒီတစ်ပတ်တော့ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၊ တတိယ(၄)နှစ်တာကာလအကြောင်း ပြောပြဖို့ အလှည့်ကျလာပြီပေါ့။ ပထမ(၄)နှစ်တာကာလနဲ့ ဒုတိယ(၄)နှစ်တာကာလတို့မှာတော့ ပြည်ပရေနံကုမ္ပဏီတွေဖြစ်တဲ့ မုတ္တမဓါတ်ငွေ့ပို့ဆောင်ရေးကုမ္ပဏီ (Mottama Gas Transportation Co.MGTC) နဲ့ တနင်္သာရီပိုက်လိုင်းကုမ္ပဏီ(Taninthayi Pipeline Co.-TPC)တွေက မိခင်သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းပြီး တီအင်အာစီမံကိန်း (TNRP)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတယ်။ ခု–ဒီတတိယ(၄)နှစ်တာကာလမှာတော့ အဲဒီ MGTC နဲ့ TPC ကုမ္ပဏီနှစ်ခုအပြင် – ပြည်ပရေနံကုမ္ပဏီတစ်ခုဖြစ်တဲ့ အန်ဒမန်ပို့ဆောင်ရေးလီမိတက် (Andaman Transportation Limited - ATL)ပါ ပါဝင်ပေါင်းဖက်လာခဲ့တယ်။ အဲဒီရေနံကုမ္ပဏီ(၃)ခုနဲ့ မိခင်သစ်တောဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြတယ်။ ဒီတတိယ (၄)နှစ်တာကာလမှာတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း(၁၇)မျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တယ်။

တီအင်အာစီမံကိန်းဧရိယာမှာ ဇီဝမျိုးစုံမျိုးကွဲတွေ ပေါများကြွယ်ဝလှပါတယ်၊ အဲဒီကြွယ်ဝမှုကို လျော့ပါးပျောက်ပျက်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာပါ။ ဒေသခံပြည်သူတွေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းလမ်းနဲ့ သစ်ပင်သစ်တော ချစ်ခင်မြတ်နိုးတဲ့စိတ်ဓါတ်တွေ တိုးပွားကြီးထွားများပြားလာအောင်၊ သစ်ပင်စိုက်တဲ့လုပ်ငန်း၊ သစ်ထုတ်လုပ်မှုကိုထိန်းသိမ်းတဲ့လုပ်ငန်း သစ်ခိုးထုတ်မှု၊ ငါးခိုးဖမ်းမှု၊ သားရိုင်းတိရစ္ဆာန်တွေ ပစ်ခတ်ဖမ်းဆီးမှု၊ အမဲလိုက်မှုတွေ တားဆီးကာကွယ်ထိန်းချုပ်ခြင်း၊ ဒေသခံတွေကိုအသိပညာပေးခြင်းစတဲ့ အခြေခံသစ်တောလုပ်ငန်းတွေများပါတယ်။ အဲဒီလုပ်ငန်းတွေကို မြေးလေးတို့သစ်တောဝန်ထမ်းတွေက၊ ဒေသခံတွေကိုလမ်းညွှန်ပြသဦးဆောင်ဦးရွက်ပြုလို့ အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်တယ်။ တီအင်အာ ဧရိယာကနယ်စပ်ဒေသနဲ့ နီးကပ်နေတော့၊ လုံခြုံရေးလည်း အရေးကြီးလှပါတယ်။ ပြီးတော့ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းတွေနေတဲ့နေရာတွေနဲ့ ဆက်စပ်နေတော့ သူတို့တွေနဲ့ ညှိနှိုင်းဆွေးနွေးခြင်းတွေကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ဖို့ အထူးလိုအပ်ပါသည်။

''ဟဲ–– ဟဲ–– ဒါလေးများ''မှာ မေးတဲ့မေးခွန်းတွေက သစ်တောဝေါဟာရတွေ သစ်တောအသုံးအနှုန်းတွေနဲ့ သစ်တောလုပ်ငန်းတွေနဲ့ ဆက်စပ်ပတ်သက်တာများပါတယ်။ မှတ်သားရခက်ခဲတဲ့ ကိန်းဂဏန်းကြီးတွေမပါပါဘူး။ မြေးလေးတို့ သစ်တောဝန်ထမ်းတွေ သိသင့်သိထိုက်တဲ့ သစ်တောဝေါဟာရ၊ သစ်တောဗဟုသုတ၊ သစ်တောလုပ်ငန်း၊ ဒေသခံတွေနဲ့ ဆက်စပ်မှုတွေကိုသာ ဦးစားပေးမေးတာပါ။ အမေးနဲ့အဖြေမှန်ပေါင်းစပ်လိုက်ရင် စီမံကိန်းကာလ အကြောင်းအရာမှတ်စုတိုလေး အကျဉ်းချုပ်လေးရစေချင်တာပါ။

''အားလုံးကို –သတိရနေတဲ့'
ဖိုးဖိုး

''ကျေးဇူးတင်လွှာ''

ဤစာစုဖြစ်မြောက်ရန် ''တီအင်အာ စီမံကိန်း တတိယလေးနှစ်တာကာလ အကြောင်းအရာများ''ကို ဝေမျှခြင်းဖြင့် အကူအညီပေးသော စီမံကိန်းညွှန်ကြားရေးမှူး ''ဦးအောင်သူ–၁''အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။






**အောက်ဖော်ပြပါ ကွက်လပ်များကိုဖြည့်ရန်နှင့် အမှန်ကိုရွေးချယ်ရန် ။**

**ကွက်လပ်တစ်ခုအဖြေမှန်လျှင် (၂)မှတ်ဖြစ်သည်။ ကွက်လပ်စုစုပေါင်း (၅၀)ခုအတွက် ပေးမှတ်စုစုပေါင်း (၁၀၀)ဖြစ်သည်။**

၁။ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ တတိယ(၄)နှစ်တာကာလကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း စီမံကိန်းလုပ်ငန်း (က) (၁၅)မျိုး / (၁၆)မျိုး/ (၁၇)မျိုး အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

၂။ အဆိုပါလုပ်ငန်းများမှာ၊ စီးပွားဖြစ်အမဲလိုက်ခြင်းကို ထိန်းချုပ်ခြင်း၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများစီးပွားဖြစ်ထုတ်လုပ်ခြင်းကို ထိန်းချုပ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးလုပ်ကိုင်မှုကို ထိန်းချုပ်ခြင်း၊ ဥပဒေစိုးမိုးခြင်းလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ ဇီဝဗေဒဆိုင်ရာ သုတေသနစာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်ပညာပေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများထိရောက်အောင်မြင်ရေးအတွက် ဒေသခံအဖွဲ့အစည်းများ (က) ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဝမ်းစာအတွက် အမဲလိုက်ခြင်းအားထိန်းချုပ်ခြင်း၊ တောမီးလောင်ခြင်းကို ကာကွယ်ထိန်းချုပ်ခြင်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ မိမိသုံးအတွက် ထုတ်ယူမှုကို ထိန်းချုပ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အဦ (ခ) လုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ပျက်စီးမှု လျော့နည်းစေရန်ဆောင်ရွက်ခြင်း၊ ကြိုးဝိုင်းအတွင်း ကျူးကျော်မှုကို ထိန်းချုပ်ခြင်း၊ အာမခံထိန်းသိမ်းရေးနယ်မြေအတွင်း (ဂ) ငါးဖမ်းခြင်းကို ထိန်းချုပ်ခြင်းနှင့်၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့ဖြစ်သည်။

၃။ တီအင်အာစီမံကိန်း၏ တတိယ(၄)နှစ်တာကာလအတွင်း၊ မုတ္တမဓါတ်ငွေ့ ပို့ဆောင်ရေးကုမ္ပဏီ (MGTC) တနင်္သာရီပိုက်လိုင်းကုမ္ပဏီ(TPC) တို့အပြင်၊ (က) တို့သည် မိခင်သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၄။ ထိုင်းနိုင်ငံမှ ဆင်ကျားဖမ်းဆီးသည့် မုဆိုးများ တီအင်အာစီမံကိန်းဧရိယာအတွင်းဝင်ရောက်အမဲလိုက်သည်ဟု သတင်းအချက်အလက်များရရှိခြင်း၊ လမ်းဘေးအချို့နေရာတွင် Himalian Black Bear ဖမ်းဆီးသည့် လက္ခဏာများတွေ့ရှိရခြင်း၊ ဘန်အီတောင်ဒေသ၊ ကလိန်အောင်မြို့နှင့် ကံပေါက်ကျေးရွာအုပ်စုများတွင် တိရစ္ဆာန်တောကောင်သားများ ချက်ပြုတ်စားသောက်လေ့ရှိခြင်း။ အမဲလိုက်မုဆိုးများ၏ ဓါတ်ပုံမှတ်တမ်းများ၊ မကြာခဏမှတ်တမ်းတင်ရိုက်ယူရရှိခြင်းတို့မှာ ဇီဝမျိုးစုံမျိုးကွဲများ (က) အတွက်၊ အဓိကခြိမ်းခြောက်မှုတစ်ခုဖြစ်နေသည်။

၅။ အဆိုပါခြိမ်းခြောက်မှုကို လျော့နည်းပပျောက်စေရန်၊ စီးပွားဖြစ်အမဲလိုက်ရာတွင်အသုံးပြုသည့် လေး၊ မြား၊ တူးမီးသေနတ်များကို၊ ထိန်းချုပ်နိုင်ရေး၊ (က) နှင့် ကြီးကြပ်စစ်ဆေးခြင်း (၄၆) ကြိမ် ဆောင်ရွက်ခဲ့သည်။ ဒေသခံပြည်သူများမှ၊ ၎င်းတို့သဘောဆန္ဒအလျောက် တူမီးသေနတ်(၂၀၄)လက် လာရောက်အပ်နှံခဲ့သည်။

အဆိုပါသေနတ်များကို ၇-၁၂-၂၀၁၅ ရက်နေ့တွင် မိခင်သစ်တောဦးစီးဌာနမှ (ခ) ဝန်ကြီးဌာနသို့ တရားဝင်အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်။

၆။ ထို့ပြင် အမဲလိုက်ရာတွင်အသုံးပြုသည့် (က) ထောင်ချောက် (၁၉၈)ခုနှင့် (ခ) ထောင်ချောက်(၄၅)ခုတို့အား ရှာဖွေဖျက်ဆီးနိုင်ခဲ့သည်။

၇။ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ မှောင်ခိုရောင်းဝယ်ဖောက်ကားခြင်း မဖြစ်ပေါ်စေရေးအတွက်၊ စီမံကိန်းဒေသအတွင်းရှိ ကျေးရွာစားသောက်ဆိုင်များ၊ ဈေးများနှင့်အခြားသံသယရှိသည့်နေရာများတွင် (က) ကင်းလှည့်စစ်ဆေးခြင်းနှင့် ထားဝယ်မြစ်ကူးတံတားထိပ်တွင် ပိတ်ဆို့စစ်ဆေးခြင်း(၇၆)ကြိမ်ကို ဒေသခံ (ခ) နှင့် အုပ်ချုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

၈။ တောရိုင်းတိရစ္ဆာန်များနှင့် ဆက်စပ်သဘာဝပတ်ဝန်းကျင်များ၏တန်ဖိုးများကို နားလည်သဘောပေါက်စေရန်၊ အသိပညာပေးဟောပြောခြင်း (၅၉)ကြိမ်၊ အသိပညာရေး (က) ဆိုင်းဘုတ် (၇၂)ခုစိုက်ထူခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း (၁၅)ခုအား အကောက်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

၉။ မြန်မာထိုင်းနယ်စပ် ဒေသကိုကျော်ဖြတ်၍၊ တီအင်အာဒေသအတွင်း စီးပွားဖြစ်အမဲလိုက်ခြင်းများ မဖြစ်ပေါ်စေရန်နှင့် တိရစ္ဆာန်အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်း မဖြစ်ပေါ်စေရန် (က) တပ်ဖွဲ့နှင့်ပူးပေါင်း၍ ထိုင်း၊ မြန်မာနယ်စပ်ဒေသများတွင် (ခ) ကြီးကြပ်စစ်ဆေး (၆)ကြိမ်ဆောင်ရွက်နိုင်ခဲ့သည်။

၁၀။ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူခြင်းကို တားဆီးထိန်းချုပ်ရန်၊ စီမံချက်များ စနစ်တကျရေးဆွဲ၍ (က) ကို (၂၉၃)ကြိမ်ဆောင်ရွက်နိုင်ခဲ့သည်။

၁၁။ ထို့ပြင် ဒေသခံပြည်သူများနှင့် (က) ညှိနှိုင်းခြင်းလုပ်ငန်းအကြိမ်(၂၀)နှင့် သတင်းမီဒီယာများမှတစ်ဆင့် (ခ) လုပ်ငန်း(၁၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

၁၂။ တရားမဝင်သစ်ခိုးယူခြင်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ရောက်နေထိုင်မှုကို စောင့်ကြည့်လေ့လာခြင်းနှင့် ထိန်းချုပ်ခြင်းများဆောင်ရွက်နိုင်ရန် (က) (SMART) ကင်းလှည့်ထိန်းသိမ်းခြင်းစနစ်ကို ဤစီမံကိန်းကာလတွင် စတင်အသုံးပြုနိုင်ခဲ့သည်။

၁၃။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို နားလည်သဘောပေါက်စေရန် ဒေသခံပြည်သူများအား (က) ဟောပြောခြင်း(၁၀၇)ကြိမ်၊ CF တည်ထောင်ခြင်း/ ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း(၄၁)ကြိမ်နှင့် (ခ) ကြီးကြပ်စစ်ဆေးခြင်း(၇၂)ကြိမ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

၁၄။ (က) ပပျောက်ရေးနည်းလမ်းတစ်ခုအဖြစ် CF တည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ စီမံကိန်းကျေးရွာ(၆)ရွာတွင်၊ CF သစ်တော (၇)ခုတည်ထောင်နိုင်ခဲ့သည်။

၁၅။ စီမံကိန်းဒေသရှိ ကျေးရွာ(၁၀)ရွာမှ CF သစ်တောအသုံးပြုသူများအဖွဲ့(၁၂)ဖွဲ့အား၊ သစ်မာပျိုးပင် (၂၈၀၀၀)ပင်နှင့် ဝင်ငွေတိုးသီးပင်စားပင်(၂၀၀၀၀)တို့အား ဖြန့်ဝေပေးအပ်ခြင်းအပြင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် (က) ၅၅၀,၀၀,၀၀၀/-(ကျပ်သိန်းငါးရာငါးဆယ်တိတိ) ထောက်ပံ့ပေးနိုင်ခဲ့သည်။

၁၆။ ဒေသရင်းသစ်မျိုး ပျိုးပင်(၂၀၈,၅၅၄)ပင်အား တောပျက်နေရာများတွင် (က) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

၁၇။ ရွှေ့ပြောင်းတောင်ယာအသစ် တိုးချဲ့စိုက်ပျိုးမှုမရှိစေရန် အထူးရည်ရွယ်၍ တီအင်အာ (က) သည် ရေဖြူမြို့နယ် သစ်တောဦးစီးဌာန၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ကင်းလှည့်ထိန်းချုပ်ခြင်း(၁၆၅)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

၁၈။ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများသိရှိလာစေရန်နှင့် သစ်ပင်စိုက်ပျိုးသည့် အလေ့အကျင့် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မိုးရာသီ (က) (၁၁)ကြိမ် ကျင်းပနိုင်ခဲ့သည်။

၁၉။ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် သဘာဝတောများအပေါ်

မှီခိုမှုလျော့နည်းလာစေရန် ဒေသခံပြည်သူများ၏ (က) (၂)ကြိမ်ကောက်ယူနိုင်ခဲ့ပြီး၊ ရရှိသည့်အချက်အလက်များကိုအခြေခံ၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အထောက်အကူပြုစေမည့် သင်တန်း(၁၃)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။

၂၀။ ဥပဒေ (က) ထိရောက်အောင်မြင်စေရန်၊ ကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက်၊ တီအင်အာဝန်ထမ်းများအား ကွန်ပျူတာအသုံးပြု SMART Database ဆိုင်ရာသင်တန်း (၇)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။

၂၁။ တတိယ(၄)နှစ်တာကာလအတွင်း၊ ဆေးဖက်ဝင်အပင်မျိုးစိတ်များ စာရင်းကောက်လေ့လာခြင်း (Medical Plant Survey)၊ ကြိမ်မျိုးစိတ်များစာရင်းကောက်လေ့လာခြင်း(Rattan Survey)၊ သစ်ခွမျိုးစိတ်များစာရင်းကောက်လေ့လာခြင်း(Orchid Survey)၊ အကြီးစားနို့တိုက်သတ္တဝါများစာရင်းကောက်လေ့လာခြင်း(Large Mammal Survey) နှင့် တနသ်ာရီမျောက်ညိုစာရင်းကောက်လေ့လာခြင်း (က) လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

၂၂။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးများကို သိမြင်နားလည်ပြီး ပူးပေါင်းပါဝင်လာစေရန် (က) ဟောပြောပွဲများကျင်းပခြင်း၊ ပြခန်းများခင်းကျင်းပြသခြင်း အကြိမ်(၄၀)နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် (ခ) ထိန်းသိမ်းရေးပညာပေးဟောပြောခြင်း(၆)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

၂၃။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် လွယ်ကူစွာနားလည် သဘောပေါက်စေရန် လက်ကမ်းစာစောင် (၃၂၃၉)စောင်အား (က)၊ (ခ)၊ (ဂ) ဘာသာစကားတို့ဖြင့် ပုံနှိပ်ဖြန့်ဝေခဲ့သည်။ ထို့ပြင် (ဃ) ဆောင်ပုဒ်များထည့်သွင်းဖော်ပြထားရှိသော ကျောင်းသုံးဗလာစာအုပ်(၁၄၀၀)ကို ဖြန့်ဝေပေးနိုင်ခဲ့သည်။

၂၄။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများစနစ်တကျ ထုတ်ယူစုဆောင်း၍ (က) ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအတွက် ဝါး/ကြိမ်ရက်လုပ်ခြင်း (ခ) သင်တန်း(၆)ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။

၂၅။ ကင်းလှည့်စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း လုပ်ငန်းများကို စိတ်ပါဝင်စားသူ ဒေသခံပြည်သူများအား နေ့စားပုတ်ပြတ်အဖြစ်ခေါ်ယူ၍၊ လိုအပ်သည်များကို သင်ကြားပြသပေးပြီး၊ ထိုအထဲမှ အရည်အချင်းပြည့်မီသူများအား (က) ဝန်ထမ်းအဖြစ် ခန့်အပ်နိုင်ခဲ့သည်။

၂၆။ ပြည်တွင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ထမံသီဘေးမဲ့တော၊ လောကနန္ဒာဘေးမဲ့တောနှင့် မင်းစုံတောင်ဘေးမဲ့တောများသို့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်လေ့လာခြင်းဖြင့်၊ စွမ်းဆောင်ရည်တိုးမြှင့်လာစေရန် ရည်ရွယ်၍ စီမံကိန်းဝန်ထမ်းများအား (က) လေ့လာရေးခရီးစဉ် (၂)ကြိမ် စေလွှတ်နိုင်ခဲ့သည်။

၂၇။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ သဘာဝအမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများသို့ (က) လေ့လာရေးခရီးစဉ် (၂) ကြိမ် စေလွှတ်နိုင်ခဲ့သည်။

၂၈။ တီအင်အာကြိုးဝိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် Wildlife Conservation Society-WCS (Myanmar) တို့ပူးပေါင်း၍ တိုးချဲ့ပညာပေးရေးနှင့် ကင်းလှည့်စစ်ဆေးခြင်း စွမ်းဆောင်ရည်မြှင့်သင်တန်း (၁၈) ကြိမ်၊ SMART Database Mapping သင်တန်း(၁၂)ကြိမ်၊ SMART Database အဆင့်မြင့် အသုံးပြုနည်းသင်တန်း(၄)ကြိမ်၊ တောရိုင်းတိရစ္ဆာန်စာရင်း ကောက်ယူခြင်း(၁၀)ကြိမ်၊ ဥပဒေစိုးမိုးရေးဆိုင်ရာသင်တန်း (၉) ကြိမ်၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ လေ့လာစာရင်းကောက်ယူခြင်းသင်တန်း (၁) ကြိမ်၊ ဒေသခံပြည်သူအခြေပြု သဘာဝသယံဇာတစီမံ အုပ်ချုပ်မှုဆိုင်ရာသင်တန်း(၉)ကြိမ်၊ GIS နှင့် Microsoft Excel အသုံးပြုနည်းသင်တန်း (၃) ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ ထို့ပြင် (က) နှင့်ပူးပေါင်း၍ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ လေ့လာစာရင်းကောက်ယူခြင်း သင်တန်း(၁) ကြိမ်နှင့် ပြဿနာဖြေရှင်းပေးမှု စွမ်းရည်မြင့်မားလာစေရေး လေ့ကျင့်သင်ကြားပေးခြင်း (၁) ကြိမ်တို့ကို ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။

၂၉။ တီအင်အာကြိုးဝိုင်းစီမံအုပ်ချုပ်မှုအဖွဲ့၏အစီအစဉ်ဖြင့် တောမီးလောင်ကျွမ်းနိုင်ခြေရှိသော ဒေသများအား သတင်းထုတ်ပြန်ပြီး မီးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ဂြိုဟ်တုဓါတ်ပုံ (က)နည်းပညာ အသုံးပြုနည်းသင်တန်း(၁၁)ကြိမ် ဖွင့်လှစ်နိုင်ခဲ့သည်။

၃၀။ တောမီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရန် အသိပညာပေးခြင်းနှင့် (က) ဆိုင်းဘုတ်များစိုက်ထူခြင်း(၃၇)ကြိမ်နှင့် (၁၃.၅၅)မိုင်အရှည်ရှိ (ခ) ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

၃၁။ တီအင်အာသဘာဝကြိုးဝိုင်းနယ်မြေလုံခြုံရေးအတွက် (က) နယ်နိမိတ်သတ်မှတ်ခြင်း(၁၅)မိုင်နှင့် (ခ) နယ်နိမိတ်သတ်မှတ်ခြင်း(၄၉.၃)မိုင်၊ ဘုတ်တိုင်ပေါင်း(၁၁၀)ပြင်ဆင်ခြင်း၊ ဘုတ်တိုင်(၁၇၉)တိုင် ပတ်ဝန်းကျင်ချုံနွယ်ပေါင်းရှင်းလင်းခြင်းနှင့် (၁၅၆.၉၅)မိုင်အကွာအဝေးရှိသော စစ်ဆေးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

၃၂။ မိချောင်းလှောင်စခန်းခွဲတွင် အစည်းအဝေးခန်းမ(၁)ခု၊ ဓါတ်ခွဲခန်း(၁)ခုနှင့် (က) ဥယျာဉ်(၁)ခုနှင့် နှစ်ခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး ဆောက်လုပ်နိုင်ခဲ့သည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းတွင်အသံစနစ်ထိန်းချုပ်ရေး အခန်းငယ်(Audio room)တစ်ခု တိုးချဲ့ဆောက်လုပ်နိုင်ခဲ့သည်။

၃၃။ ထို့ပြင် ဂန့်ဂေါ်တောင်ကျေးရွာတွင် စီမံကိန်းညွှန်ကြားရေးမှူး နေအိမ်(၁)လုံးနှင့် (က) ဝန်ထမ်း အိမ်ရာ(၂)လုံးတို့ကို တိုးချဲ့ဆောက်လုပ်နိုင်ခဲ့သည်။

၃၄။ တီအင်အာစီမံကိန်း၏ အာမခံထိန်းသိမ်းရေးနယ်မြေအတွင်း၊ ငါးဖမ်းခြင်းလုပ်ငန်းကို လုံးဝကာကွယ်တားဆီးထားကြောင်း ဒေသခံများသိရှိနိုင်စေရန် (က) ဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများကျင်းပပြီး တားဆီးကာကွယ်ရေးညှိနှိုင်းဆွေးနွေးခြင်း(၆)ကြိမ်၊ ကင်းလှည့်စစ်ဆေးခြင်း(၅၁)ကြိမ်နှင့် ငါးဖမ်းကိရိယာများရှာဖွေဖျက်ဆီးခြင်း (၄၈)ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

၃၅။ တီအင်အာစီမံကိန်းဧရိယာနှင့် ဆက်စပ်လျက်ရှိသော ဒေသခံတိုင်းသားအဖွဲ့အစည်းများ စိုးမိုးသောနယ်မြေများတွင် တရားမဝင်အမဲလိုက်ခြင်း၊ သစ်ထုတ်ခြင်းများမရှိစေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သတင်းအချက်အလက်ကောက်ယူစုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် (က) အဖွဲ့အစည်းအများနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။

## ရာသီဥတုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုများ

ရာသီဥတုပြောင်းလဲခြင်းသည် မြန်မာနိုင်ငံ၌ အဓိကကဏ္ဍငါးခုတွင် အကျိုးသက်ရောက်စေပါသည်။ ၄င်းတို့မှာ–

(၁) စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းကြောင့် စားနပ်ရိက္ခာမလုံလောက်မှု ဖြစ်ပေါ်စေသည်။

(၂) သစ်တောပြုန်းတီးခြင်းကြောင့် ထိုသစ်တောအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ နားခိုရာအသိုက်အမြုံများ ပျက်စီးဆုံးရှုံးခြင်း၊ အပင်မျိုးစေ့များ မျိုးမပွားနိုင်တော့ခြင်း၊ အပင်နှင့်တောရိုင်းတိရစ္ဆာန်များပွင့်သီးချိန်၊ ပေါက်ပွားချိန် ပုံမှန်မဟုတ်တော့ခြင်း၊ ချိန်ကိုက်မဖြစ်တော့ခြင်းများဖြစ်ပွားကာ ဇီဝမျိုးသုဉ်းပျောက်ကွယ်ခြင်းကို ဖြစ်စေသည်။

(၃) ရာသီဥတုပူပြင်းခြောက်သွေ့လာသဖြင့် ရေထွက်များ၊ရေတွင်းရေကန်များခမ်းသွားခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာ၍ ဆားငန်ရေဝင်ရောက်ခြင်း၊ ရေကြီးခြင်းကြောင့် ရေတွင်းရေကန်များပျက်စီးကာ သောက်သုံးရေရှားပါးလာပြီး ရေရရှိမှုခက်ခဲလာခြင်းတို့ဖြစ်ပေါ်နိုင်သည်။

(၄) အပူဒဏ်သင့်ရောဂါများ၊ရေကြောင့်ဖြစ်ပွားသောရောဂါများနှင့် ကူးစက်ရောဂါများ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများဆုံးရှုံးခြင်းနှင့် ဒုက္ခိတဖြစ်စေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးခြင်းဝေဒနာများ စသည့်ကျန်းမာရေး အန္တရာယ်များဖြစ်ပေါ်နိုင်သည်။

(၅) မုန်တိုင်းကျခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ မိုးသီးကျခြင်း၊ ဆီးနှင်းမုန်တိုင်းကျခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုကျရောက်လာနိုင်သည်။




မှီငြမ်း ။ ။ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမြင်ဖွင့် ပညာပေးမှတ်စု စာအုပ်မှ

# ဆရာကြီး ဦးအောင်မြင့်သို့ ဂါရဝပြု တောင်းဆုမင်္ဂလာပြုခြင်း

ကျေးဇူးရှင်ဆရာကြီး ဦးအောင်မြင့် (၁၆–၅–၂၀၁၉)ရက်နေ့ မနက် (၉)နာရီခွဲခန့် အချိန်တွင်ကွယ်လွန်ခဲ့ပါပြီ။ ''သစ်တောဌာန''အတွက် သစ်တောသံပေါက်ကဗျာလေးတွေနဲ့ ကာတွန်းတွေနဲ့၊ စာတိုပေစကဗျာတွေနဲ့ ...အရင်းပြုလို့ သစ်တောသယံဇာတစာရင်းကောက်ခြင်း... ကွန်ပျူတာဌာနတည်ထောင်ခြင်း... ကောင်းကင်ဓာတ်ပုံမှ သစ်တောသစ်ပင်များကို ဆန်းစစ်လေ့လာခြင်းတွေဆောင်ရွက်ပေးခဲ့ပါပြီ– ကျေးဇူးတင်ခြင်း–လွမ်းဆွတ်ခြင်းတွေနဲ့အတူ ဂါရဝပြုကြရအောင်ပါ–––––

**ဆရာကြီး ဦးအောင်မြင့်အတွက်အမှတ်တရဆောင်းပါးအား (၁၇-၅-၂၀၁၉)ရက်နေ့ နေ့စဉ်ထုတ်ကြေးမုံသတင်းစာတွင် ဆရာ စောမော်အောင်မှ ရေးသားခဲ့ခြင်းကို မူရင်းအတိုင်းဖေါ်ပြလိုက်ပါသည်။**

## အမျိုးသားစာပေဆုရှင် မင်းကြီး ဦးအောင်မြင့်ကွယ်လွန်ရှာပြီ




ကြေးမုံ

အမျိုးသားစာပေဆုရှင် မင်းကြီး ဦးအောင်မြင့် ကွယ်လွန်ရှာပြီ

စောမော်အောင်

ဆရာ့ကို မြန်မာနိုင်ငံသစ်တောဌာနနှင့်ပတ်သက်သူများက မင်းကြီးဦးအောင်မြင့်အဖြစ်သိကြသည်။

ဆရာက အလွန်အေးချမ်းသိမ်မွေ့ပြီး သစ်ပင်သစ်တောများကို ချစ်ခင်သူ၊ သမိုင်းကိုစိတ်ဝင်စားသူ၊ ကောင်းကင်မြေတိုင်းဓာတ်ပုံများကို ကျွမ်းဝင်နှံ့စပ်သူ၊ တပည့်များကို ကူညီသူ ပညာပေးသူ၊ မိသားစုနှင့်တကွ ပတ်သက်သမျှ မိတ်ဆွေရောင်းရင်းများအပေါ် စိတ်ထားအလွန်ကောင်းသူဖြစ်ပါသည်။

ပြီးတော့ ဆရာက ကဗျာအတိုအစလေးများ၊ ကာတွန်းလေးများရေးသလို မှတ်တမ်းမှတ်ရာ စာတမ်းစာအုပ်များလည်း ရေးသားပြုစုခဲ့သူဖြစ်ပါသည်။ ဆရာရေးခဲ့သည့် ‘တောတောင်စိမ်းစို သာယာပို၏’၊ ‘တောတောင်ရှိမှ၊ စမ်းရေရ၏’၊ ‘ဥတုရာသီ၊ တောကိုမှီ၏’၊ ‘ကျေးငှက် သားရဲ၊ တောမှာမြဲ၏’၊‘တောတောင်ပျက်သုဉ်း၊ မြေဆီသုဉ်း၏’၊ ‘တောရိပ်ခိုနေ၊ အပန်းပြေ၏’၊ ‘တောကို မဖြုန်း၊ ချင့်ချိန်သုံး၍ နှစ်ဆုံးရှည်ကြာ ထိန်းသိမ်းပါလော့’ အစရှိသည့် သံပေါက်လေးများ၊ ကဗျာတိုလေးများက သစ်တောမင်းကြီး ဦးအောင်မြင့်၏ လက်ရာလေးများဖြစ်၏။

ကျွန်တော်တို့ငယ်စဉ်က အမေရွတ်ပြတတ်သော၊ ကျွန်တော်တို့လိုက်ဆိုရတာပျော်သော ကဗျာအတိုအစလေးများဖြစ်ပါသည်။ သစ်တောကိုချစ်ခင်ကြဖို့၊ သစ်ပင်သစ်တောတို့၏တန်ဖိုးကို နားလည်ကြဖို့ နှိုးဆော်သောဆရာ့စေတနာနှင့်မေတ္တာကို မြင်ရသည့်ကဗျာတိုလေးများပါပေ။

ဆရာဦးအောင်မြင့်ကို ၂၇ ဧပြီ ၁၉၂၇ မှာ ထားဝယ်မြို့တွင် မွေးဖွားပါသည်။ ဆရာ့ဖခင်က ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်၏ ခေါင်းဆောင်

တစ်ဦးဖြစ်သူ ထားဝယ်ဦးဗရှင်ဖြစ်ပါသည်။ မိခင်က ဒေါ်ခင်စိန်ပါ။

သစ်တောဦးစီးဌာနတွင် ၁၉၅၀ နှစ်ဦးတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်မှာ အငြိမ်းစားယူခဲ့ပါသည်။ တာဝန်ထမ်းဆောင်စဉ်ကာလ သစ်တောနှင့်ပတ်သက်၍ ထူးထူးချွန်ချွန်ကာကွယ်နိုင်ခဲ့သည့်အတွက် ၁၉၆၀ပြည့်နှစ်ခန့်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိခဲ့သည်။ သစ်တောသယံဇာတများကို ကောင်းကင်ဓာတ်ပုံမှ ဆန်းစစ်လေ့လာသည့်ပညာကို နယ်သာလန်နိုင်ငံတွင် အစိုးရပညာတော်သင်အဖြစ်သွားရောက်ဆည်းပူးခဲ့ပါသည်။

၁၉၇၁ ခုနှစ်တွင် 'မြန်မာ့မြို့ဟောင်းများကို ကောင်းကင်များမှတစ်ဆင့် ဖတ်ရှုလေ့လာခြင်း'စာတမ်းကို ဖတ်ကြားခဲ့ပြီး ထိုစာတမ်းကို အမှတ်၂၊၃၊၄အဖြစ် ဆက်လက်လေ့လာပြုစုရေးသားခြင်းဖြင့် မြန်မာ့ရှေးဟောင်း အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ခဲ့ပါသည်။

ယင်းစာတမ်းများကိုစုစည်းကာ ယဉ်ကျေးမှုဝန်ကြီးဌာနက 'ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များ' အမည်ဖြင့် စာအုပ်အဖြစ်ထုတ်ဝေခဲ့ရာ ၁၉၉၉ တွင် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ထိုစာအုပ်က ထိုသုတေသနက မြို့ဟောင်းများနှင့်ပတ်သက်လျှင် အလွန်အရေးပါသောစာအုပ်ဖြစ်ပါသည်။

ဆရာ အသက် ၉၂ နှစ်အရွယ် ၁၆ မေ ၂၀၁၉ နံနက် ၉း၂၀နာရီတွင် သုဝဏ္ဏနေအိမ်တွင် ကွယ်လွန်ခဲ့ပြီး၊ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကြူကြူနှင့်သားသုံးဦး ချန်ရစ်ခဲ့ပါသည်။

ဆရာကွယ်လွန်ခြင်းက စိတ်ကောင်း မွန်မြတ်ရှိသူတစ်ဦးကို ဆုံးရှုံးကြရခြင်းဖြစ်ပါသည်။

ဆရာက ချစ်ခင်ရသောမိသားစု၊ တပည့်များနှင့် ကျွန်တော်တို့နိုင်ငံအတွက် ချန်ထားခဲ့ရသည့် များစွာတို့ထဲက ၄ ပြေ ၁၉၉၉ ခုနှစ်က တက္ကသိုလ်မင်းထင် အမည်ဖြင့် ရေးခဲ့သောကဗျာလေးတစ်ပုဒ်ကိုဖော်ပြလိုပါသည်။




### ပုဂံမြို့ဟောင်း

ပုဂံဘုရား လွန်စည်ကား၊
ဘုရားတကာ အနော်ရထာ၊
အရမ်းမပြောနဲ့ မဟုတ်လိုက်တာ၊
ဟိုကျောက်စာကို ဖတ်ကြည့်အုံး
ဟိုလူကြီးနဲ့ မိသားစု၊
ကောင်းမှုကုသိုလ်၊ ဒါနပြု၊
နတ်လူသာဓု၊ ခေါ်စေသော်ဝ်တဲ့၊
နားစွန်နားဖျား၊ ကြားမိတာ၊
ပုဂံမြို့ဟောင်း၊တစ်နေရာ၊
နေစမ်းပါအုံး၊ မိရွှေချော၊
ပုဂံမြို့သစ်ကော၊ရှိသလော။

ဘဘကလဲ၊လုပ်ပြန်ပြီ၊
နေရာတိုင်းမှာ၊ ခေတ်မမီ
တောင်ဘက်ဆီ၊ ဆုံးအောင်သွား၊
မြို့သစ်တည်ထား၊ လွန်စည်ကား၊
ဟော်တယ်တွေလဲ၊ လွန်ပေါ်များ။

မြင်းလှည်းလေးပေါ်၊ တက်လို့ထိုင်၊
ဘဘခြေလျင်၊ မလျှောက်နိုင်၊
ပုဂံရောက်တုန်း၊ အနှံ့အပြား၊
တိုးတက်နေတာ၊ ကြည့်လို့သွား။

ဘုရားမှန်သမျှ၊ တစ်ဆူမကျန်၊
ပြုပြင်မွမ်းမံ၊ တည်ဆောက်ရန်၊
သိန်းထုပ်ကြီးတွေ၊ အလှူထည့်၊
စီးပွားရှင်တွေ၊သဒ္ဓါထက်။

ကျွဲနားတောင်းပေါ်၊ စေတီတည်၊
ဘုရားဟောင်းတွေ၊ ပြင်နေပြီ၊
ပြီးတဲ့အခါ၊ ထီးတင်ပွဲ၊
ပုဂံတစ်ဝန်းမှာ၊ ခြိမ့်ခြိမ့်သဲ။
နေရာတကာတွင် သစ်လွင်သွား၊
ပုဂံမြို့ဟောင်းကြီး၊ လွန်ခန့်ညား၊
ရောက်တုန်းပေါက်တုန်း၊ လေ့လာထား၊
ဘဘရေ ပုဂံမြို့ဟောင်းကို၊ ကြည့်လို့သွား။

ခေတ်ကိုထင်ဟပ်ပြီး ယဉ်ကျေးမှုအမွေအနှစ်တို့ကို မြတ်နိုးသူတို့အတွက် အမှတ်တရဖြစ်စေမည့် သရော်စာကဗျာလေးဟာ ဆရာ့ကို လွမ်းစရာ။ ။

# သစ်တောကြေးမုံ




## ဆရာကြီး ဦးအောင်မြင့် ရွှေ့ပြစ်ပေါင်း အောက်မေ့ဖွယ် ကာတွန်းလက်ရာများ



















## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲမြင့် ၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

သစ်တောဦးစီးဌာန၏လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်း အပြည့်အဝ အသုံးပြု၍ အဖက်ဖက်မှကြိုးပမ်းဆောင်ရွက်ပေးခဲ့သူ၊ သစ်တောသစ်ပင် ချစ်မြတ်နိုး စိတ်ဖြင့် စာပေများရေးသားခဲ့သူ၊ သစ်တောကြေးမုံ (ယခင် သစ်တောရေးရာဂျာနယ်)တွင် လည်း တစ်တပ်တစ်အား အားဖြည့်ကူညီခဲ့သူ ကလောင်ရှင်တစ်ဦးဖြစ်သော ဆရာကြီး ဦးရဲမြင့်(သစ်တော)သည် (၂၆-၆-၂၀၁၉)ရက်နေ့၊ ည(၁၀း၄၅)နာရီ အချိန်တွင် ကွယ်လွန်သွားပါသဖြင့် ဝန်ကြီးဌာနနှင့်သစ်တောဦးစီးဌာနအတွက် အဖိုးမဖြတ်နိုင်အောင် ဆုံးရှုံးမှုဖြစ်ပါကြောင်းနှင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

### ရဲမြင့် (သစ်တော) (၁၉၃၁-၂၀၁၉)

အဖဦးအောင်ဂျမ်း(နယ်စီးတောအုပ်ကြီးနှင့် အမိ ဒေါ်စိန်မြတို့က ခရစ်နှစ် ၁၉၃၁ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပန်းတောင်း မြို့၌ မွေးဖွားသည်။ မွေးချင်းလေးဦးအနက် အငယ်ဆုံး ဖြစ်ပြီး အမည်ရင်းမှာ ဦးရဲမြင့်ဖြစ်သည်။ ၁၉၃၇-၁၉၄၁ ခုနှစ်များအတွင်း သရက်မြို့ အေဘီအမ် ချင်းကျောင်း၊ ၁၉၄၁-၄၈ခုနှစ်များအတွင်း ပြည်မြို့အစိုးရမူလတန်းလွန် ကျောင်း၊ ၁၉၄၉ခုနှစ်တွင် ကြည်မြင့်တိုင်မြို့နယ် Special College ၌တက်ရောက်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ၁၉၅၀ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူခဲ့ပြီး ၁၉၅၅ခုနှစ်တွင် သိပ္ပံ (သစ်တောပညာ)ဘွဲ့ရရှိသည်။ ဒေါ်ခင်လှမြင့်(ခ) ညိုညို နှင့်အိမ်ထောင်ပြုသည်။

၁၉၅၅ခုနှစ်မှစတင်ပြီး သစ်တောဦးစီးဌာန၌ သစ်တောဝန်ထောက်မှညွှန်ကြားရေးမှူးချုပ်အထိ တာဝန် မျိုးစုံထမ်းဆောင်ခဲ့သည်။ ၁၉၈၆ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်သို့သွားရောက်ပြီး သစ်တောပညာ နှင့်ပတ်သက်သည့်သင်တန်းအချို့ကို တက်ရောက် သင်ယူခဲ့သည်။ ၁၉၉၂ခုနှစ်တွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် သက်ပြည့်အငြိမ်းစား ယူသည်။ ယင်းနောက် ၁၉၉၂-၂၀၀၃ခုနှစ်များအတွင်း သစ်တောရေးရာဝန်ကြီးဌာန၌ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည်။




၁၉၈၆ခုနှစ်တွင် နိုင်ငံခြားမှပြန်လည်ရောက်ရှိပြီး နောက် ဇနီးဖြစ်သူ ဒေါ်ခင်လှမြင့်(ခ)ညိုညိုကွယ်လွန် သည်နှင့်ကြုံရသည်။ ယင်းနောက် ကွယ်လွန်သူဇနီးဖြစ်သူ အား တမ်းတတိုင်တည်စကားပြောဟန်ဖြင့် ခရီးသွား ဆောင်းပါးများ၊သစ်တောပညာရပ်ဆိုင်ရာဆောင်းပါးများကို စာနယ်ဇင်းအချို့၌ပါဝင်ရေးသားခဲ့သည်။ ချစ်သူ့ခေါ်သံ (ရဲမြင့်-ကလောင်ဖြင့်)၊ မြိုင်ဟေဝန်တောဆင်ရိုင်းဖမ်း အဖွဲ့ နှင့် လိုက်ပါခဲ့စဉ်က(၂၀၀၃)၊ ကျွန်တော်မြန်မာသစ်တော သမားနှင့် လက်ရွေးစင်ဆောင်းပါးများ၊ မြန်မာသစ်တော သမားတစ်ဦး၏ရင်ဖွင့်သံများအပါအဝင် လုံးချင်းစာအုပ် ငါးအုပ်ထွက်ရှိခဲ့သည်။

၂၀၀၆ခုနှစ်တွင် ပထမအကြိမ် ပေးအပ်ချီးမြှင့် သော ထွန်းဖောင်ဒေးရှင်းစာပေဆုမှ အတ္ထုပ္ပတ္တိ ဘာသာရပ်ဆုကို ‘ကျွန်တော်သစ်တောသမားနှင့်လက်ရွေး စင်ဆောင်းပါး’ စာအုပ်ဖြင့်ရရှိခဲ့သည်။ ရတနာသစ်မဂ္ဂဇင်း၊ စိမ်းရောင်လွှင်မဂ္ဂဇင်းတို့၌ တာဝန်ခံအယ်ဒီတာ၊ ထုတ် ဝေသူအဖြစ်ဆောင်ရွက်ခဲ့သည်။ အောင်ပင်လယ်လူမှု ပတ်ဝန်းကျင်မဂ္ဂဇင်း၌ နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။

အမှတ်-၈၃၊ကျွန်းရွှေမြိုင်လမ်းသွယ်၊၂၃ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်သည်။ ၂၀၁၉ခုနှစ် ဇွန်၂၉ရက်တွင် အသက် (၈၈)နှစ်အရွယ်အရောက်ကွယ်လွန်သည်။

**(၃-၇-၂၀၁၉)ရက်နေ့**
**နေ့စဉ်ထုတ်စံတော်ချိန်နေ့စဉ်သတင်းစာတွင်**
**ဆရာ ကျော်ခိုင်ခန့်မှ ရေးသားခဲ့သောဆောင်းပါးမှ**
**ကောက်နုတ်ဖော်ပြအပ်ပါသည်။**

# သစ်အယ်စိုက်ပျိုး၊ ဝင်ငွေတိုး၊ ဘက်စုံဖွံ့ဖြိုးမည်





➢ သိန်းသန်းထွန်း (ဦးစီးအရာရှိ)

ကမ္ဘာပေါ်တွင် သစ်အယ်ပင်ကို မျိုးစိတ်(၄)ခုအနေဖြင့် ခွဲခြားဖော်ပြကြသည်။

အမေရိကန်၊ ဥရောပ၊တရုတ်နှင့် ဂျပန်/ကိုရီးယား သစ်အယ်ပင်အုပ်စု (၄)မျိုးဖြစ်ကြသည်။ အမေရိကန် သစ်အယ်ပင်မျိုးစိတ်ကို အမေရိကန်အရှေ့ပိုင်းပြည်နယ်များတွင် တွေ့ရသော *Castanea dentata* နှင့် တောင်ပိုင်းပြည်နယ်များတွင် တွေ့ရလေ့ရှိသော *Castanea pumila* မျိုးစိတ်(၂)မျိုး တို့ကိုတွေ့ရှိရသည်။



Sweet Chestnut (*Castanea Sativa*)

Scientific classification
Kingdom : Plantae
Clade : Angiosperms
Clade : Eudicots
Clade : Rosids
Order : Fagales
Family : Fagaceae
Genus : *Castanea* mill
Species : *Castanea alnifolia*
: *Castanea crenata*
: *Castanea dentata*
: *Castanea henryi*
: *Castanea mollissima*
: *Castanea ozarkensis*
: *Castanea pumila*
: *Castanea sativa*

## အဓိကမျိုးစိတ်များ

သစ်အယ်ပင်များသည် family (Fagaceae)မျိုးရင်းဝင်ဖြစ်ပြီး၊ဝက်သစ်ချပင်(Oaks)များနှင့် ဘီချ်(Beech)ပင်များအုပ်စုတွင်ပါဝင်သည်။

အာရှတိုက်တွင်းရှိ တရုတ်ပြည်၌ *Castanea mollissima, Castanea henryi, Castanea seguinii* နှင့် ဂျပန်နှင့်ကိုရီးယား၌ *Castanea crenata* တို့ကိုတွေ့ရှိရပါသည်။

ဥရောပတိုက်၌ စပိန်နိုင်ငံမျိုးစိတ်ဖြစ်သော *Cast-anea sativa* ကို အင်္ဂလန်၊ ဥရောပတိုက်တစ်ခွင်၌ တွေ့ရှိရပြီး အာရှတိုက်၊ ဟိမဝန္တာဒေသနှင့် အပူပိုင်းဒေသများသို့ သယ်ယူရွှေ့ပြောင်း စိုက်ပျိုးလာခဲ့ကြပါသည်။

## ဝေါဟာရဇစ်မြစ်ဆိုင်ရာ လေ့လာမှု

Chestnut ဆိုသည့် စကားလုံးသည် အင်္ဂလိပ်ဝေါဟာရ Chesten nut ဟု အဓိပ္ပါယ်ရပြီး၊ ရှေးဟောင်းပြင်သစ်ဘာသာစကား(Chastain)နှင့် ခေတ်သစ်ပြင်သစ်ဘာသာ(Chataigne)မှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်ပါသည်။ ဂရိမြို့အမည်တစ်ခုဖြစ်သော Kastanea မြို့ ဝန်းကျင်တွင် သဘာဝအလျောက်ပေါက်ရောက်မှုကို အစွဲပြု၍ မျိုးရင်းအမည်ကို Castanea ဟုမှည့်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

## သစ်အယ်ပင်နှင့်သက်ဆိုင်သောအချက်အလက်များ

### (က)အပင်အရွယ်အစား



အာရှတိုက်ရှိ တရုတ်နှင့်ဂျပန်/ကိုရီးယားသစ်အယ်ပင်များမှာ အတန်အသင့်ကြီးထွားမှုရှိပြီး၊ ဥရောပနှင့်အမေရိကန်သစ်အယ်မျိုးစိတ်များမှာ အကြီးမြန်သစ်မျိုးများဖြစ်ကြသည်။ ဂျပန်သစ်အယ်မျိုးသည် ပေ(၃၀)ခန့်၊ တရုတ်သစ်အယ်မျိုးသည် ပေ(၄၅)ခန့်၊ ဥရောပသစ်အယ်မျိုးသည် ပေ(၉၀)ခန့်နှင့် အမေရိကန်သစ်အယ်မျိုးသည် ပေ(၁၈၀)ခန့်ထိ ကြီးထွားရှင်သန်ကြပါသည်။

### (ခ)သစ်ရွက်ပုံစံ





သစ်အယ်ရွက်များသည် ရှိုးရှင်းသော ဘဲဥပုံသဏ္ဍာန်ရှိကြပြီး၊ သစ်ရွက်အရွယ်အစားအနေဖြင့် (၁၀)စင်တီမီတာ မှ (၃၀)စင်တီမီတာထိရှည်လျားပြီး (၄)စင်တီမီတာမှ (၁၀)စင်တီမီတာခန့်ထိကျယ်ဝန်းသည်။ သစ်ရွက်ထိပ်သည်ချွန်မြနေပြီး လွှသွားပုံစံသဏ္ဍာန်အနားသတ်ရှိကြသည်။

### (ဂ)ပန်းပွင့်များ



Female chestnut flowers



Male chestnut flowers

သစ်အယ်ရွက်များနည်းတူပင် ပန်းပွင့်များအနေဖြင့် နှစ်စဉ်ဇူလိုင်လခန့်တွင် ထွက်ပေါ်လာလေ့ရှိပြီး၊ ကြောင်မြီးပန်းခိုင်သဏ္ဍာန်ရှည်မျောမျောရှိကြသည်။ အချို့ကြောင်မြီးပန်းခိုင်များတွင် အဖိုပွင့်များသာပွင့်ကြပြီး၊ စောလျင်စွာရင့်မှည့်ကြသည်။ ပန်းပွင့်တစ်ပွင့်တွင် အနည်းဆုံးဝတ်ဆံဖို ၈ ခုမှ ၁၀–၁၂ ခုထိပါဝင်ကြသည်။ ဝတ်ဆံများရင့်မှည့်လာသောအခါ စူးရှပြင်းထန်သော အနံ့ထုတ်လွှတ်တတ်ပြီး ချိုအီမူးနောက်စေပါသည်။ အခြားသော ကြောင်မြီးပန်းခိုင်များသည် အမဝတ်ဆံများထုတ်ပေးပြီး၊ နီးစပ်ရာသစ်ကိုင်းခွအနီး အမပန်းခိုင်များအဖြစ်တည်ရှိကြသည်။ ဝတ်မှုန်ကူးခြင်းဖြစ်ပေါ်ပြီးနောက် ပန်းပွင့်(၂)ပွင့် (သို့မဟုတ်) (၃)ပွင့်မှာအဝိုက်(၄)ခုပါရှိသည့် အသီးကိုဖုံးအုပ်ထားသည့် အစေ့ခွံဖြစ်ပေါ်လာကြသည်။ ပင်တည်းဝတ်မှုန်ကူးခြင်းဖြစ်ပေါ်မှုနည်းပါးကြပြီး ပင်ခြားဝတ်မှုန်ကူးခြင်းဖြင့် သန္ဓေအောင်ခြင်းဖြစ်ပေါ်ကာ အသီးများဖြစ်ပေါ်လာကြသည်။

### (ဃ)သစ်အယ်သီးများ





သစ်အယ်သီးများသည် ချွန်ထက်သောဆူးများပါရှိပြီး အသီးခွံသည် (၅)စင်တီမီတာ မှ (၁၁)စင်တီမီတာထိရှိကာ၊ ကပ်စေးနဲ့သီးပုံသဏ္ဍာန်တွေ့ရသည်။ ကိုင်းများတွင် အသီးများသည် အစုံလိုက်(သို့မဟုတ်) အခိုင်လိုက်သီးလေ့ရှိသည်။

သစ်အယ်သီးများ ရင့်မှည့်ချိန်ရောက်လျှင် အစိမ်းရောင်မှ ညိုဝါရောင်ပြောင်းလဲလာကြပြီး နှစ်ပိုင်း(သို့မဟုတ်) လေးပိုင်းအထိ ကွဲအက်လာကြလေ့ရှိသည်။ တချို့အသီးများသည် အပင်ပေါ်တွင်ရင့်မှည့်၍ အစေ့များကိုမြေပေါ်သို့ကြွေကျခြင်း (သို့မဟုတ်) မြေသို့အသီးနှင့်အတူ ကြွေကျခြင်းဖြစ်ပေါ်သည်။ မြေဆီလွှာအစိုဓါတ်ရရှိမှုအပေါ်မူတည်၍ ရင့်မှည့်ချိန်ကာလကွဲပြားခြားနားသည်။

### (င)စီးပွားရေးတွက်ခြေကိုက်မှု






သစ်အယ်သီးစိုက်ပျိုး၍ စီးပွားဖြစ်ထုတ်လုပ် တင်ပို့ရောင်းချသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများစာရင်းကို ၁၉၇၉ ခုနှစ် မှ ၂၀၁၇ ခုနှစ်ထိ ပြည်ပတင်ပို့ခဲ့သည့် မှတ်တမ်းအား မက်ထရစ်တန်ပမာဏနှင့်အတူ တစ်ဖက်ပါဇယားတွင် လေ့လာကြည့်ရှုနိုင်ပါသည်–

| Rank | Country | 1979 | 2009 | 2010 | 2011 | 2016 | 2017 |
|---|---|---|---|---|---|---|---|
| 1 | China | 123,000 | 1,550,000 | 1,620,000 | 1,700,000 | 1,879,031 | 1,939,719 |
| 2 | Turkey | 46,000 | 61,697 | 59,171 | 60,270 | 64,750 | 62,904 |
| 3 | South Korea | 80,930 | 75,911 | 68,630 | 55,780 | 56,244 | 52,764 |
| 4 | Italy | 70,849 | 50,872 | 48,810 | 57,493 | 50,889 | 52,356 |
| 5 | Greece | 13,160 | 14,000 | 20,900 | 21,500 | 31,557 | 36,000 |
| 6 | Portugal | 22,224 | 24,305 | 22,350 | 18,271 | 26,780 | 29,875 |
| 7 | Japan | 65,300 | 21,700 | 23,500 | 19,100 | 16,500 | 18,700 |
| 8 | Spain | 37,515 | 10,000 | 10,000 | 10,000 | 16,185 | 15,623 |
| 9 | North Korea | 5,200 | 10,201 | 9,628 | 11,000 | 12,540 | 12,540 |
| 10 | France | 53,751 | 8,672 | 9,464 | 7,160 | 8,642 | 8,406 |
| 11 | Albania | - | 5,580 | 5,450 | 5,200 | 6,040 | 6,226 |
| 12 | Chile | - | - | - | - | 3,009 | 2,583 |
| 13 | Bosnia and Herzegovina | - | - | - | - | - | 1,154 |
| — | *World* | 528,433 | 1,890,179 | 1,954,623 | 2,022,831 | 2,261,589 | 2,327,495 |

*Source: UN Food & Agriculture Organization*

## (စ)အာဟာရဓါတ်ပါဝင်မှု

သစ်အယ်သီးများကိုစုဆောင်းပြီး၊ စင်ကြယ်အောင် သန့်စင်၍ အခွံခွာကာ(၁၀၀ဂရမ်=၃.၅အောင်စ) တွင် လူတို့အတွက် မျိုးစုံသောအာဟာရဓါတ်ပါဝင်မှုကို လေ့လာခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်–

| | |
|---|---|
| Energy | 820 kJ (200 kcal) ကယ်လိုရီဓါတ် |
| Carbohydrates | 44 g (ကစီဓါတ်) |
| Sugars | 11 g (သကြားဓါတ်) |
| Fat | 1.3 g (အဆီဓါတ်) |
| Protein | 1.6 g (အသားဓါတ်) |
| **Vitamins** | **Quantity %DV†** |
| Vitamin A equiv. | 0% (1 μg) |
| Thiamine (B1) | 13% (0.144 mg) |
| Riboflavin (B2) | 1% (0.016 mg) |
| Niacin (B3) | 7% (1.102 mg) |
| Vitamin B6 | 27% (0.352 mg) |
| Folate (B9) | 15% (58 μg) |
| Vitamin B12 | 0% (0 μg) |
| Vitamin C | 48% (40.2 mg) |
| **Minerals** | **Quantity %DV†** |
| Calcium | 2% (19 mg) |
| Iron | 7% (0.94 mg) |
| Magnesium | 8% (30 mg) |
| Phosphorus | 5% (38 mg) |
| Potassium | 10% (484 mg) |
| Sodium | 0% (2 mg) |
| Zinc | 5% (0.49 mg) |
| **Other constituents** | **Quantity** |
| Water | 60.21 g |

## (ဆ)သစ်အယ်ပင်များ သဘာဝအတိုင်းတွေ့ရှိရာဒေသများ

သစ်အယ်ပင်များကို သဘာဝအတိုင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၆၀၀)မှ ပေ(၃၀၀၀)အထိ ကုန်းမြေမြင့်၊ ဆင်ခြေလျှောများတွင်တွေ့ရသည်။ ကမ္ဘာ့အချို့ဒေသများတွင်မူ အမြင့်ပေ(၉၀၀)မှ ပေ(၃၆၅၀)ခန့်အထိတွေ့ရပါသည်။

## (ဇ)မြေဆီလွှာလိုအပ်ချက်များ

သစ်အယ်ပင်များအတွက် မြေဆီလွှာသည် လုံလောက်သော အစိုဓါတ်ရရှိပြီး ရေစီးရေလာကောင်းသောမြေမျိုးကို ပိုမိုကြိုက်နှစ်သက်ကြသည်။ ရေမစိမ့်ဝင်နိုင်သောရွှံ့စေးထူသောမြေမျိုးကို မနှစ်သက်ကြပေ။ မြေဆီလွှာဖွဲ့စည်းပုံထူထပ်ပြီး ဆင်ခြေလျှောပြေပြစ်မှုကို နှစ်သက်ကြသည်။ တရုတ်သစ်အယ်ပင်များသည် မြေဆီလွှာကြွယ်ဝပြီး၊ ရေစီးဆင်းမှုကောင်းသောမြေကို ကြိုက်သော်လည်း အနည်းငယ်ခြောက်သွေ့ပြီး၊ ကျောက်တုံးပါဝင်မှုများသော မြေဆီလွှာညံ့သည့်မြေ၌ပင် ရှင်သန်နိုင်ကြပါသည်။ မြေဆီလွှာချဉ်ငန်ဓါတ် pH (၅.၅)မှ (၆.၀)အတွင်း ပိုသင့်တော်ပါသည်။

## (ဈ)နေရောင်ခြည်ရရှိရန်လိုအပ်မှု

သစ်အယ်ပင်သည် အလင်းကြိုက်ပင်ဖြစ်၍ နေရောင်ခြည်ကိုပိုမိုရရှိရန် လိုအပ်ပါသည်။ သစ်အယ်ပင်များကို စီးပွားဖြစ်စိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင် ပန္နက်အကွာအဝေး(၂၁ ပေ×၂၁ ပေ)မှ (၆၀ ပေ×၆၀ ပေ) အကွာထားရှိ၍ စိုက်ပျိုးကြပါသည်။

### (ည)ရေလောင်းပြုစုရန်လိုအပ်မှု

တစ်နှစ်ပတ်လုံးမိုးရေချိန်(၃၁လက်မ) (၈၀၀mm) နှင့်အထက်ရရှိရန်လိုအပ်ပါသည်။ နွေရာသီတွင် သစ်ပင်ခြေရင်း၌ သစ်ရွက်ဆွေးများစုပုံနိုင်လျှင် ပိုမိုကောင်းမွန်ကြောင်းနှင့် တစ်နှစ်ပတ်လုံး မိုးရေချိန်(၂၈လက်မ)အောက်ရရှိပါက ရေလောင်းပြုစုရန်လိုအပ်ပါမည်။

### သစ်အယ်သားအသုံးဝင်ပုံ







သစ်အယ်ပင်များကို သစ်အယ်သားထုတ်လုပ်ရောင်းချရန် အမေရိကန်ပြည်ထောင်စု၌ သစ်အယ်စိုက်ခင်းတည်ထောင်၍ ငုတ်တက်စနစ်ဖြင့် ခုတ်ပတ်(၁၂)နှစ်သတ်မှတ်ဆောင်ရွက်ကြကြောင်း လေ့လာသိရှိရပါသည်။

သဘာဝထင်းရှူးတောများ အောက်ခြေတွင် သစ်အယ်ပင်များစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာပိုမိုကောင်းမွန်စေကြောင်း တွေ့ရှိရပါသည်။ သစ်အယ်သားတွင် သစ်အယ်ဆီပါဝင်သဖြင့် သစ်သားကိုကြာရှည်ခံနိုင်စေပါသည်။ သစ်အယ်သားကို အိမ်တွင်းအလှဆင်ပရိဘောဂများပြုလုပ်ရာတွင်လည်းကောင်း၊ အညိုနုရောင်သဘာဝအသားရောင်လှပသဖြင့် သုံးစွဲသူများကို အကြိုက်တွေ့စေကာ အမေရိကန်ပြည်ထောင်စုတွင် အိမ်ဆောက်ခြင်း၊ စက်ရုံသုံး သစ်သားများပြုလုပ်ခြင်းများ ဆောင်ရွက်ကြပါသည်။

### လောင်စာအဖြစ်အသုံးပြုခြင်း

ခြောက်သွေ့နေသော သစ်အယ်သားကို ထင်းလောင်စာအဖြစ်သုံးစွဲကြောင်း သိရှိရပါသည်။

### သားငှက်တိရစ္ဆာန်များအတွက် အသုံးဝင်ပုံ

သစ်အယ်ပင်သည် တောရိုင်းတိရစ္ဆာန်များအား ဆွဲဆောင်နိုင်သောအပင်အဖြစ် အသိအမှတ်ပြုကြသည်။ အဓိကအားဖြင့် သစ်အယ်သီးကို ငှက်များ၊ ဝက်ဝံများ၊ သမင်ဒရယ်များနှင့် ရှဉ့်များမှအထူးကြိုက်နှစ်သက်စွာ စားသုံးကြသည်။



### သစ်အယ်ဆီထုတ်လုပ်ခြင်း

သစ်အယ်ပင်သက်တမ်း(၃၀)နှစ်ခန့်သည် သစ်အယ်ဆီအများဆုံးပါဝင်ကြောင်း လေ့လာတွေ့ရှိရပြီး၊ သစ်အယ်ခေါက်တွင် သစ်အယ်ဆီ(၆.၈)% နှင့် သစ်အယ်သားတွင် သစ်အယ်ဆီ(၁၃.၄)% ပါဝင်ကြောင်းသိရှိရပါသည်။

သစ်အယ်ဆီဖြင့်ထုံမွှမ်းသော သားရေသည်ပျော့ပျောင်းပြီး ပေါ့ပါးကာကြာရှည်ခံနိုင်ပြီး လူကြိုက်များကြောင်း တွေ့ရပါသည်။ သစ်အယ်ပင်မှထွက်ရှိသော ပစ္စည်းများကို ဇီဝဓါတုနည်းပညာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ ထင်ရှားသော ကိုယ်ခံအားမြှင့်မားစေသည့် ဆေးဝါးများပြုလုပ်ရာတွင်သုံးစွဲကြောင်း မှတ်သားရပါသည်။

သစ်အယ်ပင်သည် မြေဆီလွှာကောင်းမွန်စေခြင်း၊ ဝင်ငွေရရှိစေခြင်း၊ ဘက်စုံသုံးသစ်မျိုးဖြစ်ခြင်း၊ သားငှက်တိရစ္ဆာန်အစာပင်ဖြစ်ခြင်း၊ ဆေးဖက်ဝင်အပင်ဖြစ်ခြင်း၊ စီးပွားရေးအရတွက်ခြေကိုက်ခြင်း စသည့်ဂုဏ်အင်္ဂါများဖြင့် ပြည့်စုံသောကြောင့် သင့်တော်ရာဒေသများတွင် စိုက်ပျိုးပါက အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

စာရေးသူသည် ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့တွင် မြို့နယ်ဦးစီးအရာရှိ တာဝန်ထမ်းဆောင်စဉ်ကာလများအတွင်း ဖလမ်းမြို့မှ ဟားခါးမြို့သို့သွားရာကားလမ်းဘေး ဇိမ်မူတောင်ခြေရှိ စိုက်ပျိုးရေးဌာန၏ သစ်အယ်ခြံ(၃၀ဧက)အား ဝင်ရောက်လေ့လာခဲ့ဖူးပါသည်။ ဒေသခံပြည်သူများအတွက်ဆောင်ရွက်သည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agro-Forestry)လုပ်ငန်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း (Community Forestry)လုပ်ငန်းများကို ဆင်ခြေလျောပြေပြစ်သည့် တောင်စောင်းဒေသများ(ASL–ပေ ၅၀၀ မှ ပေ ၃၅၀၀ ထိ)၌ဆောင်ရွက်ပါက သစ်အယ်ပင်များကို **ဘက်စုံသုံးပင်(Multiple Tree)၊ ဝင်ငွေရသည့် အပင် (Cash Crop)**အဖြစ် ထည့်သွင်းစိုက်ပျိုးစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

# ရုံးစာရေးကြမည် -ဆိုကြတယ်



## အပိုင်း(၂)

**အောင်နိုင် (လက်ဆည်)**

ဒီနေ့ရုံးပိတ်ရက် တနင်္ဂနွေနေ့ ရုံးအုပ်ကြီး ဦးအောင်ကျော်တစ်ယောက် အိမ်ရှေ့ညှော်ခန်းရှိ ထိုင်ခုံပေါ်တွင်ထိုင်ပြီး သတင်းစာဖတ်နေစဉ်–

'ဖျို့ ...ဦးလေးအောင်'

အိမ်ရှေ့မှ ရုံးအကူပေါက်စတစ်ယောက် ရုံးအုပ်ကြီးအမည်ခေါ်ပြီး အိမ်ပေါ်သို့ တက်လာတာတွေ့ရတော့

'ဟေ့... ပေါက်စအိမ်ပေါ်တက်ခဲ့လေကွာ'

'ဟုတ်ကဲ့ ဦးလေးအောင်ရေ မနေ့ကလာမလို့ပဲဗျ မြို့ထဲသွားစရာလေးရှိလို့ဒီနေ့မှလာခဲ့တာ'

'ရပါတယ်ကွာ အားမှလာပါကွ ကိစ္စမရှိပါဘူး'

'ဒေါ်ဝေဝေရေ... လက်ဖက်ရည်တစ်ခွက်လောက်ယူခဲ့ပါဦး'

'လာပါပြီတော် ...ခဏလေးပါ... ဟင်းအိုးတန်းလန်းဖြစ်နေလို့ပါ'

'ဦးလေးအောင်ရေ... အရင်အပတ်ကတော့ ရုံးစာရေးသားတာနဲ့ပတ်သက်ပြီး သမိုင်းကြောင်းကို ရှင်းပြလိုက်တော့ ဗဟုသုတတွေအတော်ရလိုက်တယ်ဗျာ. ဒီအပတ်တော့ဘာတွေပြောမှာလဲဗျ'

'အေး... ရုံးလုပ်ငန်းသဘောတရားအတိုင်းပေါ့ကွာ. မင်းကိုတဆင့်ချင်းပြောပါ့မယ်'

'ဒီလိုကွ မင်းကိုငါမေးရဦးမယ် တို့လိုရုံးလုပ်ငန်းတာဝန်ထမ်းဆောင်နေတဲ့သူတွေ မကြာခဏပြော ပြောနေတဲ့ 'ရုံးလုပ်ငန်း'ဆိုတာမင်းဘယ်လိုနားလည်လဲကွ'

'ဦးလေးအောင်ကလဲ... ''ရုံးလုပ်ငန်း''ဆိုတာ–စာတွေဝင်တယ်–စာတွေထွက်တယ်–အရာရှိကိုတင်ပြတယ်–မှတ်ချက်ပေးတဲ့အတိုင်းဆောင်ရွက်တယ်. ဒါပဲမဟုတ်လား'

'အေး မင်းပြောတာလဲမမှားပါဘူး... ဒါပေမယ့် ရုံးလုပ်ငန်းလက်စွဲစာအုပ်မှာပါတဲ့ ရုံးလုပ်ငန်းအဓိပ္ပါယ်ဆိုတာက ရုံးတွေ/ဌာနတွေ/အဖွဲ့အစည်းတွေရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာတွေကို စနစ်တကျပြီးမြောက်အောင်စီမံခန့်ခွဲခြင်းလို့ဆိုတယ်ကွ'

'ဒါဆို...ကျွန်တော်တို့လုပ်နေတာတွေ အကုန်သုံးပါတာပေါ့နော်'

'ဒါပေါ့ကွ ရုံးစာအဝင်အထွက်လောက်ပဲ မဟုတ်ဘူး'

'တို့တွေနေ့စဉ်နဲ့အမျှ ရုံးကိုရောက်လို့လုပ်နေတာတွေ အကုန်လုံးကို ရုံးလုပ်ငန်းဆိုပြီး ခေါ်တာပေါ့ကွ'

'အော် ...ဒီလိုကိုး'

'ပေါက်စရေ... လက်ဖက်ရည်သောက်ပြီး လက်ဖက်သုပ်လေးလည်းစားဦးဟေ့'

'ဟာ...အန်တီဝေကလည်း အားနာစရာကြီး'

'ဒါဆိုမစားတော့ဘူးလား'

'မဟုတ်ပါဘူးဗျာ... အန်တီဝေလက်ဖက်သုပ်လေး မစားရတာကြာလို့ စားချင်နေတာနဲ့အတော်ပဲ'

'အေး အေး ရော့ ရော့... ရေနွေးအိုးလည်းထားခဲ့မယ်...ငါနောက်ဖေးကအလုပ်တွေသွားလုပ်လိုက်ဦးမယ်'

'ဟုတ်ကဲ့... ကျေးဇူးပါအန်တီဝေရေ'

'ဦးလေးအောင်... ဆက်ပါဦးဗျ'

'အေး အေး ...ရုံးလုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ တစ်ဦးကောင်း၊တစ်ယောက်ကောင်း ဆောင်ရွက်လို့ရတာမျိုးမဟုတ်ဘူးကွ...ရုံးဌာနမှာရှိတဲ့ ဝန်ထမ်းတိုင်းသူ့တာဝန်ကိုယ့်တာဝန်ကျေပွန်အောင် ပူးပေါင်းဆောင်ရွက်ကြရတဲ့ သဘောသဘာဝရှိတယ်ကွ– ဥပမာ မမြင့်မြင့်ဦးတို့လို သန့်ရှင်းရေးတွေကလည်း သူတို့တာဝန်သူတို့ ထမ်းဆောင်ရသလို၊ စောမူးလယ်တို့လို အစောင့်တွေကလည်း အစောင့်တာဝန်ကျေပွန်အောင်ထမ်းဆောင်ကြရတာပဲ ... အဖွဲ့အစည်းတစ်ခုရဲ့ ရည်မှန်းချက်ပြီးမြောက်ဖို့ဆိုတာ တာဝန်တွေကိုရာထူးအလိုက် အသီးသီးခွဲဝေပြီး တာဝန်ယူဆောင်ရွက်မှသာ အချိန်နဲ့တစ်ပြေးညီ စနစ်တကျပြီးမြောက်နိုင်မှာဖြစ်တာပေါ့ကွာ'

'ဒီနေရာမှာ ရုံးလုပ်ငန်းတွေထိရောက်မြန်ဆန်စွာဆောင်ရွက်ပြီးစီးဖို့ စနစ်နဲ့စည်းကမ်းဟာအရေးအကြီးဆုံးပဲကွ'

'ဘာလို့တုန်းဗျ'

'ရုံးလုပ်ငန်းမှမဟုတ်ဘူး...ဘယ်အလုပ်မဆို စနစ်ရှိရမယ်ကွ စနစ်ရှိရုံနဲ့လည်းမပြီးသေးဘူး အဲ့ဒီစနစ်ကို ရုံးဝန်ထမ်းတိုင်းကလည်း လိုက်နာဆောင်ရွက်ကြရမယ် ... ဒီလို လိုက်နာဆောင်ရွက်ဖို့ကိုလည်း ငါတို့လို ရုံးမှာ

တာဝန်ရှိတဲ့သူတွေ၊ အရာရှိတွေကလည်း စစ်ဆေးတာ၊ ကြပ်မတ်တာတွေလုပ်ဖို့လိုတယ်ကွ... ဒါမှ ချမှတ်ထားတဲ့ အတိုင်းလိုက်ပြီးလုပ်အောင် တည့်မတ်ပေးတာ၊ မလုပ်ရင် စနစ်တစ်ခုကရှိပြီး. မလုပ်ရင် မရှိတဲ့အတိုင်း၊ ဖရိုဖရဲဖြစ်ချင် တဲ့အတိုင်းဖြစ်နေမှာပေါ့ကွာ၊ ဥပမာ– မင်းနားလည်အောင် ပြောရရင် စာတစ်စောင်ဝင်လာရင်သူ့လုပ်ရမယ့်စနစ် အတိုင်းမလုပ်ဘဲ... တွေ့တဲ့သူကကောက်ဖတ်ပြီး တွေ့တဲ့ ဖိုင်ထဲ ထည့်ထားလိုက်ရင် ဘယ်လိုတွေဖြစ်သွားမလဲ မင်း စဉ်းစားကြည့်ပေါ့ကွာ'

'ဟာ– ဒါတော့ဟုတ်တယ်ဗျ... ဟိုတစ်လောက စာတစ်စောင်သေချာဖတ်လိုက်ရပြီး ဆရာကမေးလို့ပြန်ရှာ တော့ တော်တော်နဲ့ရှာလို့မရဘူးဗျာ– ခေါင်းကိုဒေါင်း တောက်သွားတာပဲ၊ နောက်မှ ဖိုင်မှားတွဲထားတော့ အလွယ် တကူရှာလို့မတွေ့ဘူးဖြစ်သွားတာ'

'အေး... ဒါကြောင့်ပြောတာပေါ့ – စနစ်ရှိပြီး၊ စနစ်အတိုင်းမှန်မှန်ကန်ကန်လိုက်နာပြီးမလုပ်ရင်... ကာလ ကြာလာတာနဲ့အမျှ မေ့လျော့ပြီး...အရေးကြီးလို့ ပြန်ရှာ ရင်... ဘယ်လွယ်တော့မလဲ သူထားရမယ့်စနစ်အတိုင်း လိုက်နာပြီးထားရင်... အချိန်ခဏအတွင်း လွယ်လွယ်ကူ ကူရှာနိုင်တာပေါ့၊ ဒါဆိုရင်အလကားအချိန်တွေကုန် လူ ပင်ပန်း၊ စိတ်ပင်ပန်းမဖြစ်တော့ဘူးပေါ့ကွာ – ဒီသဘော ပေါ့ ...

'အေး...နောက်တစ်ခုကတော့... စည်းကမ်း ပေါ့ကွာ၊ ဒါကတော့ မင်းတို့ငါတို့ ငယ်ငယ်ထဲကကြား ခဲ့ရတဲ့ စကားလုံးတစ်ခုပဲကွ...စာသင်ကျောင်းတက် က တည်းကနေ အလုပ်ထဲရောက်၊ အိမ်မှာရော၊ ဘယ်နေရာ မဆိုကြားနေရတဲ့ စည်းကမ်းပဲပေါ့ကွာ...'

'ဟာ...စည်းကမ်းဆိုမှ... ဟိုတစ်လောက ဆရာ ဆလိုင်းဗျာ၊ (ချင်းတိုင်းရင်းသားအကြီးတန်းစာရေး) သူ့စကားဆို ဦးလေးအောင်သိတဲ့အတိုင်း...မနည်း နား ထောင်နေရတာ...ကျွန်တော်ကို ဟော့ကောင်...ပေါက်စ မင်း ကျီးကန်းကိုမရှိဘူးဆိုပြီးပြောတယ်ဗျ... ကျွန်တော် လဲ...ဟာ ဆရာဆလိုင်းကလဲ ကျီးကန်းတော့ ဘာ လုပ်မှာလဲအိမ်မှာတော့ ကြက်မတစ်ကောင်တော့ ရှိတယ် လို့ပြောလိုက်တော့ ကျွန်တော်ကို ဆဲပါလေရော––– ဟော့ကောင် ...စည်းကမ်းကိုပြောတာကွ စည်းကမ်းဆိုပြီး ပြောမှရီလိုက်ရတာဗျာ'

'အေး...သူပြောတဲ့ကျီးကန်းဟာ ...မင်းပြော မှပဲ.. ငါပါမှားကုန်ပြီ၊ စည်းကမ်းဆိုတာ လူတစ်ဦးတစ် ယောက်ခြင်းအတွက်ရော၊ အဖွဲ့အစည်းအတွက်ရော မရှိ မဖြစ်အလွန်အရေးကြီးတဲ့ လိုက်နာရမယ့် ကျင့်ဝတ်တစ်ခု ဖြစ်တယ်ကွ... ဘယ်လုပ်ငန်းမဆို လူသာပဓာနဖြစ်တဲ့ အလျောက်... ဝန်ထမ်းမှာစည်းကမ်းမရှိရင် စနစ်ဘယ် လောက်ကောင်းကောင်းအရာမရောက်နိုင်ဘူးကွ'

'ဟုတ်တယ်နော်...ဦးလေးအောင်'

'အေးအေး...ဒါနဲ့မင်းကိုမေးရဦးမယ်...ရုံးစာ တစ်စောင်ကိုလက်ခံရရှိပြီဆိုတာနဲ့ ဝင်စာလက်ခံတဲ့ ဌာန ဝန်ထမ်းတစ်ယောက်ရဲ့လုပ်ရမယ့်တာဝန်တွေကို မင်း သိလား'

'ဟာ...ဒါများဦးလေးအောင်ရာ လွယ်လွယ်လေး ပဲ...ဝင်စာတစ်စောင်တွေ့တာနဲ့ဝင်စာမှတ်ပုံတင်မယ်၊ ပြီး ရင် စာရဲ့နောက်ကျောမှာကြည့်ရှုပြီး တံဆိပ်တုံး ထုမယ် ပြီးရင်...ရုံးအုပ်ကြီးဆီတင်လိုက်မယ်...ဒါဆိုပြီးပြီပေါ့'

အေး...မင်းပြောတာသာမန်အားဖြင့်တော့ မှန် ပေမယ့်...သေချာစွာလုပ်ရမယ့် လုပ်ငန်းစဉ်တွေ ရှိတယ် ကွ ပထမဦးဆုံး မိမိရုံး၊ ဌာန၊ အဖွဲ့အစည်းကို ပေးပို့တဲ့ စာဟုတ်မဟုတ် စစ်ဆေးရမယ်ကွ'

ဟာ...ဦးလေးအောင်ကလည်း ကျွန်တော်တို့ ရုံး ကိုပေးရမယ့်စာမို့လို့... ကျွန်တော်တို့ရုံးကိုပို့တာပေါ့– မဟုတ်ရင်ဘယ်ပို့မလဲ'

'အေး...တစ်ခါတစ်ရံမှာ စာအိတ်မှာ တပ်ထား တဲ့ဌာနနဲ့ အတွင်းစာပေးပို့တဲ့ဌာနတို့ကွဲလွဲတာတွေရှိတတ် တယ်. အချို့ဌာနတွေကအလုပ်တွေ အရမ်းများပြီး အချိန်မီ ပေးပို့ဖို့ အမြန်လုပ်ရတဲ့အခါတွေမှာ စာအိတ်ပါဌာနနဲ့ ကိုယ် ဆီရောက်တဲ့ဌာနလိပ်စာတွေမှားတတ်တယ်–––အခုခေတ် ကွန်ပျူတာနဲ့ E-mailတွေပို့ပေမယ့် ကွန်ပျူတာရိုက်တဲ့ သူက Copy လုပ်ပြီးရိုက်တဲ့အခါ အပေါ်ကဌာနအမည်ကို မပြောင်းဖြစ်ပဲအကြောင်းအရာပြောင်းလွဲရိုက်မိပြီး အရာရှိ ကလည်း သေချာစွာမစစ်ဆေးမိဘဲလက်မှတ်ထိုးပြီး ပို့လိုက် တာမျိုးမှာဖြစ်တတ်တယ်ကွ... ဒါ့ကြောင့် မိမိဌာနကို ပို့ တာဟုတ်မဟုတ် အရင်ဆုံးစစ်ဆေးရတယ်... ရုံးချုပ်လို၊ ဝန်ကြီးရုံးလိုနေရာမျိုးမှာ ဝင်စာတွေကိုကြည့်တဲ့အခါမှာ လုံခြုံမှုအဆင့်အတန်းပါ၊ မပါ ဦးစားပေးအဆင့်အတန်းပါ၊ မပါတွေပါ ကြည့်ရတယ်ကွ

'ဟာ...ဟုတ်လား ... ကျွန်တော်တို့ ဆီလာတဲ့ စာတွေမှာတော့ အဲ့ဒီလိုစာမျိုးမတွေ့ဖူးဘူးဗျ'

'အေး...လုံခြုံမှုအဆင့်အတန်း၊ ဦးစားပေးအဆင့် အတန်းတွေအကြောင်းတော့ နောက်မှမင်းကိုအသေးစိတ် ရှင်းပြမယ်... အခုဆက်ပြီးကိုယ့်ဆီကိုပို့တဲ့ဌာန၊ ရုံးအဖွဲ့ အစည်းရဲ့လိပ်စာ၊ စာရဲ့အောက်ဆုံးမှာ သက်ဆိုင်ရာဌာနရဲ့ အရာရှိလက်မှတ်ထိုးထားလား ရုံးစာရဲ့စာအမှတ်၊ ရက်စွဲ၊ ရုံးတံဆိပ်ပါ၊ မပါ သေချာစစ်ဆေးရတယ်ကွ... စာဖတ် ကြည့်လို့ ပူးတွဲပါစာရွက်စာတမ်း၊ ဓာတ်ပုံလို့ပါရင် အဲ့ဒါ

တွေပါ မပါစစ်ဆေးရတယ်... ဒါတွေအားလုံးစုံမှဝင်စာမှတ်ပုံတင်တဲ့လုပ်ငန်းကိုလုပ်ရတယ်'

'အင်း...ဦးလေးအောင်ပြောမှပဲ ဝင်စာမှတ်ပုံတင်တာတောင် အလွယ်လေးလို့ထင်တာ... တကယ်တော့ စာတစ်စောင်တွေ့တိုင်း ဒါတွေစစ်ရမယ်ဆိုတာ အခုမှပဲ အသေးစိတ်သိတော့တယ် တကယ်လို့ ဦးလေးအောင်ပြောသလိုအချက်ထဲက တစ်ခုခုမကိုက်ဘူးဆို ဘယ်လိုလုပ်ရမလဲဗျ...'

'အေး...ဒီလိုအချက်တွေထဲကတစ်ခုခု မကိုက်ညီဘူးဆို စာပို့သူနဲ့ပေးပို့တဲ့စာဖြစ်မယ်ဆို...ပေးပို့လာသူကိုတစ်ခါတည်း ရှင်းပြပြီး ပြန်ပေးတာမျိုးလုပ်ရမယ်... စာတိုက်ကပေးပို့တာမျိုးဆိုရင်တော့ အထက်အရာရှိကို တစ်ခါတည်းတင်ပြရမယ်... သူကနေပြီးလိုအပ်သလို ဆက်သွယ်ဆောင်ရွက်သွားမှာပေါ့ကွာ...'

'အင်း...ဦးလေးအောင်ပြောမှပဲ...ဒီလိုစာမျိုးတွေ့ရင်လုပ်ရမယ့်ကိစ္စတွေသိထားမှဖြစ်မယ်ဗျ..နောင်မကြုံဘူးလို့မဆိုနိုင်ဘူးနော်'

'ဒါပေါ့ကွ...စာအိတ်နဲ့ပေးပို့တဲ့ဝင်စာတွေကို ကြည့်တဲ့အခါ စာအိတ်အပေါ်မှာ လုံခြုံမှုအဆင့်အတန်းလို့ခေါ်တဲ့ ထိတ်တန်းလျှို့ဝှက်၊ လျှို့ဝှက်၊ အတွင်းရေးစတဲ့လုံခြုံမှုအဆင့်အတန်းဝင်စာအိတ်တွေနဲ့ စာအိတ်ပေါ်မှာလူပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အမည်နဲ့ပေးပို့တဲ့စာတွေကိုတွေ့ရင် ဖွင့်ဖောက်လို့မရဘူးအထူးသတိထားရမယ်...သာမန်ဝင်စာတွေကိုတော့ ဖွင့်ဖောက်ပြီး... အပေါ်က ပြောတဲ့အချက်တွေပြည့်စုံမစုံစစ်ဆေးပြီးတာနဲ့ ဝင်စာမှတ်ပုံတင်လို့ ရပြီပေါ့ကွာ... စောစောကပြောတဲ့လုံခြုံမှုအဆင့်အတန်းဝင်စာတွေနဲ့ အရေးကြီးကြေးနန်းစာတွေကို ဌာနတာဝန်ခံအရာရှိထံအမြန်တင်ပြရမယ်ကွ... မင်းဒါတွေသေချာမှတ်ထားနော်'

'ဟုတ်ကဲ့ပါ... ဦးလေးအောင်ဒီနေ့ပြောတာတွေက ကျွန်တော်လုပ်နေတဲ့ အလုပ်တွေရော၊ မလုပ်ဖူးသေးတဲ့ အလုပ်တွေရောပါနေတော့...သေချာတော့မှတ်ရမယ်'

'ဒါပေါ့ကွာ ဝန်ထမ်းဆိုတာဒီနေရာမှာပဲ တစ်သက်လုံး ပင်စင်ယူတဲ့အထိ တာဝန်ထမ်းဆောင်ပါ့မယ်ဆိုပြီး စာချုပ်ချုပ်ထားတာမှမဟုတ်ဘဲ တစ်ချိန်ချိန်မှာ လိုအပ်ချက်အရရုံးချုပ်တွေ၊ ဝန်ကြီးရုံးတွေမှာ ထမ်းဆောင်တဲ့အခါ... အခုလိုသိထားတော့အမှားမရှိတော့ဘူးပေါ့... မင်းတို့ကငယ်သေးတယ်... နောက် ဘယ်လိုအခြေအနေနဲ့...ဘယ်လိုတာဝန်တွေထမ်းဆောင်ရမယ်ဆိုတာ ဘယ်သူမှကြိုမသိနိုင်ဘူးကွ

'ဒါ့ကြောင့် ဝန်ထမ်းတစ်ယောက် သိသင့်သိထိုက်တဲ့ရုံးလုပ်ငန်းဆောင်တာတွေကို အားတဲ့အချိန်အခုလိုဘဲ ကိုယ့်ထက်တတ်ကျွမ်းတဲ့သူတွေ ကိုယ့်ရဲ့အရာရှိတွေကို မေးမြန်းပြီးသင်ယူပေါ့ကွာ...အိမ်တစ်အိမ်မှာ အထွေထွေသုံးပစ္စည်းတွေဖြစ်တဲ့တူ၊ ပလာယာ၊ ဝက်အူလှည့်တွေဟာ အမြဲတော့သုံးရတာမဟုတ်ပေမယ့်၊ အိမ်တစ်အိမ်မှာမရှိမဖြစ်ပစ္စည်းတွေပဲကွ... လိုအပ်လာတဲ့အချိန်မှာ အလွယ်တကူသုံးနိုင်အောင် အိမ်တိုင်းမှာ ဆောင်ထားကြသလိုဘဲ...ကိုယ်ဆီမှာလဲမတတ်အပ်၊ မသိအပ်တဲ့ ပညာဆိုတာမရှိဘူး မသုံးအပ်တဲ့ပညာပဲရှိတယ်'

'ကဲ...ဦးလေးအောင်ရေ...ကျွန်တော်အတွက်တော့ ဟင်းလေးအိုးကြီးထဲက ဟင်းတွေခတ်ပြီးစားရသလိုပဲ တစ်ခါနဲ့တစ်ခါမရိုးရအောင် အသိပညာတွေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'အေးပါဗျာ...ငါကလဲမင်းလို သိချင်တတ်ချင်တဲ့လူကိုပညာတွေဝေမျှပေးရတာ ငါ့အတွက်လဲဌာနကိုကျေးဇူးဆပ်ရသလို ခံစားမိပါတယ်ကွာ'

'ဒါဆို–ကျွန်တော်ပြန်ဦးမယ်နော်...အိမ်က မိန်းမက ရှင်တော်တော်လေပေါတယ် ဆိုပြီးပွမ်နေဦးမယ်ဗျ'

'အေးအေး...မိန်းမတွေကဒီလိုပါဘဲကွာ... သူတို့ အလုပ်ဝိုင်းကူလုပ်ရင်တော့မျက်နှာကတစ်မျိုး... အခုလိုစကားပြောရင်တော့ တစ်မျိုးနဲ့ကွ'

'ဟဲဟဲ...ဦးလေးအောင်ကလဲ...သိရဲ့ သားနဲ့ဗျာ'

'အန်တီဝေရေ...ပြန်အုံးမယ်ဗျို့'

'အေးအေး...ပေါက်စရေ'

++++++++++










APK




လေထုအတွင်းသို့ အမှုန်အမွှားများ၊ ဘေးအန္တရာယ်ရှိသောဓာတ်ငွေ့များနှင့် ဓာတ်ငွေ့နှောများ၊ ဇီဝမော်လီကျူးများ ဘေးအန္တရာယ်ဖြစ်စေနိုင်လောက်သော ပမာဏအထိထုတ်လွှတ်ခြင်းနှင့် ပျံ့နှံ့ဝင်ရောက်ခြင်းကြောင့် လူသားများ၏ ကျန်းမာရေး၊အစားအစာကောက်ပဲသီးနှံများ၊ စွမ်းအင်ကို ထုတ်လုပ်သုံးစွဲမှုကြောင့် အများဆုံးဖြစ်သည်။ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ လူနေအိမ်ခြေများ၊ စက်မှုလုပ်ငန်းများနှင့်အမှိုက်သရိုက်များသည် လေထုညစ်ညမ်းစေသောဇစ်မြစ်များဖြစ်ပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေနံထွက်ပစ္စည်းများနှင့် ကျောက်မီးသွေးစသည့် ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းကြောင့် လေထုအတွင်း ဘေးအန္တရာယ်ရှိဓာတ်ငွေ့များနှင့် ဓာတုပစ္စည်းအမှုန်အမွှားများထုတ်လွှတ်ခြင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ စိုက်ပျိုးရာသီမစတင်မီ ကွင်းအတွင်း စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းအမှိုက်များမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကြောင့် သစ်တောများခုတ်ထွင်ရှင်းလင်းမီးရှို့ပြီး စိုက်ပျိုးမြေ







# လေထုညစ်ညမ်းမှုကြောင့် လူသားများကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်

**ဒေါက်တာဝင်းဝင်းမာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**







သဘာဝပတ်ဝန်းကျင်နှင့် လူသားများဖန်တီးထားသော ပတ်ဝန်းကျင်စသည်တို့အပါအဝင် ကမ္ဘာကြီးတစ်ခုလုံး အပေါ် ဆိုးကျိုးသက်ရောက်စေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အစီရင်ခံစာအရ ၂၀၁၂ ခုနှစ်အတွင်း လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝှမ်းလူ(၇)သန်းကျော် သေဆုံးခဲ့ပါသည်။ ကမ္ဘာ့လူဦးရေ၏ (၉၁)ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေအရည်အသွေးလမ်းညွှန်ချက်တန်ဖိုးများနှင့် ကိုက်ညီမှုမရှိသည့် နေရာဒေသများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ သိရှိရပါသည်။

လေထုညစ်ညမ်းမှုအကြောင်းရင်းအများစုသည် သစ်များပြုပြင်ဖန်တီးခြင်း၊ ပေါ့ဆမီးနှင့်ခြောက်သွေ့သောရာသီတွင် တောမီးများ လောင်ကျွမ်းခြင်း၊ ရပ်ကွက်ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုအချို့မှ သစ်ရွက်နှင့် သစ်ကိုင်းခြောက်များ၊ အမှိုက်များကို မီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေပါသည်။

ဝန်းကျင် သို့မဟုတ် ပြင်ပလေထုညစ်ညမ်းမှုနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုဟူ၍ ယေဘုယျအားဖြင့် (၂) မျိုးရှိပါသည်။ ဝန်းကျင် သို့မဟုတ် ပြင်ပလေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူဦးရေ (၄.၂)သန်းကျော် သေဆုံးပြီး အိမ်တွင်းလေထုညစ်ညမ်းမှုခံစားရပြီး သေဆုံးသူ နှစ်စဉ် (၃.၈)သန်းကျော်ရှိကြောင်း လေ့လာသိရှိရသဖြင့် အိမ်တွင်း

လေထုညစ်ညမ်းမှုသည် ပို၍ပြင်းထန်သော ဆိုးကျိုးခံစားရစေပါသည်။ ဆေးလိပ်မီးခိုးငွေ့များ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ဓာတုပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ(ဥပမာ–Asbestos)၊ အင်းဆက်ပိုးသတ်ဆေးများ၊ လူနေအိမ်ခြေများမှ ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် အရည်အသွေးညံ့သော လောင်စာများကို မီးထွန်းညှိခြင်းတို့သည် အတွင်းလေထုညစ်ညမ်းမှုဖြစ်စေပြီး စက်သုံးဆီများ လောင်ကျွမ်း၍ ထုတ်လွှတ်သောဓာတ်ငွေ့များ၊ ကျောက်မီးသွေးကို လောင်စာအဖြစ်အသုံးပြုသော အပူနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် စက်ရုံများ၊ ရေနံချက်လုပ်ခြင်းနှင့် သတ္တုရိုင်းသန့်စင်စက်ရုံများ၊ မြူနီစပါယ်နှင့် စိုက်ပျိုးရေးဆိုင်ရာစွန့်ပစ်ပစ္စည်းမီးရှို့ခြင်းနှင့် လောင်ကျွမ်းခြင်းတို့သည် ဝန်းကျင်လေထုညစ်ညမ်းမှုများဖြစ်စေသည်။ ဝန်းကျင်လေထုညစ်ညမ်းခြင်းကို လေအရည်အသွေးအညွှန်းကိန်းဖြင့် တိုင်းတာပြီး ဥပမာအားဖြင့် အာဆီယံဒေသတွင်း ဝန်းကျင်လေထုအရည်အသွေးကိုဖော်ပြရာတွင် ထိုင်းနိုင်ငံတွင် Air Quality Index(AQI)၊ မလေးရှားနိုင်ငံတွင် Air Pollution Index (API)၊ စင်္ကာပူနှင့်ဘရူနိုင်းနိုင်ငံတို့တွင်Pollution Standards Index (PSI)တို့ဖြင့်ဖော်ပြပါသည်။

လေထုညစ်ညမ်းပစ္စည်းများကို ပထမအဆင့် လေထုညစ်ညမ်းပစ္စည်း (Primary Pollutants)နှင့် တစ်ဆင့်ခံလေထုညစ်ညမ်းပစ္စည်း (Secondary Pollutants)ဟူ၍ နှစ်မျိုးရှိပြီး၊ ၎င်းတို့သည် အမှုန်အမွှားများ၊ အရည်စက်များ သို့မဟုတ် အငွေ့များအဖြစ်ပါဝင်နိုင်သည်။ လေထုတွင်းထုတ်လွှတ်သောညစ်ညမ်းပစ္စည်းများတွင် အမှုန်အမွှားများ၊ အနံ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဆာလဖာအောက်ဆိုဒ်များ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်များ၊ အငွေ့ပျံလွယ်သောအော်ဂဲနစ်ဒြပ်ပေါင်းများ၊ ကြာရှည်စွာတည်မြဲနေနိုင်သော ဖရီးရယ်ဒီကယ်များ၊ အဆိပ်အတောက်ဖြစ်စေသော ပြဒါးနှင့်ခဲသတ္တုများ၊ အမိုးနီးယား၊ အိုဇုန်းဓာတ်ငွေ့၊ ဒိုင်အောက်စင်(Dioxins)နှင့် မီသိန်းဓာတ်ငွေ့ (Meth-ane)တို့ပါဝင်ပါသည်။

မီးတောင်ပေါက်ကွဲခြင်း၊ မော်တော်ကားယာဉ်ယန္တရားများမှထွက်ရှိသော ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များ၊စက်ရုံအလုပ်ရုံများမှထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုဒ်နှင့်နိုက်ထရိုဂျင်အောက်ဆိုဒ်၊ အမှုန်အမွှားများ၊ ဟိုက်ဒြိုကာဗွန်များသည် ပထမအဆင့် လေထုညစ်ညမ်းပစ္စည်းများဖြစ်ပြီး အဆိုပါဓာတ်ငွေ့များ အချင်းချင်းဓာတ်ပြုခြင်း၊ အခြားဓာတ်ငွေ့များနှင့် ဓာတ်ပြုခြင်းကြောင့် တစ်ဆင့်ခံလေထုညစ်ညမ်းမှုဖြစ်ပေါ်လာစေသည်။ ဥပမာ – Ground Level Ozone၊ ဆာလဖျူရစ်အက်ဆစ်နှင့် နိုက်ထရစ်အက်ဆစ်တို့သည် တစ်ဆင့်ခံလေထုညစ်ညမ်းပစ္စည်းများဖြစ်သည်။ အချို့သော လေထုညစ်ညမ်းပစ္စည်းများ (ဥပမာ–Petrochemical Smog)သည် ပထမအဆင့်နှင့် တစ်ဆင့်ခံ လေထုညစ်ညမ်းပစ္စည်းနှစ်မျိုးလုံးတွင် ပါဝင်သည်။ လေအရည်အသွေးကျဆင်းပါက အဆိုပါဒေသများတွင် နေထိုင်သူများအနေဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊ နာတာရှည်နှင့် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ခံစားရစေပါသည်။ လေထုညစ်ညမ်းမှုကြောင့် ရောဂါဘယဖြစ်ပွားခြင်းအန္တရာယ်များမှသည် ရာသီဥတုပြောင်းလဲခြင်းကို ပိုမိုဆိုးဝါးစေသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့်မီသိန်းတို့ကို လေထုတွင်းထုတ်လွှတ်ခြင်းဖြင့် ကမ္ဘာ့အပူချိန်ကိုမြင့်တက်စေသည်။ လေထုအတွင်း အိုဇုန်းပမာဏမြင့်မားလာခြင်းနှင့် ရာသီဥတုပိုမိုပူနွေးလာပြီး ခရမ်းလွန်ရောင်ခြည်ပိုမိုပြင်းထန်လာသဖြင့် ပတ်ဝန်းကျင်တွင် မီးခိုးမြူငွေ့များဖြစ်ပေါ်လာသည်။ မီးခိုးမြူငွေ့သည် မျက်လုံးနှင့်လည်ချောင်းတို့ကိုဒုက္ခပေးပြီး၊ အဆုတ်ကိုလည်း ပျက်စီးစေခြင်းအပြင် သေးငယ်သော အမှုန်အမွှားလေးများ(Airborne Particles) သည်လည်း အဆုပ်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံးရောဂါများ ခံစားရ၍ သေဆုံးခြင်းတို့ဖြစ်စေသည်။ အထူးသဖြင့် သွားလာလှုပ်ရှားအလုပ်လုပ်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများတွင် ဘေးအန္တရာယ်ပို၍ခံစားရနိုင်စေသည်။ နာတာရှည် ပန်းနာရင်ကျပ်ရောဂါရှိသူများတွင် ရောဂါပိုမိုဆိုးဝါးသော လက္ခဏာများတွေ့ရတတ်သည်။

လေထုညစ်ညမ်းပစ္စည်းများဖြစ်သော မာကျူရီနှင့် ခဲသတ္တုများ၊ ဒိုင်အောက်စင်(Dioxins)နှင့် ဘင်ဇင်းတို့သည်ပမာဏအနည်းငယ်မျှဖြင့် ပြင်းထန်သောကျန်းမာရေးထိခိုက်မှုကိုဖြစ်စေသည်။ ဓာတ်ဆီတွင်တွေ့ရသော ဘင်ဇင်းအငွေ့သည် ကင်ဆာဖြစ်စေနိုင်သည့်အပြင် မျက်လုံး၊ အရေပြားနှင့်အဆုတ်တို့တွင် ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ရေရှည်တွင် သွေးလှည့်ပတ်မှု မူမမှန်ခြင်းဖြစ်စေပါသည်။ ဒိုင်အောက်စင် (Dioxins)သည် အသည်းကိုထိခိုက်စေခြင်း၊ အာရုံကြောစနစ်၊ ကိုယ်ခံအားစနစ်နှင့် မျိုးပွားစနစ်များတွင်ထိခိုက်စေခြင်း၊ ပမာဏများစွာ ထိတွေ့ပါက ကလေးငယ်များ၏အာရုံကြောစနစ်နှင့် ကျောက်ကပ်ပျက်စီးခြင်း၊ ပမာဏအနည်းငယ် ထိတွေ့မှုသည်ပင် ကလေးငယ်များ၏ဉာဏ်ရည်နှင့်သင်ယူမှုစွမ်းရည်ကို ထိခိုက်စေပါသည်။

သစ်ပင်များစိုက်ပျိုးခြင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ(ဥပမာ–လေနှင့်နေရောင်ခြည်)ကိုရှာဖွေသုံးစွဲခြင်း၊ ယာဉ်စီးနင်းသွားလာရမည့် ခရီးများကိုဖြစ်နိုင်လျှင် ခြေလျင်လမ်းလျှောက်ခြင်း၊

စာမျက်နှာ - ၃၃ သို့



# သစ်ပင်စိုက်ပျိုးကြပါ

(ဩဂုတ်လ — ၇ ရက်နေ့ညတွင် မြန်မာနိုင်ငံတော် အသံလွှင့်ဌာနမှ ဝန်ကြီးချုပ် ဦးနု၏ မေတ္တာရပ်ခံချက်)

ကျွန်တော်တို့ မေလတုန်းက မျှော်လင့်တောင့်တနေတဲ့မိုးဟာ ကျွန်တော်တို့ မျှော်လင့်တောင့်တတဲ့အတိုင်းဘဲ လုံးဝကျလာပါပြီ၊ သဲသဲမဲမဲကြီးရွာချနေပါပြီ၊ မိုးကျလာပြီဆိုရင် ကျွန်တော်တို့ မြန်မာတိုင်းရင်းသားအများဆုံးရဲ့ လုပ်ငန်းကြီးဖြစ်တဲ့ လယ်ယာလုပ်ငန်းကိုလည်း စကြရပါပြီ၊ မိုးကျတာနဲ့တစ်ပြိုင်နက် တိုင်းရင်းသားတောင်သူလယ်သမားတွေဟာ ထွန်းတုံး ထွန်တံတွေကို ပြင်သူကပြင်ကြ၊ ကံသင်းတွေကို ပြင်သူက ပြင်ကြနဲ့၊ မိမိတို့ရဲ့ စိုက်ပျိုးရေးတာဝန်အသီးသီးကို ထမ်းဆောင်ကြပါတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့တောင်သူလယ်သမားထုကြီးမှာ၊ ကိုယ့်တာဝန်နဲ့ကိုယ်ဆိုသလို၊ လယ်ယာစိုက်ပျိုးရေးတာဝန်ကိုဆောင်ရွက်ကြရသလိုပဲ၊ ကျန်တဲ့မြို့နေ တောနေလူထုကြီးမှာလဲ မိုးကျတာနဲ့တစ်ပြိုင်နက်၊ မိုးကိုအကြောင်းပြုပြီး ဆောင်ရွက်စရာတာဝန်တွေရှိသေးတယ်လို့ ကျွန်တော်ယူဆပါတယ်။

ဒီတာဝန်တွေကတော့ တခြားမဟုတ်ပါဘူး။ မြို့တိုင်းမြို့တိုင်း၊ နယ်တိုင်းနယ်တိုင်း၊ ရွာတိုင်းရွာတိုင်းမှာ သစ်ပင်ဝါးပင်တွေကို တတ်နိုင်သလောက် စိုက်ပျိုးပေးဖို့တာဝန်ဘဲဖြစ်တယ်။ အထူးသဖြင့် ဒီနှစ်မှာ မိုးအကျကလည်းနှောင်းတယ်။ အပူဒဏ်ကလည်း အတော်ထိပြင်းထန်လိုက်တယ်။ ဒီတော့ ရေအခက်အခဲကြောင့် လူတွေလည်း ဆင်းရဲဒုက္ခရောက်ကြရတယ်။ သစ်ပင်ဝါးပင်တွေလည်း ညှိုးနွမ်းပျက်စီးကြရတယ်။ ကျွန်တော့်မှာ ဘာကိုသွားပြီး သတိရမိသလဲလို့ဆိုတော့ ကျွန်တော့်ရဲ့ရာဇဝင်မှာ တစ်ခါတုန်းက ကျောင်းကြီး၊ ကန်ကြီး၊ ဘုရားကြီးတွေနဲ့၊ လူနေအိမ်ခြေတွေနဲ့ အလွန်တရာစည်ကားသိုက်မြိုက်ခဲ့ပြီး၊ ကျွန်တော်တို့တစ်တွေရဲ့ ပြည်ထောင်စုယဉ်ကျေးမှုကြီးကို အုတ်မြစ်ချပေးခဲ့တဲ့ ပုဂံမြို့ကြီးရဲ့ကံကြမ္မာကို ပြေးပြီးသတိရလိုက်မိတယ်။

## ပုဂံမြို့ကြီး၏ ကံကြမ္မာ

ပုဂံမြို့ကြီးဟာ အနော်ရထာမင်းလက်ထက်ကစပြီး၊ ကြီးကျယ်စည်ကားလာလိုက်တာဟာ နှစ်ပေါင်းနှစ်ရာကျော် သုံးရာနီးပါးလောက် ကြာမြင့်ခဲ့တယ်။ ဒီ့နောက်ကျတော့ ပုဂံမြို့သူ မြို့သားတွေဟာ အကြောင်းအမျိုးမျိုးတွေကြောင့် ဒီလောက်ကြီးကျယ်စည်ကားခဲ့တဲ့ အင်မတန်လှပတင့်တယ်တဲ့ ပုဂံမြို့ကြီးကိုစွန့်ပြီး၊ ရေကြည်ရာ မြက်နုရာအပိုင်းတွေကိုရွှေ့ပြောင်း၍ အင်းဝတို့၊ ပင်းယတို့၊ စစ်ကိုင်းတို့၊ ဟံသာဝတီတို့၊ မြောက်ဦးတို့ကိုတည်ထောင်ပြီး နေထိုင်ကြရတယ်။ ဒီလိုမြို့သစ်၊ နေရာသစ်တွေကို ပြောင်းပြေးချင်လောက်အောင် ဖန်တီးပေးတတ်တဲ့အကြောင်းရင်းတွေအနက် သစ်ပင် ဝါးပင်ပြုန်းတီးပျက်စီးမှုဟာလည်း အကြောင်းရင်းတစ်ခုပဲလို့ ပညာရှိတွေကဆိုခဲ့ကြပါတယ်။ ဒီစကားဟာအင်မတန်မှန်တယ်လို့ ကျွန်တော်ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ သေသေချာချာစဉ်းစားကြည့်လိုက်မယ်ဆိုရင်၊ သစ်ပင် ဝါးပင်တွေဟာ ရာသီဥတုမျှတအောင်၊ မြေဆီမြေဩဇာကို တည်တံ့ခိုင်မြဲအောင် ပြုလုပ်ပေးနိုင်တဲ့ အရာဝတ္ထုတွေဖြစ်တယ်။ ဒီတော့ ဒီသစ်ပင် ဝါးပင်တွေပြုန်းတီးပျက်စီးကုန်ကြရင် ဘာဖြစ်နိုင်သလဲ။ ရာသီဥတု မမျှမတဖြစ်လာရင်၊ မြေဆီမြေဩဇာတွေ ခေါင်းပါးလာဖို့သာရှိတာပဲ။ ရာသီဥတုမမျှမတ ဖြစ်လာတဲ့အရပ်ဟာ၊ မြေဆီမြေဩဇာ ခေါင်းပါးလာတဲ့အရပ်ဟာ၊ လူ့လောက အပါအဝင်ဖြစ်တဲ့ သက်ရှိလောကအတွက် ဘယ်မှာနေချင်စရာကောင်းတော့မှာလဲ။ ဘယ်မှာစည်ကားသိုက်မြိုက်နေပါတော့မလဲ။ ဒီလိုအရပ်မျိုးဟာ တစ်စတစ်စ အစွန့်ခံလာရမယ့်အရပ် ဖြစ်လာရမှာအမှန်ဘဲ။

## သစ်ပင်ပြုန်းတီးမှုအန္တရာယ်

ဒါတင်မကသေးပါဘူး၊ သစ်ပင် ဝါးပင်တွေပြုန်းတီးပျက်စီးကုန်ရင်၊ မြို့အစွန့်ခံရတဲ့ဒဏ်ထက် အဆပေါင်းထောင်သောင်းမကပိုပြီးကြုံရမယ့်ဒဏ်တွေလည်း တစ်ပုံတစ်ခေါင်းကြီးရှိသေးတယ်။ တောင်စောင်းတောင်ခါးပန်းတွေမှာပေါက်နေကြတဲ့ သစ်ပင်ဝါးပင်တွေကိုအရမ်းမဲ့ ဖျက်ဆီးကြရင် အရမ်းမဲ့ဖျက်ဆီးနေတဲ့လူအဖို့မှာ အခိုက်အတန့်အားဖြင့် သူ့လိုဘကလေးတော့ ပြည့်စုံသွားပါရဲ့၊ ဒါပေမယ့် သစ်ပင်ဝါးပင်တွေပြုန်းတီးကုန်ကြလို့ မိုးရေထိန်းသိမ်းပေးမယ့်အတားအဆီးတွေ ပျက်စီးသွားကြတဲ့အတွက် ဒီမိုးရေတွေဟာ မြစ်ထဲချောင်းထဲကို ဒလဟောစီးဆင်းကုန်ပြီး၊ မြစ်နားချောင်းနားမှာနေကြတဲ့လူတွေမှာ ရေလွှမ်းမိုးခြင်းဆိုတဲ့ဒဏ်ကိုခံကြရတယ်။ ရေလွှမ်းမိုးတယ်ဆိုတာဟာ

အင်မတန်ကြောက်စရာကောင်းပါတယ်။ မီးအလောင်ခံရတာနဲ့အတူတူပါဘဲ။ လူတွေရော၊ ကျွဲတွေ နွားတွေရော ရှိစုမဲ့စု ပစ္စည်းတွေရော၊ အိုးရောအိမ်ရော ရေထဲမျောပြီး၊ ဆုံးပါးကုန်ကြရတာဘဲ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရေလွှမ်းမိုးခြင်းကိုခံရတဲ့ အကြောင်းရင်းတွေအနက်၊ တောင်ပေါ်ကသစ်ပင်ဝါးပင်တွေ ပြုန်းတီးပျက်စီးကုန်တဲ့အကြောင်းရင်းလဲပါတယ်လို့ ယူဆရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာသာမကပါဘူး။ အရင်က ကျွန်တော်တို့ကြားဖူးတဲ့ တရုတ်ပြည်ကြီးမှာ ရေလွှမ်းမိုးတဲ့သတင်းတွေဟာလည်း ဒီအကြောင်းကြောင့်လည်း ဖြစ်တယ်လို့ဆိုကြပါတယ်။

## သဲကန္တာရမဖြစ်စေနဲ့

နောက်ပြီးတော့ သစ်ပင်ဝါးပင်တွေပျက်စီးကုန်တဲ့အတွက် ဖွဲမီးလိုတငွေ့ငွေ့နဲ့မသိမသာခံရပြီး၊ နောက်ဆုံးမှာ ဘယ်သူမှအလွယ်တကူ မကယ်နိုင်အောင်ခံရမယ့် ဘေးဆိုးဒဏ်ဆိုးကြီးလည်း ရှိသေးတယ်။ ဒီဘေးဆိုးဒဏ်ဆိုးကြီးဟာ တခြားမဟုတ်ပါဘူး။ သဲကန္တာရဘဝကိုရောက်သွားရတဲ့ ဘေးဆိုးဒဏ်ဆိုးကြီးပဲဖြစ်ပါတယ်။ သစ်ပင် ဝါးပင်၊ သစ်တောဝါးတောဆိုတာမျိုးဟာ ခြောက်သွေ့တဲ့အရပ်မှာတောင် သူ့အချိန်ကျရင် မိုးရွာကျလာအောင် သွေးဆောင်ပေးနိုင်တဲ့ သဘောရှိပါတယ်။ သစ်တော ဝါးတောတွေ မရှိတဲ့အတွက် မိုးခေါင်ပါလေရော။ မိုးခေါင်ပါများလာရင် ဒီအရပ်ဟာ ခြောက်သထက်ခြောက်ပြီး၊ နောက်ဆုံးကျတော့ သဲကန္တာရကြီးဖြစ်လာရတဲ့ ဘဝဆိုးကို ရောက်တော့တာပဲ။ ကမ္ဘာပေါ်မှာရှိတဲ့ သဲကန္တာရတွေဟာ ဒီနည်းအတိုင်း သဲကန္တာရဖြစ်လာရတာတွေချည်းပါဘဲ။ သဲကန္တာရဖြစ်သွားတာနဲ့တစ်ပြိုင်နက် ဒီအရပ်ဟာ လူ့လောကကို ဘာအကျိုးမှ မပေးနိုင်တော့ဘူးဆိုတာဟာ သေချာပါတယ်။

ဒီတော့ သစ်ပင်ဝါးပင်၊ သစ်တောဝါးတောတွေ ပြုန်းတီးပျက်စီးကုန်တဲ့အတွက် ရာသီဥတုမမျှမတဖြစ်ကြရတာတွေ၊ မြေဆီမြေသြဇာခမ်းခြောက် ပျောက်ကွယ်ကြရတာတွေ၊ မြစ်ရေချောင်းရေလျှံပြီး ရေလွှမ်းမိုးခြင်းခံကြရတာတွေ၊ ဘာမှအသုံးမကျတဲ့ သဲကန္တာရဖြစ်ကြရတာတွေကို သိမြင်လာကြတဲ့ သိပ္ပံပညာရှိကြီးတွေဟာ ဒီဘေးဆိုးဒဏ်ဆိုးတွေကို ပပျောက်အောင် နည်းလမ်းအမျိုးမျိုးရှာကြံပြီး၊ အားထုတ်နေကြတယ်။ ကမ္ဘာ့ကုလသမဂ္ဂအသင်းကြီးကဆိုရင်၊ ဒီကိစ္စအတွက် ဆော်ဆော်သြသြပြုလုပ်ပြီး သစ်ပင်တွေစိုက်ကြပါလို့ တဖွဖွ ကြွေးကြော်ပေးခဲ့တယ်။ **'ကမ္ဘာ့သစ်ပင်ပွဲတော်နေ့'**ဆိုပြီး၊ ဇွန်လ ၂၇ ရက်နေ့ကိုသတ်မှတ်ပေးခဲ့တယ်။ သစ်ပင်စိုက်ရေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ပါရဂူတွေကို အနှံ့အပြားလွှတ်ပြီး ဆောင်ရွက်စေတယ်။ ဖြစ်ပြီးသား သဲကန္တာရတွေကိုတောင် စိုစိုပြည်ပြည်ပြန်ဖြစ်လာအောင် ကြိုးစားအားထုတ်ဆောင်ရွက်နေကြပါတယ်။

## ခေတ်မီလိုလျှင် သစ်ပင်စိုက်

သဲအတိပြီးတဲ့ အဖ္ဖရိလ်နိုင်ငံကလေးမှာဆိုရင်၊ သစ်တောတွေ ပြန်လည်ဖြစ်ထွန်းလာရေးအတွက် သင့်တော်တဲ့ သစ်ပင်တွေကို ပြန်စိုက်နေကြတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင်လည်း ရာဂျပုတ္တန သဲကန္တာရထဲမှာတောင် သစ်တောတွေပြန်ဖြစ်လာအောင် အားထုတ်နေကြတယ်။ တရုတ်နိုင်ငံမှာဆိုရင်လည်း မြောက်ဘက်တလွှားက ဂိုဘီသဲကန္တာရကြီးကို တားဆီးလိုတဲ့အတွက် သစ်ပင်တွေ သစ်တောတွေကို ပြန်စိုက်နေကြတယ်။ ဒါတင်မကသေးပါဘူး။ ဥရောပတိုက်မှာရော၊ အမေရိကတိုက်မှာရော၊ သဲကန္တာရမရှိတဲ့ ခြောက်သွေ့ခြင်းမရှိတဲ့ နိုင်ငံတွေကတောင် သစ်ပင်အမျိုးမျိုးကို နှစ်စဉ်နှစ်တိုင်းဘဲ တိုးတိုးပြီးစိုက်နေကြတာကို တွေ့ရတယ်။ ကျွန်တော်ရောက်တဲ့နိုင်ငံတိုင်းလိုလိုမှာ အနောက်အုပ်စုပဲဖြစ်ဖြစ်၊ အရှေ့အုပ်စုပဲဖြစ်ဖြစ်၊ နိုင်ငံရေးဝါဒချင်းကွဲမယ်၊ စီးပွားရေးစနစ်ချင်းကွဲချင်ကွဲမယ်၊ သစ်ပင်တွေ သစ်တောတွေကို ကြိုးစားပြီးစိုက်တဲ့နေရာမှာတော့ တစ်ဝါဒတည်းပဲဖြစ်ကြတာကိုသာ တွေ့ရပါတယ်။

၁၉၅၄ ခုနှစ်က၊ ဆိုဗီယက်နိုင်ငံကို ကျွန်တော်အလည်သွားခဲ့တယ်။ ပထမဆုံးရောက်တဲ့မြို့ဟာ တက်(ရှ်)ကင့်ဖြစ်တယ်။ တက်(ရှ်)ကင့်ဟာ ဆိုဗီယက်ယူနီယံရဲ့ ပြည်နယ်တစ်နယ်ဖြစ်တဲ့ အုဇဘက်ပြည်နယ်ရဲ့မြို့တော်ဖြစ်တယ်။ အဲဒီပြည်နယ်အတွင်းမှာရှိတဲ့ မြို့တွေအားလုံးမှာ သစ်ပင်တွေအပြိုင်စိုက်တာ၊ တစ်နှစ်အတွင်း အပင်ပေါင်းငါးသန်းစိုက်ပြီးတယ်လို့ အဇာခိုင်ဂျန် ပြည်နယ်ဥက္ကဋ္ဌက ကျွန်တော် တက်(ရှ်)ကင့်ကိုရောက်ရောက်ချင်း၊ သူတို့ပြည်နယ်အတွက် ဂုဏ်ယူပြီးပြောတဲ့စကားတွေထဲမှာ အရေးကြီးတဲ့စကားတစ်ခုအနေနဲ့ ထည့်ပြီးပြောတယ်။

နောက်ပြီးတော့ ဂျပန်မြို့တော် တိုကျိုကိုရောက်တုန်းကလည်း သစ်ပင်တွေကို အထူးဦးစားပေးပြီး စိုက်ထားတာကိုတွေ့ရတယ်။ အားလုံးသိကြတဲ့အတိုင်းပဲ၊ စစ်အတွင်းက တိုကျိုမြို့တော်ဟာ အတော်ပဲပျက်စီးသွားတယ်။ မြို့တော်ကို ပြန်လည်ထူထောင်တဲ့အခါမှာ သစ်ပင်တွေကို တစ်ပါးတည်းစိုက်လာကြတယ်။ အဲ့ဒါကြောင့်၊ ဒီကနေ့ တိုကျိုမြို့တော်ထဲမှာ လျှောက်လည်ကြမယ်ဆိုရင်၊ လမ်းတိုင်းမှာ ဆယ်ကိုက်လောက်ကို သစ်ပင်တစ်ပင်ကျလောက်စိုက်ထားတာကိုတွေ့ရလိမ့်မယ်။

ဒါတွေကို ခဏခဏမြင်ရတွေ့ရတော့၊ သစ်ပင်မစိုက်ဘဲနေရင်၊ ခေတ်မမီဘဲများ ဖြစ်နေမလားလို့တောင် စိတ်ထဲမှာ သံသယဖြစ်လာမိတယ်။

## သစ်ပင်စိုက်ပျိုးရေးစီမံကိန်း

ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း သစ်ပင်တွေပြန်စိုက်ဖို့၊ သစ်တောတွေ ပြန်စိုက်ဖို့အတွက်၊ နိုင်ငံတော်အစိုးရအနေနဲ့အတော်ခပ်များများ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သဲကန္တာရ

တော့မရှိသေးဘူးလို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် မိုးခေါင်ရေရှားဒေသဖြစ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသဟာ သစ်ပင်သစ်တော ပြန်မစိုက်ဘဲ လျစ်လျူရှုထားလိုက်ရင်၊ သဲကန္တာရကြီးဖြစ်လာလိမ့်မယ်လို့ ပါရဂူတွေက ယူဆကြတယ်။ သေသေချာချာတွေးကြည့်ရင် တော်တော်အသည်းထိတ်ဖို့ကောင်းတဲ့ကိစ္စကြီးပါဘဲ။ နောက်ပြီးတော့ တောင်တန်း တောင်ခါးပန်းတွေမှာဆိုရင် တောင်ယာလုပ်ငန်းအတွက် သစ်ပင်ကြီး သစ်ပင်ငယ်တွေဟာ တော်တော်ပြုန်းတီးပျက်စီးကုန်ကြပြီ။ ဒီတော့ မြေဆီမြေသြဇာတွေဟာ ဆီးတားပေးနိုင်တဲ့ သစ်ပင်တွေမရှိတဲ့အတွက် နိမ့်ရာကို လျှောကျဆုံးပါးကုန်ကြလို့၊ တောင်ကတုံးတွေပေါ်မှာ ကောက်ပဲသီးနှံစိုက်နိုင်ဖို့ဝေးရော၊ နွားစားဖို့ မြက်တောင် ပေါက်ဖို့အတော်ခဲယဉ်းနေပြီလို့ သိရပါတယ်။ နောက်ပြီးတော့ မြေပြန့်ဒေသမှာဆိုရင်လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းကရော၊ ယခုခေတ်မှာရော၊ စည်းမဲ့ကမ်းမဲ့ သစ်ပင်တွေကိုခုတ်လှဲနေကြတဲ့အတွက် ပြည်သူပိုင်သစ်တောတွေဟာ အတော်ကလေးပြုန်းတီးခဲ့ပြီ။

ဒါကြောင့်မို့လို့ ဒီလိုပျက်စီးမှု၊ ပြုန်းတီးမှုတွေကို ကာကွယ်နိုင်အောင်၊ အစိုးရအနေနဲ့ ၁၉၅၃–၅၄ ခုနှစ်လောက်ကစ၍ သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်းကိုရေးဆွဲပြီး ဆောင်ရွက်နေပါတယ်။ အစကနဦးအနေနဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဖြစ်တဲ့ မိုးခေါင်ရေရှားဒေသမှာ စတင်ဆောင်ရွက်နေပါတယ်။ ပုပ္ပါးစိုပြည်ရေးစီမံကိန်းဆိုတာကို ကြားဖူးကြပါလိမ့်မယ်။ ဒီစီမံကိန်းဟာ မိုးခေါင်ရေရှားဒေသအတွက်ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ တောင်တန်း တောင်ခါးပန်းတွေမှာ တောင်ယာခုတ်တဲ့စနစ်ပပျောက်ပြီး၊ မြေဆီမြေသြဇာထိန်းသိမ်းရေးအတွက်လည်း စီမံကိန်းရှိပါတယ်။ ဒီစီမံကိန်းကို နာဂတောင်တန်းမှာစမ်းကြည့်ပြီး၊ အကောင်အထည်ဖော်နေပါတယ်။ ရှမ်းပြည်နယ်အစိုးရကလည်း မြေလပ်ဒေသမှာဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းအရ တောင်တန်း တောင်ခါးပန်းတွေမှာ တောင်ယာခုတ်တဲ့ ရှေးစနစ်အစား လှေခါးထစ်အဆင့်ဆင့်လုပ်ပြီး စိုက်ပျိုးတဲ့ လှေခါးထစ်စနစ်ကို အသုံးပြုစေပါတယ်။ တောင်ထိပ်မှ တောင်ခြေအထိအကွက်ရိုက်ပြီး သစ်ပင်ဝါးပင်တွေကို စိုက်နေပါတယ်။

**သီးစားပင်နှင့် ရွက်စားပင်**

ဒါတင်မကပါဘူး၊ ပြည်ထောင်စုနိုင်ငံအနှံ့အပြားမှာ သီးစားပင် ရွက်စားပင်တွေ အမြောက်အမြားစိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းလည်းရှိပါသေးတယ်။ ဒီစီမံကိန်းအရ အုန်းပင်တို့၊ကွမ်းသီးပင်တို့၊လက်ဖက်၊ကာဖီ၊လေးညှင်း၊ ဇာဒိပ္ဖိုလ်၊ဘယဆေးပင်စသည်တို့အတွက် ပျိုးပင်အမြောက်အမြားရအောင် ပျိုးခင်းများကို စီမံပေးပါတယ်။ ပျိုးပင်တွေကိုဝေပေးပါတယ်။ အုန်းခြံကြီးတွေဖြစ်လာအောင် စီမံပေးပါတယ်။ ဒီပြင်လည်း လိုအပ်တဲ့ပျိုးပင်တွေ အလုံအလောက်ရအောင် ခရိုင်တိုင်း၊ ပြည်နယ်တိုင်းမှာ ပျိုးဥယျာဉ်တွေ တည်ထောင်ပေးဖို့ စီမံဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုစီမံကိန်းအမျိုးမျိုးတွေချပြီး၊ သက်ဆိုင်ရာဒေသအမျိုးမျိုးမှာ အစိုးရအနေနဲ့ဆောင်ရွက်ခဲ့တာဟာ ၂ နှစ်ကျော်လာပါပြီ။ ဒါပေမယ့် တိုင်းပြည်မှာ မိုးခေါင်ရေရှားဖြစ်မဲ့ဘေး၊ သဲကန္တာရဖြစ်မဲ့ဘေး၊ ရေလွှမ်းမိုးမဲ့ဘေး၊ သီးစားပင် ရွက်စားပင် ရှားပါးမဲ့ဘေးတွေကို ကာကွယ်ရေးအတွက် နေရာတကာမှာ အစိုးရကိုချည်းအားကိုးနေကြလို့ ကိစ္စမပြီးနိုင်ဘူး။ တိုင်းသူပြည်သားလူအများကလည်း ဒီကိစ္စတွေမှာ စိတ်ပါဝင်စားပြီး၊ ကိုယ်ထူကိုယ်ထ ဝိုင်းဝန်းဆောင်ရွက်ကြမှလည်း လုံးဝအောင်မြင်မှုကိုရနိုင်မယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရရှိကတည်းက ပြည်ထောင်စုသားအားလုံးရဲ့ အကျိုးကျေးဇူးအတွက် တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီးဟာ ကိုယ်ပိုင်တဲ့ကိုယ့်အိုးကိုယ့်အိမ်သဖွယ် ဖြစ်နေပြီဆိုတာကို လူထုကြီးတစ်ရပ်လုံးက သတိပြုကြပါ။ ကိုယ့်အိုးကိုယ့်အိမ်အတွင်းမှာ ပျက်စီးနေတာရှိသလား၊ ယိုစီးနေတာရှိသလား၊ ရှိရင်ကိုယ့်အိုးကိုယ့်အိမ်ကို ကိုယ်ကိုယ်တိုင်ထပြီး ပြင်ဖို့ရှိတယ်။ မပြင်ရင်ကိုယ်နစ်နာဖို့ပဲရှိတယ်။ ဒီတော့တိုင်းသူပြည်သားလူအများဟာ ကိုယ့်တိုင်းပြည်ကို ကိုယ့်အိုးကိုယ့်အိမ်သဖွယ်သဘောထားပြီး ဆောင်ရွက်ကြဖို့လိုတယ်။

ပြည်ထောင်စုအတွင်းမှာ သစ်ပင်ဝါးပင်တွေ၊ သစ်တော ဝါးတောတွေ၊ သီးစားပင်ရွက်စားပင်တွေ၊ ဘယဆေးပင်တွေ စည်စည်ကားကား ပြန်လည်ဖြစ်ထွန်းလာဖို့အရေးမှာလည်း မြို့တိုင်း၊နယ်တိုင်း၊ရွာတိုင်းမှာရှိတဲ့ ပြည်သူပြည်သားတိုင်းအတွက် ခြေနိုင်လက်နိုင် ဆောင်ရွက်လိုက်တာတွေ၊ ခြေနိုင်လက်နိုင် ဆောင်ရွက်စရာတွေ အများကြီးရှိပါတယ်။ သစ်ပင်ဝါးပင်ကိုပဲဖြစ်ဖြစ်၊ သီးစားပင်ကိုပဲဖြစ်ဖြစ်၊ ရွက်စားပင်ကိုပဲဖြစ်ဖြစ်၊ ဘယဆေးပင်ကိုပဲဖြစ်ဖြစ်၊ ကိုယ့်ဝင်းအတွင်းမှာ ကိုယ့်ခြံအတွင်းမှာ မြေလွတ်ရှိတဲ့နေရာတိုင်းမှာ တစ်ပင်စနှစ်ပင်စကိုယ်စီ ကိုယ်ငှသော်လည်းကောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်း၍သော်လည်းကောင်း စိုက်ကြဖို့အချိန်တော်လာပါပြီ။

ဒီလိုစိုက်ရတာ ခက်ခဲတဲ့ကိစ္စမဟုတ်ဘူးဆိုတာ အားလုံးအသိပါ။ အာရုံမပြုမိသေးလို့၊ မစိုက်ကြတာဘဲ မဟုတ်ဘူးလား။ ဝါးခယ်မက ကျွန်တော်တို့ရဲ့အိမ်ရှေ့မှာဆိုရင်၊ နက်တဲ့သရက်ပင်ကြီးတစ်ပင်ရှိတယ်။ မန်ကျည်းပင်ကြီးတစ်ပင်ရှိတယ်။ အုန်းပင်ကသုံးပင်ရှိတယ်။ အိမ်ဘေးနားဆီမှာ ဘင်္ဂလာသရက်ပင်တစ်ပင်ရှိတယ်။ ရဲယိုပင်တစ်ပင်ရှိတယ်။ မာလကာပင် တစ်ပင်ရှိတယ်။ ပျဉ်းတော်သိမ်ပင်ရှိတယ်။ ဒီအပင်တွေကို ကျွန်တော်တို့ရဲ့မိဘတွေဟာ၊ ခက်ခက်ခဲခဲ စိုက်ရတာမဟုတ်ပါဘူး။ မြေကြီးတစ်ထွာလောက်တူးပြီး စိုက်ထားလိုက်တာပဲ။ မနက်တိုင်း ဘုရား

ရှိနိုးပြီးရင် ခြံထဲဆင်းသွားပြီး ဒီသစ်ပင်တွေကို ရေတစ်ခွက်စီလောင်းလိုက်တာပဲ။ ညနေအလုပ်ကပြန်လာရင် ရေတစ်ခွက်စီလောင်းလိုက်တာပဲ။ အဲဒီအပင်တွေဟာ အခုတော့အသီးအပွင့်အရွက်တွေ ဝေဝေဆာဆာဖြစ်ပြီး၊ မိဘတွေလက်ထက်မှာရော၊ ကျွန်တော်တို့လက်ထက်မှာရော စားလို့သုံးလို့မကုန်ပါဘူး။ အိမ်နီးနားချင်းတွေကိုတောင် ဝေရပါသေးတယ်။

**စိုက်သူထက် ခုတ်သူကများနေမှု**

အခုတော့၊ ဒီလိုမဟုတ်တော့ဘူး။ အခုတ်သာရှိနေတယ်။ ကိုယ့်ရဲ့သားတွေ မြေးတွေအတွက် စိုက်ထားခဲ့ဖို့ ဆိုတာတော့ဝေးရော၊ ကိုယ့်ရဲ့ဘိုးဘွားမိဘတွေစိုက်ပစ်ခဲ့တဲ့အပင်တွေကိုတောင် ရက်ရက်စက်စက် တစ်ခုတ်ထဲခုတ်ပစ်နေကြတာဘဲ မဟုတ်လား။

သစ်ပင်တစ်ပင်ဟာ ရုက္ခစိုးမိသားတစ်စုရဲ့ ဘုံဗိမာန်တစ်ခုဘဲဆိုတာ၊ ဗုဒ္ဓဘာသာဝင်တိုင်း ဝန်ခံရလိမ့်မယ်။ အဲဒီတော့ သစ်ပင်တစ်ပင်ကို ခုတ်လိုက်တာဟာ ရုက္ခစိုးမိသားတစ်စုရဲ့ ဘုံဗိမာန်ကိုဖျက်ဆီးပစ်လိုက်တာပဲ။ အဲဒီတော့ မလွဲသာလို့ သစ်တစ်ပင်ကိုခုတ်ရသည့်တိုင်အောင် သစ်ပင်လေးငါးပင်ကို အစားပြန်စိုက်ပေးဖို့သတိရှိရမယ်။ ဒီလိုစိုက်မပေးနိုင်ရင် ရုက္ခစိုးတွေရဲ့အကြိမ်အဆဲကို ခံရတတ်တယ်။

**အရိပ်နေနေအခက်ချိုးချိုး မလုပ်နဲ့**

သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တို့ကို မညှာတာ မထောက်ထားဘဲ အရမ်းမဲ့ချိုးဖဲ့ဖျက်ဆီး ခုတ်ထစ်နေကြတဲ့ လူရမ်းများအတွက် မဏ္ဍာသနိပါတ်မဟာပေါဓိဇာတ်အဖွင့်ထဲက ဆုံးမစာတစ်ခုကို ထုတ်ပြီးပြချင်တယ်။

အတ္တနာပရိဘုတ္တ ဆ္ဆာယဿ ရုက္ခာဿပိ၊ သာခံဝါ ပတ္တံနဘိန္ဒေယျ၊ ကိံ ကာရဏာ၊ မိတ္တ ဒုဗ္ဘောဟိပါပကော။

အတ္တနာ၊ မိမိသည်၊ ပရိဘုတ္တ ဆ္ဆာယဿ၊ မှီဝဲသုံးဆောင်သမျှ အရိပ်ပြုလျက်နေသော ရုက္ခာဿပိ၊ သစ်ပင်၊ သာခံဝါ၊ အကိုင်းအခက်ကိုသော်လည်းကောင်း၊ ပတ္တံဝါ အရွက်သော်လည်းကောင်း၊ နဘိန္ဒေယျ၊ မချိုးမဖျက်ရာ၊ ကိံ ကာရဏာ၊အဘယ်ကြောင့်နည်းဟူမူကား၊ မိတ္တ ဒုဗ္ဘော အဆွေခင်ပွန်းကောင်းကို ပြစ်မှားသသည်၊ ပါပကောဟိ၊ ပါပကောဝ၊ ယုတ်မာလှသည်ပင်လျှင်တည်း။

အဲဒီဆုံးမစာရဲ့ ဆိုလိုရင်းကတော့ တခြားမဟုတ်ပါဘူး။ လူသတ္တဝါတွေကို ကျေးဇူးပြုနေတဲ့ သစ်ပင်၊ ပန်းပင်တွေကို ချိုးဖဲ့ခုတ်ထစ်ဖျက်ဆီးပစ်နေတဲ့ လူတွေဟာ၊ လူယုတ်မာတွေဖြစ်တယ်လို့ ဆိုလိုရင်းပဲဖြစ်ပါတယ်။ အဲဒီဆုံးမစကားကိုမှီပြီး ''အရိပ်နေနေ အခက်ချိုးချိုး'' မပြုလုပ်ရဘူးလို့ ရှေးလူကြီးများ ဩဝါဒပြုခဲ့ဖူးကြတာကို သောတရှင်များလည်း မှတ်မိကြပါလိမ့်မယ်။

နောက်ပြီးတော့လည်း ရှေးလူကြီးများ ဆုံးမလေ့ရှိကြတဲ့ အရိပ်ကြီး ၆ ပါးကိုလည်း ကျွန်တော်ပြောပြချင်ပါသေးတယ်။ ဒီအရိပ်ကြီး ၆ ပါးကတော့ တခြားဟာမဟုတ်ပါဘူး။

(၁) သစ်ပင်အရိပ်၊
(၂) ဆွေမျိုးအရိပ်၊
(၃) မိဘအရိပ်၊
(၄) ဆရာသမားအရိပ်၊
(၅) မင်းစိုးရာဇာအရိပ်၊
(၆) ဘုရားသာသနာအရိပ် တို့ပင်ဖြစ်ပါတယ်။

အဲဒါကြောင့် သစ်ပင်ရဲ့ကျေးဇူးဟာ အင်မတန်ကြီးကျယ်ကြောင်း ထင်ရှားပါတယ်။ နောက်ပြီးတော့လည်း သစ်ပင်တွေကို ဖျက်ဆီးရင်၊ သစ်ပင်စောင့်နတ်တွေကိုပါ ထိခိုက်နစ်နာစေတဲ့အတွက် သစ်ပင်စောင့်နတ်များ ဒေါသထွက်ပြီး ဖမ်းစားတတ်ကြောင်းကို ထင်ရှားတဲ့သာဓကတစ်ခုနဲ့ ပြချင်ပါတယ်။

**(၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလထုတ် မြန်မာပြည်သစ်တောကြေးမုံမှ ပြန်လည်ဖော်ပြပါသည်။)**

*ရှေ့လဆက်လက်ဖော်ပြပေးပါဦးမည်။*

**စာမျက်နှာ ၂၉ မှ**

စက်ဘီးစီးခြင်းနှင့် အများပြည်သူသုံး ပို့ဆောင်ရေးလမ်းကြောင်းများ အသုံးပြုခြင်းတို့ဖြင့် တစ်ဦးတစ်ယောက်ချင်းစီလည်းကောင်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ပြီး ရာသီဥတု ပြောင်းလဲခြင်းကိုလည်း လျော့ကျစေနိုင်မည်ဖြစ်ပါသည်။ ဒေသဆိုင်ရာသစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မိရိုးဖလာစိုက်ပျိုးရေးစနစ်ဖြင့် လယ်ယာလုပ်ငန်းတွင် ဟင်းလင်းပွင့်မီးရှို့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများကိုထိန်းချုပ်ရေးနှင့် လူနေမှုပုံစံအလေ့အထများပြောင်းလဲရန် ပြည်သူလူထုအား အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့်လည်း လေထုညစ်ညမ်းမှုတိုက်ဖျက်ရန် ဆောင်ရွက်နိုင်ပါသည်။

လေထုညစ်ညမ်းမှုနှင့်ဆက်စပ်၍ လူသားများကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ကိုသိရှိ၍ လေထုညစ်ညမ်းမှု လျော့ကျရေးအတွက် ထိန်းချုပ်မှုများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ကျမ်းကိုး**

- https://en.wikipaedia.org/wiki/Air-pollution
- https://www.who.int/airpollution/en/
- asmc.asean.org/asmc-haze-air-quality/



# ဟဲ--ဟဲ--ဒါလေးများ--
# (၁၆)အဖြေမှန်များ

၁။ (က) ၁၇ မျိုး

၂။ (က) အကျိုးဆက်စပ် ပတ်သက်သူများ

(ခ) ဖွံ့ဖြိုးတိုးတက်မှု

(ဂ) စီးပွားဖြစ်

၃။ (က) အန်ဒမန်ပို့ဆောင်ရေးလီမိတက်

Andaman Transportation Limited (ATL)

၄။ (က) ထိန်းသိမ်းကာကွယ်ရေး

၅။ (က) စည်းရုံးဟောပြောခြင်း (ခ)ပြည်ထဲရေး

၆။ (က) ကျော့ကွင်း (ခ) ကျင်း

၇။ (က) ရှောင်တခင် (ခ) ရဲတပ်ဖွဲ့

၈။ (က) သတိပေး



၉။ (က) နယ်ခြားစောင့် (ခ) ရှောင်တခင်

၁၀။(က) ကင်းလှည့်စစ်ဆေးခြင်း

၁၁။(က) ဆွေးနွေး (ခ) အသိပညာပေးခြင်း

၁၂။(က) Spatial Monitoring and Reporting Tool

၁၃။(က) တိုးချဲ့အသိပညာပေး (ခ)ကွင်းဆင်း

၁၄။(က) ရွှေ့ပြောင်းတောင်ယာ

၁၅။(က) မတည်ရင်းနှီးငွေ

၁၆။(က) ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်း

၁၇။(က) ကြိုးဝိုင်းစီမံအုပ်ချုပ်မှုအဖွဲ့



၁၈။(က) သစ်ပင်စိုက်ပျိုးပွဲတော်

၁၉။(က) လူမှုစီးပွားစစ်တမ်း

၂၀။(က) စိုးမိုးရေးလုပ်ငန်းများ

၂၁။(က) Tanintharyi Langur Survey

၂၂။(က) အသိပညာပေး (ခ) သဘာဝပတ်ဝန်းကျင်

၂၃။(က) မွန် (ခ) ကရင် (ဂ) မြန်မာ

(ဃ) သဘာဝထိန်းသိမ်းရေး

၂၄။(က) တန်ဖိုးမြှင့် (ခ) လက်မှု

၂၅။(က) ဒေသခံစီမံကိန်း



၂၆။(က) ပြည်တွင်း

၂၇။(က) ပြည်ပ

၂၈။(က) RECOFTC

၂၉။(က) MODIS

၃၀။(က) သတိပေး

(ခ) မီးတားလမ်း

၃၁။(က) ကြိုးဝိုင်း

(ခ) ကြားခံနယ်မြေ



၃၂။ (က) ပရဆေး

၃၃။ (က) နှစ်ခန်းတွဲ

၃၄။ (က) ငါးလုပ်ငန်း

၃၅။ (က) ဒေသခံတိုင်းရင်းသားလက်နက်ကိုင်




## ပြင်ဆင်ချက်

၂၀၁၉ ခုနှစ်၊ မေလထုတ် သစ်တောကြေးမုံ စာမျက်နှာ(၃၇)၊ နံပါတ်(၁၅)(က)၏ အဖြေမှန်မှာ– သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS - Wildlife Conservation Society) ဟု ပြင်ဆင်ဖတ်ရှုပေးကြပါရန်။




၂၁–၁၀–၂၀၁၅ ရက်နေ့ နံနက်(၈း၃၀)နာရီတွင် တဘူဒါန်းရွာမှ ခရမ်မူရိန်သို့ ဆက်လက်ထွက်ခွာခဲ့ကြရာလမ်းတွင် ကိုဇော်နိုင်ထွန်းက ယနေ့ ခရီးစဉ်မှာအဆင်း ၁ မိုင်ခွဲ၊ အတက် ၅ မိုင်ဟု ပြောပြထားသဖြင့် စာရေးသူမှာလန့်နေမိပါတယ်။ လမ်းမှာ ရွာမှစတင်ထွက်ခွာလာကတည်းက တောင်စောင်းအတိုင်း အပြေးဆင်းလာခဲ့ကြသော်လည်း အချို့နေရာများမှာ မတ်စောက်ပြီး ချောက်ကမ်းပါးများအနီးမှကပ်၍ လျှောက်ရသည့်လည်းရှိသည်မို့ အသည်းတယားယားနှင့် အလွန်ကြောက်စရာကောင်းလှပါတယ်။ လမ်းတစ်လျှောက် တောင်ကိုပတ်၍ဖောက်ထားသော လမ်းအတိုင်းသွားရသဖြင့် တောင်ကွေ့များတွင် ရေမှုန်များတဖွားဖွားလွင့်စင်ကျနေသော ရေတံခွန်များကိုတွေ့ရပြီး ထိုရေမှုန်များကြောင့် ရေတံခွန်အနီးပတ်ဝန်းကျင်၌ ပေါက်ရောက်နေသော ရေညှိရေမှော်ပင်များ၊ ဒရင်ကောက်ပင်များ၊ဒန်းပန်းပင်များမှာ အစုလိုက်အပြုံလိုက်ရှင်သန်စိမ်းလန်းနေသည်ကိုလည်း တွေ့ရှိရပါတယ်။ ရှုမငြီးအောင်လှသော သဘာဝရှုခင်းများဖြစ်ပြီး အဆင်းလမ်းမှာ လွယ်မယောင်နှင့် ခက်လှပါသည်။ စာရေးသူတို့လွယ်ထားသော ကျောပိုးအိတ်အလေးချိန်ကြောင့် ရှေ့သို့မှောက်လျားထိုးလဲမကျအောင် တုတ်တစ်ချောင်းနှင့်ထောက်၍ ကျားကန်ဆင်းရပြီး အချို့နေရာများတွင် မြေပြင်၌ထိုင်ချ၍ အောက်သို့လျှောချရပါတယ်။

စာရေးသူတို့မှာ ရေစီးသန်၍ သိပ်မနက်လှသော ဆည်ပုတ်ချောင်းကို ကြိုးတံတားဖြင့် ဖြတ်ကျော်ခဲ့ကြပြီး အတက် ၅ မိုင်ခရီးကို စတင်ခဲ့ကြပါတော့တယ်။ လမ်းမှာမတ်စောက်ပြီး လမ်းကကျဉ်းလွန်းသည့်အပြင် ဘေးတစ်ဖက်တစ်ချက်တွင်လည်း ပေ ၁၀၀ မကနက်သောချောက်များရှိရာ ခြေချော်ကျလို့ကတော့ မတွေးရဲစရာအခြေအနေပါ။ တောမှာပို၍နက်လာပြီး မြင့်မားသောသစ်ပင်ကြီးများ၏အရိပ်ကြောင့် စာရေးသူတို့မှာ အေးစိမ့်လာကြပြီး အချို့နေရာများတွင် နေပြောက်ပင်မထိုးပဲ အောက်ခြေတွင်စိုစွတ်လျက်ရှိရာ ကျွတ်နှင့် ဖြုတ်ကောင်များ၏ အကြိုက်ဖြစ်နေပါတော့သည်။ လမ်းဘေးနှစ်ဖက်တွင် အုံ့ဆိုင်းနေသောဝါးတောများနှင့် အောက်ခြေတွင် တောငှက်ပျောပင်ပုလေးများမှာ အုပ်စုလိုက်ပေါက်နေကြသည်ကိုလည်း တွေ့မြင်ရပါတယ်။ စာရေးသူတို့မှာ တဖြည်းဖြည်းမော့၍ အမြင့်သို့တက်ခဲ့ကြရာ လမ်းရှိ အမြင့် ၂၁၄၇ မီတာတွင် သစ်ခွမျိုးစိတ် ၂ မျိုးနှင့် အသီးအညိုရောင်ရှိသော *Sarcopyramis* spp; ကိုတွေ့ရှိ၍ စုဆောင်းကြပါသည်။ ထို့အပြင် အမြင့် ၂၁၇၇ မီတာတွင် *Pilea* spp;၊ အမြင့်၂၁၈၇ မီတာတွင် အပွင့်အဖြူရောင် *Chionanthus* spp;နှင့် အဖြူရောင်ပန်းဖူးနေသော *Embelia floribunda,* အမြင့် ၂၂၁၆ မီတာ တွင် ခရမ်းနီရောင်အသီးရှိသော သစ်ကပ်ချုံပင် *Photinia integrifolia,* နှင့် *Schima khasiana, Neohymen-opogon parasiticus, Polystichum* spp; ကိုလည်းကောင်း အမြင့် ၂၂၅၉ မီတာတွင် အစိမ်းရောင်အပွင့်ပွင့်သော *Hydrangea* aff. *davidii*၊ အမြင့် ၂၃၅၆မီတာတွင် *Viburnum tricostatum* နှင့် Asteraceae မျိုးရင်းဝင်အပင်မျိုးစိတ်၊ အမြင့် ၃၈၀၀ မီတာ၌ အပင်များပေါ်တွင် အုံလိုက်ပေါက်နေသော သစ်ခွအဝါရောင်မျိုးစိတ်ကိုတွေ့ရှိရပြီး အမြင့် ၂၃၈၁ မီတာတွင် Polypodiaceae မျိုးရင်းဝင် cf. *Crypsinus* spp; Dryopteridaceae မျိုးရင်းဝင်၊ စပိုးအနက်ရောင်ရှိ ဒရင်ကောက်ပင် *Ctenitis* spp; Araliaceae မျိုးရင်းဝင်၊ အဖြူရောင်အပွင့် *Brassaiopsis* spp; အမြင့် ၂၃၈၇ မီတာတွင် ချုံနွယ်ပင်ဆန်၍ အပွင့်မှာခရမ်းရင့်ရောင်ပွင့်နေသော Gentianaceae မျိုးရင်းဝင် *Crawfurdia* spp; နှင့် Vitceae မျိုးရင်းဝင် အပင်မျိုးစိတ် အမြင့်ပေ ၄၄၂၄ တွင် *Coelogyne* သစ်ခွမျိုးစိတ်ကိုတွေ့ရှိ၍ ကိုစောလွင် မှာ ဓာတ်ပုံရိုက်၊ ပန်းပုံစံအတွက် အပွင့်နှင့်အပင်ကိုခူး၍ အလုပ်ရှုပ်နေသလို မစ္စကီတ်တို့အဖွဲ့ကလည်း သစ်ပင်ကြီးများပေါ်မှအပွင့်၊ အသီးများကို ကိုဇော်နိုင်ထွန်းအပါအဝင် လမ်းပြအဖွဲ့နှင့်အတူ ခူးယူစုဆောင်းနေကြပါသည်။ အချို့နေရာများတွင် အပွင့်၊ အသီးများတွေ့သော်လည်း စာရေးသူတို့ မော့ကြည့်၍ မရလောက်အောင် မြင့်မားလှသော အပင်ကြီးများကြောင့် ခူးဆွတ်၍မရခဲ့ကြပါ။ မစ္စကီတ်ကတော့ လည်တဆန့်ဆန့်နှင့် ရလိုရငြား ရဝမ်အဖွဲ့ကိုပြောကြည့်သော်လည်း သူတို့လည်း ဘယ်တက်နိုင်ပါ့မလဲလေ။ မတော်တဆပြုတ်ကျလျှင်ဖြင့် အရိုးတစ်ခြားအသားတစ်ခြားဖြစ်မှာ အမှန်ပါ။ အချို့နေရာများတွင်မူ လမ်းတစ်ဖက်မှ ကြိမ်

ခါးပင်၏ နွယ်များသည် အခြားလမ်း တစ်ဖက်သို့ အပေါ်မှလှမ်း၍ နွယ် တက်နေကြသဖြင့်လည်း သတိထား ၍သွားရပါတယ်။

စာရေးသူတို့မှာ အမြင့်ပေ မြင့် လာသည်နှင့်အမျှ မောလာရာ တက် လိုက်၊ နားလိုက်၊ အပင်ခူးလိုက်နှင့် တရွေ့ရွေ့တက်ခဲ့ကြပြီး အားလုံးနေ့ လယ်စာစားရင်း အမောဖြေကြပါသည်။ စာရေးသူက အနားရှိ ရဝမ်အမျိုးသမီး လေးများကို ယခုတက်နေသည့်တောင် အကြောင်းကိုမေးကြည့်ရာ နစီးခါး တောင်ဟုခေါ်ကြောင်း ရှင်းပြပါသည်။ ထို့နောက် နေ့လယ်စာစားပြီး၍ အမော ပြေသည်နှင့် ရှေ့သို့ခရီးဆက်ကြရာ အမြင့်ပေ ၅၇၂၀ အရောက်တွင် လမ်း မှာပို၍ ကျဉ်းမြောင်းလာသလို မနေ့ည ကမိုးရွာထား၍ လမ်းမှာရွှံ့ဗွက်များနှင့် ပြည့်နေသော်လည်း ဒေသခံအချို့က *Cyathea* အပင်၏ထန်းလုံးများကဲ့ သို့သော ပင်စည်ကိုခုတ်၍ လမ်းခင်း ပေးထားကြပါတယ်။ လမ်းတစ်ဖက် မှာချောက်ဖြစ်၍ တောင်နံရံမှာ အားပြု စရာအပင်မရှိပဲ ဒရင်ကောက်ပင်နှင့် ရေညှိရေမှော်ပင်များသာ ထူထပ်စွာ ပေါက်နေပြီး အမြင့်ပေ ၅၉၃၀တွင် ကျောက်ဂူကဲ့သို့သော ဂူကြီးအတွင်းမှ ငုံ့၍သွားကြရပါသည်။ ဂူအမိုးတွင် မြွေ နှင့်ကင်းများရှိရင်ဖြင့် မတွေးရဲစရာပါ။ မြွေနှင့်ကင်းများ မရှိသော်လည်း ကိုရွှေ ကျွတ်များကတော့ ကျောပေါ်မှာ ကပ် ၍ပါလာပြီး အေးစက်စက်၊ ပျော့အိအိ နှင့် အရောင်မှာလည်း အနက်ရောင်မှ အစိမ်းရောင်၊ အရွယ်အစားမျိုးစုံဖြင့် ငြိမ်းခြောက်နေကြပါတယ်။ ကျောက်ဂူမှ ထွက်ပြီး တောင်ထိပ်အမြင့် ပေ ၆၀၀၀ သို့ရောက်သောအခါ တောင်ရိပ်ကြောင့် ပို၍အေးစိမ့်လာသလို လေကလည်းကြမ်းလာပါသည်။ ထို့ကြောင့် စာရေးသူ တို့အဖွဲ့မှာ တောင်ပတ်လမ်းအတိုင်း အောက်ဖက်သို့တဖြည်းဖြည်းဆင်းလာ ကြရာ လမ်းအောက်ဖက်တွင် ရေများ တဝေါဝေါစီးကျနေသည့် ရေတံခွန်ငယ် ကိုတွေ့ရပြီး ရေတံခွန်၏ကမ်းပါးယံဘေးဖက်တွင် ရွှေရောင်တောက်ပနေသည့် အဝါရောင်ဒန်းပန်းများကိုတွေ့ရပါတယ်။ ရှေ့မှသွားနေသည့် မောင်ပြည်စိုးအောင် က အဝေးမှအော်၍ပြသရာ ဆရာကိုစောလွင်က အောက်ရှိ အနည်းငယ် နိမ့်ကျ နေသောချောင်းငယ်ကိုမကြည့်တော့ပဲ ခူးချင်ဇောဖြင့် ခြေလှမ်းချလိုက်သဖြင့် နောက်တွင်ရှိနေသော စာရေးသူက ကိုစောလွင်၏ ခါးပတ်ကိုလှမ်းဆွဲထား သော်လည်း ဆရာ၏ကိုယ်အလေးချိန်ကိုမနိုင်သော စာရေးသူပါ လဲကျမလို ဖြစ်သောကြောင့် ဆွဲထားသောလက်ကို လွှတ်ချလိုက်ရပါတော့တယ်။ ထိုအခါ ဆရာမှာ အားနှင့် ချောင်းငယ်၏မျက်နှာပြင်သို့ ဘေးစောင်းလဲကျသွားရာ စာရေး သူတို့က အပြေးသွား၍ဆွဲထူရပါသည်။ ကံကောင်း၍ခြေလက်များမကျိုးသော် လည်း ဒူးခေါင်းများတွင် ကျောက်တုံးများနှင့်ခြစ်မိ၍ ပွန်းပဲ့သွားပါသည်။ ဆရာ၏ ရင်ဘတ်တွင်ဆွဲထားသော ကင်မရာနှင့်မျက်မှန်မကွဲသွားသဖြင့် စာရေးသူတို့ အားလုံး ဝမ်းသာသွားကြပါတယ်။ သုတေသီတို့၏ စူးစမ်းလေ့လာလိုစိတ်က ပြင်းပြပါဘိနော်။

ထို့နောက် စာရေးသူတို့က အဝါရောင်ဒန်းပန်းများနှင့် ရေတံခွန်ကို ဓာတ်ပုံ ရိုက်ပြီး အပင်များစုဆောင်းကြကာ ရှေ့သို့ခရီးဆက်ကြရာတွင်မစ္စကိတ်တို့ ကလည်းအပင်ကြီးများစွာတွေ့သဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် အပွင့်၊အသီးများစုနေ ရာ အချိန်မှာကုန်မှန်းမသိ ကုန်လာပါသည်။ ညနေ ၆း၃၀ နာရီတွင်စခန်းနှင့် ၁မိုင်သာလိုသော်လည်း မှောင်စပြုလာသဖြင့် ရှေ့တွင်ရောက်နှင့်နေသော အဖွဲ့က

စာမျက်နှာ -၃၈ သို့

## မှတ်တမ်းဓါတ်ပုံများ





Bulbbophyllum spp;



မြေစိုက်သစ်ခွပင်

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## မြေအောက်ရေ(အဝီစိတွင်း) တူးဖော်ခြင်း

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသသည် မိုးကွယ်အရပ်တွင် တည်ရှိသည့်အတွက်ကြောင့် မိုးရေချိန်မှာလည်း လွန်စွာနည်းပါးသကဲ့သို့ အပူချိန်လည်းမြင့်မားပါသည်။ ထို့ကြောင့် အပူပိုင်းဒေသအတွင်း ကျေးရွာအများစုရှိ ရေကန်များမှာ တစ်နှစ်ပတ်လုံး ရေတည်ရှိမှုနည်းပါးပြီး များသောအားဖြင့် နွေရာသီတွင် ရေခမ်းခြောက်သဖြင့် သောက်သုံးရေရှားပါးသည့်ပြဿနာ နှစ်စဉ်ကြုံတွေ့ခံစားရလေ့ရှိပါသည်။



အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသကြီးများ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နည်းတူ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းကိုလည်း အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည် –

၁။ ရေကန်ငယ်တူးဖော်ခြင်း
၂။ မိုးရေစုကန်တည်ဆောက်ခြင်း
၃။ မြေအောက်ရေ(အဝီစိတွင်း)တူးဖော်ခြင်း

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသသည် နှစ်စဉ် အနောက်တောင်မုတ်သုန်လေ စတင်ဝင်ရောက်ချိန်မှသာ မိုးရွာသွန်းမှုရှိခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ မုန်တိုင်းများဖြစ်ပေါ်မှသာ မိုးရွာသွန်းမှုရှိခြင်း၊ တစ်ခါတစ်ရံတွင် တောင်တရုတ်ပင်လယ်မှ ဖြစ်ပေါ်လာသော ဆိုင်ကလုန်းမုန်တိုင်းများရှိမှသာ မိုးရွာသွန်းနိုင်ခြင်းစသည့် အခြေအနေများကြောင့် မိုးရွာသွန်းမှုရှိမှသာ ရေကန်များအတွင်း ရေအမြောက်အမြား ဝင်ရောက်နိုင်ခြင်း၊ နေအိမ်များရှိ မိုးရေစုကန်များတွင် ရေစုနိုင်ခြင်းတို့ကြောင့် အခြားသောရေရရှိရေး နည်းလမ်းဖြစ်သည့် မြေအောက်ရေ (အဝီစိတွင်း)တူးဖော်ခြင်းလုပ်ငန်းသည် ကျေးရွာများအတွက် အဓိကအရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ရေကန်ငယ်တူးဖော်ရန် မြေနေရာခက်ခဲသည့် ကျေးရွာများ၊ သောက်သုံးရေအတွက် အခြားရေအရင်းအမြစ်မရှိသည့် ကျေးရွာများကိုရွေးချယ်၍ ဌာနမှမြေအောက်ရေ(အဝီစိတွင်း) တူးဖော်ခြင်းလုပ်ငန်းကို ၁၉၉၇ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်အထိ ကျေးရွာများအတွက်(၁၂၇)တွင်း တူးဖော်နိုင်ခဲ့ပါသည်။



ဌာနမှ မြေအောက်ရေ(အဝီစိတွင်း) တူးဖော်ရာတွင် အဝီစိတွင်းတူးဖော်ခြင်းနှင့်အတူ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း အစရှိသည့် လုပ်ငန်းတို့ကိုလည်း တွဲဖက်ဆောင်ရွက်ပေးပါသည်။ မြေအောက်ရေ(အဝီစိတွင်း)တူးဖော်ရာတွင် ဌာနမှသတ်မှတ်ထားသည့်စံနှုန်းမှာ အချင်း(၂)လက်မ၊ အနက်ပေ(၅၀၀)အထိ တူးဖော်ခြင်း၊ အုတ်ရေကန်အရွယ်အစားမှာ(အလျား ၆' × အနံ၅' × အမြင့်၆' )နှင့် ရေစက်ရုံအရွယ်အစားမှာ

( အလျား ၆' × အနံ ၆' × အမြင့် ၇' )အသီးသီး သတ်မှတ်ထားရှိပြီး ခွင့်ပြုစံနှုန်းများနှင့်အညီ ဌာနပုံပိုးငွေဖြင့် တူးဖော်လျက်ရှိသော်လည်း အချို့နေရာများတွင် ကျေးရွာပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အုတ်ရေကန်အရွယ်အစား၊ ရေစက်ရုံအရွယ်အစားနှင့် ရေအနက်ပေတို့ကို သတ်မှတ်အရွယ်အစားထက် ပိုမိုတူးဖော်ဆောင်ရွက်သည်များလည်းရှိပါသည်။

ထို့အပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှတူးဖော်ရရှိသည့် မြေအောက်ရေ(အဝီစိတွင်း)မှ ရေများအား နမူနာယူ၍ ဓာတ်ခွဲစမ်းသပ်ခြင်းများလည်း ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် တူးဖော်ဆောင်ရွက်ခဲ့သည့် အဝီစိတွင်း(၃)တွင်းမှ ရေနမူနာများအား သောက်သုံးရန် သင့်/မသင့် ဓာတ်ခွဲစမ်းသပ်ရာ ဓာတ်ခွဲခန်းအဖြေများအရ တွင်း(၂)တွင်းမှာ PH - 8.15 နှင့် ကျန်ရှိသည့်တွင်းမှာ PH - 7.9 တို့ အသီးသီးရှိပါသည်။ WHO Standard အရ ပြည်သူများ လုံခြုံစိတ်ချစွာသောက်သုံးနိုင်သည့် ရေချိုရေသန့်သတ်မှတ်ချက်မှာ ( PH - 6.5 မှ PH- 8.5 အထိ)ဖြစ်ပါသဖြင့် ဌာနမှတူးဖော်ထားသော အဝီစိတွင်း(၃)တွင်းသည် ကျန်းမာရေးအရ သောက်သုံးနိုင်သော ဘေးကင်းလုံခြုံသည့် အဆင့်တွင်ရှိပါသည်။ ထို့အပြင် ဌာနမှတူးဖော်ပြီးစီးခဲ့သည့် မြေအောက်ရေ(အဝီစိတွင်း)များကို ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီး (၁)နှစ်အတွင်း ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပေးပြီး ဌာနဝန်ထမ်းများနှင့် သက်ဆိုင်ရာ ကျေးရွာသားများပါဝင်သော ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီများဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

မြေအောက်ရေ (အဝီစိတွင်း) တူးဖော်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အမြဲမပြတ်သောက်သုံးရေရရှိခြင်း၊ ကျွဲ၊ နွားအပါအဝင် မွေးမြူရေးတိရစ္ဆာန်များအတွက် သောက်သုံးရေရရှိခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရပြီး နှစ်စဉ်နွေရာသီတွင် ရေခမ်းခြောက်ခြင်း၊ ရေပြတ်လပ်ခြင်းများဒဏ်မှ လွတ်ကင်းနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဌာနမှမြေအောက်ရေ (အဝီစိတွင်း) တူးဖော်ခြင်းလုပ်ငန်းတစ်ရပ်သည် မွန်မြတ်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အမှန်တကယ် ရေရှားပါးပြီး နှစ်စဉ်လိုလို ရေပြတ်လပ်မှုကြုံတွေ့နေရသော ကျေးရွာများတွင် ဆောင်ရွက်ပေးခြင်းအားဖြင့် လူနှင့်တိရစ္ဆာန်များ အသက်ရှင်ရပ်တည်ရေးသာမက ကျေးလက်နေပြည်သူတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

စာမျက်နှာ -၃၆- မှအဆက်

ဓာတ်မီးများနှင့်လာကြိုကြပါတယ်။ လမ်းမှာရေညှိများစွာရှိပြီး အဆင်းမှာမတ်စောက်သဖြင့် သတိထား၍ ဖြည်းဖြည်းဆင်းရင်းဖြင့် စခန်းသို့ရောက်ရှိလာပါတယ်။ စာရေးသူတို့မှာ ချွေးများရွှဲနေပြီး နာရီဝက်ခန့်နားကာ ရေနွေးကြမ်းအားအချမ်းပြေသောက်ကာနားကြပါတယ်။ ခရမ်မူရိန်စခန်းမှာ မြေနေရာမရှိ၍ လမ်းပေါ်တွင်ခွ၍ ဆောက်ထားသဖြင့် အနည်းငယ်ကျဉ်းနေပါသည်။ အောက်ဖက်တွင်ချောက်ရှိ၍ လမ်းတစ်ဖက်တွင် တောင်ကမ်းပါးယံရှိပါတယ်။ တောင်ကမ်းပါးယံပေါ်တွင် အထမ်းသမားအဖွဲ့ကနေရာယူ၍ ယခင်ရှိပြီးသား ဝါးခြမ်းများပေါ်တွင် လက်ဖြစ်တဲဆောက်ကြရာ အမိုးမှာပလတ်စတစ်စဖြစ်ပြီး အကာမရှိပါ။ ယနေ့အထိ အထမ်းသမားလေး ၅ ဦးခန့်ဖျားနာခဲ့ကြပြီး မစ္စကိတ်က ညအိပ်ရာဝင်ချိန်တွင် ဆေးဝေငှပေးပါသည်။ မစ္စတာဒေမီကလည်း လမ်းမှာ ၄ ကြိမ်ခန့်ချော်လဲခဲ့ကြောင်းပြော၍ ကိုစောလွင်နှင့်အတူ ဆေးလိမ်းကြရပါတယ်။ ညစာစားပြီးသည်နှင့် ထုံးစံအတိုင်း အလုပ်ကိုယ်စီအသီးသီး လုပ်ကြရပါတော့တယ်။ သို့ပေမဲ့ မနက်ဖြန် ဤနေရာတွင် နားကြမည်ဖြစ်သောကြောင့် ည ၁၀ နာရီတွင် ဆေးများလူးကာ အိပ်ရာဝင်ခဲ့ကြပါတော့တယ်။

၂၂–၁၀–၂၀၁၅ရက်နေ့ နံနက် ၈ နာရီတွင် အိပ်ရာမှနိုးလာသော်လည်း အပြင်တွင် နှင်းကျနေဆဲ။ စာရေးသူတို့အားလုံး တစ်ကိုယ်လုံးညောင်း၍ ကိုက်ခဲနေသလို မနေ့ကအဆင်းလမ်းတွင် ခြေဖျားနှင့်ထောက်၍ ဆင်းလာရသဖြင့် ခြေထောက်များနာနေခြင်း၊ လဲကျမည်စိုး၍ တုတ်ကိုအားပြုပြီး နာနာထောက်ခြင်းကြောင့် လက်မောင်းကြွက်သားများနာခြင်းတို့ကြောင့် ဆေးပြန်လိမ်းကာ စောင်ထဲတွင် ကွေးနေရပါတယ်။ စာရေးသူတို့နားနေသည့်နေရာမှာ အမြင့်ပေ ၅၈၆၈ မြင့်သည့် တောင်၏အလယ်တွင်ရောက်ရှိနေပြီး ဆရာကိုစောလွင်က ဗိုလ်တဲအပြင်ဘက်ထွက်၍ မျက်နှာသစ်ရင်း အနောက်ဖက်တွင် မီတာ ၂၀ ခန့်မြင့်သော သစ်ပင်ပေါ်၌ ငွေနှင်းဖြူ မျိုးကွဲ (*Coelogyne* spp;)နှင့် *Bulbophyllum* spp; အပွင့်နှင့်အပင်တို့ကို ဦးယောဆက်အား တက်၍ခူးခိုင်းပါသည်။ စာရေးသူက ဓာတ်ပုံရိုက်ပေးရပါသည်။ မျက်နှာသစ်ရင်း မနေ့ကခူးယူလာပြီး ပန်းနမူနာပုံစံမလုပ်ရသေးသည့် အပင်မျိုးစိတ်များအား ပလတ်စတစ်အိတ်ထဲမှထုတ်ယူကာ အစဉ်လိုက်ပုံပေးထားရပါသည်။ တောကောင်းသဖြင့်လည်း ရရှိသည့်ပန်းပုံစံများမှာ များလှပါသည်။

## သစ်တောကြေးမုံ

# ကမ္ဘာမြေကြီးနှင့်တောတောင်အကြောင်း

ကမ္ဘာကြီးသည် ရေမြေတောတောင် သဘာဝနှင့် ဖွဲ့စည်းထားသည်ဟုတွေ့ရသည်။ လူသားအားလုံးနှင့် သက်ရှိသတ္တဝါအားလုံးတို့သည် ကမ္ဘာကြီးပေါ်၌နေထိုင်ရှင်သန်လျက်ရှိပါသည်။ ရေမြေတောတောင်သဘာဝတို့သည် ကမ္ဘာကြီး၏ အဓိကလိုအပ်ချက်တစ်ခုဖြစ်တာကြောင့် ရေမြေနှင့်တောတောင်သဘာဝတွေ ထိခိုက်ပျက်စီးလာမည်ဆိုပါက ရာသီဥတုဖောက်ပြန်ခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းများဖြစ်ပေါ်လာမည်။ ထိုသို့ဖြစ်ပေါ်လာပါက လူသားအားလုံးနှင့် သက်ရှိသတ္တဝါအားလုံးတို့သည် ဘေးဒုက္ခအမျိုးမျိုးနှင့်တွေ့ကြုံရင်ဆိုင်ကြရပါလိမ့်မည်။ ရေမြေတောတောင်သဘာဝနှင့် ကမ္ဘာမြေကြီးဟာ ဆက်နွှယ်လျက်ရှိနေပါသည်။

တောတောင်ဆိုသည်မှာ နွေ၊မိုး၊ဆောင်း ရာသီဥတုပြောင်းလဲဖြစ်ပေါ်စေခြင်းနှင့် လေပူလေအေးထုတ်လုပ်ပေးခြင်း၊ လေထုမှဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်များကိုစုပ်ယူပြီး လေကောင်းလေသန့်များ ပြန်လည်ထုတ်လွှတ်ပေးခြင်းတို့ကိုဆောင်ရွက်ပါသည်။ ဒါကြောင့် တောင်ပြိုခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ရေစီးရေလာများနှင့် သယံဇာတများကို သစ်တောနှင့်ဆက်စပ်လျက်ရှိသော ဒေသခံပြည်သူများ အသိရှိသတိထားကြဖို့လိုအပ်ပါပြီ၊ တောတောင်များနှင့် ရေစီးရေလာသဘာဝတို့ကောင်းမွန်လာစေရန် ပြန်လည်လုပ်ဆောင်ရမယ့် အဓိကအချက်တွေကတော့ ဒေသခံများမှ စည်းကမ်းနှင့်ဥပဒေများ လိုက်နာဆောင်ရွက်ခြင်း၊ ဆက်စပ်လျက်ရှိသော ဝန်ထမ်းများနှင့် ဒေသခံအဖွဲ့အစည်းများသတင်းပို့ပါဝင်ဆောင်ရွက်ခြင်း၊ လယ်ယာသုံးပစ္စည်းများကို စနစ်တကျသုံးစွဲခြင်း၊ ပလပ်မြေနှင့် မြေလွတ်မြေရိုင်းများကို အစားထိုးသစ်ပင်ပြန်လည်စိုက်ပျိုးခြင်း၊ လက်ရှိသစ်တောများကို အရှိန်အဟုန်မြှင့်တင်၍ စနစ်တကျထိန်းသိမ်းကာကွယ်ခြင်း၊ တရားမဝင်သစ်စက်လည်ခြင်းနှင့် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းများအားတားဆီးခြင်းများကို သက်ဆိုင်ရာဝန်ထမ်းများမှ ဒေသခံများအား စိတ်ပါဝင်စား၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ပညာပေးစည်းရုံးခြင်းများ လုပ်ဆောင်ရပါမည်။ ပြည်သူများမှလည်း သစ်ပင်တစ်ပင်၏ တန်ဖိုးအကြောင်းကို စိတ်ပါဝင်စားစွာဖြင့် လေ့လာသင့်ပေသည်။

**သင်သည် သစ်ပင်တစ်ပင်၏တန်ဖိုးကိုသိလာလျှင် တောတောင်နှင့် သစ်ပင်များကို ချစ်တတ်လာပါလိမ့်မည်။**

ဦးမြင့်ဆွေ၊ ချုပ်သင်းဘေးမဲ့တော



# မြေရာပျောက်လိပ်



ယခင်လမှအဆက်

ကိုငြမ်း (တောင်သာ)

၁–၁၀–၉၉ မှ ပဒါန်းN 19˚ 46.09', E 94˚ 01.50' မှကျွန်တော်စီးခဲ့တဲ့ကြက်သွန်အိတ်များတင်လာသည့်ကုန်ကားဟာ ပဒါန်း–မှ အနောက်တောင်ဘက်သို့ ထွက်ခဲ့တယ်...'ဂီယာတုတ်ထောက်....ကတ်တောက်ကြိုးချည်...ဘက်ထရီရေလောင်း...တာယာကွန်ပေါင်း'ဆိုတဲ့ ခေတ်ကလို..ကားအို..ကားစုတ်မျိုးမဟုတ်အဆင့်မြင့်ကားတွေဖြစ်တယ်..ဆာမိုဘရိတ်တွေက အသာလေးဖိလိုက်ရုံနဲ့ ရှူးကနဲ ရှဲကနဲအသံနဲ့အတူ အရှိန်လျှော့စေတဲ့ ခေတ်မီကားတွေခဏ ခဏဘရိတ်ဖိနင်းလွန်းလို့ကတော့ ဖရိန်ကျိုးပဲ့သွားမှာနဲ့ ကားတာယာများကွဲထွက်ကုန်မှာ စိုးရတယ်ဗျာ... ကျွန်တော့်ခန္ဓာကိုယ်ဆိုတာ ရှေ့ထိုး၊ နောက်ငင်ဖြစ်လောက်အောင်ယိမ်းထိုးနေတာဘဲဗျာ...

ပဒါန်း– ငဖဲလမ်းအတိုင်းသွားတာလား...

မဟုတ်ဘူး ကိုစန်းဝင်းပဒါန်း– ဆဒတ်ကူ– ဆုံကန်း–သာယာကုန်း– ပျံချီစသည့်ရွာစဉ်အတိုင်းသွားခဲ့တာဟောဒီမြေပုံမှာပါတဲ့အတိုင်းပေါ့...အရင်တုန်းကတော့ငဖဲမြို့ဟာအမ်းတောင်ကြားလမ်းရဲ့အဝင်ဝပါ... အခုတော့ပဒါန်းက အဝင်ဝဖြစ်နေပြီမဟုတ်လား...လမ်းဘေးဝဲယာမှာ သစ်တောဦးစီးဌာနပိုင် ကျွန်းစိုက်ခင်များကိုတွေ့ရတယ်...အဝေးမှမြင်ကွင်းများကိုတွေ့တော့မှ တော်တော်မြင့်မြင့်ရှိသောနေရာသို့ရောက်နေပြီဆိုတာ...အောက်မှာမြင်နေရတဲ့အရာဝတ္ထုတို့ကသက်သေခံနေပါရော့လား... ဇင်ပြွန်းရွာကိုရောက်တယ်...ပရဲထိုးထားတဲ့ ချင်းအမျိုးသမီးကြီးတွေကားလမ်းအတိုင်းဆင်းလာတာတွေ့တယ်... ဓာတ်ပုံထဲမှာတွေ့ဖူးတဲ့ ပရဲထိုးထားတဲ့ချင်းတွေကို အခုမှမြင်တာပါဗျ...ဇင်ပြွန်းဆိုတာ ချင်းရွာဖြစ်တယ်၊

ချင်းမျိုးနွယ်တွေက အများကြီးရှိတာနော.. ကိုငြမ်း...

ဟုတ်ကဲ့...၅၀ကျော်ရှိတယ်လို့ မှတ်သားရဖူးတယ်...တောင်သားတွေ...အခုတော့ သူတို့ဟာ ပျူအနွယ်တွေပါလို့ပြောနေကြတဲ့သူတွေလဲ ၅၀ ကျော်စာရင်းထဲမှာထည့်ထားတယ်၊ လူမျိုးစုတစ်စုအနေနဲ့ နိုင်ငံတော်က အသိအမှတ်ပြုနိုင်ဖို့ မှတ်ပုံတင်မှာမည်သည့်လူမျိုးဆိုတာဖော်ပြနိုင်ဖို့ ကြိုးစားနေကြတယ်၊ငယ်ငယ်ကသင်ခဲ့ရတဲ့ သမိုင်းဘာသာရပ်မှာ'ပျူ...ကမ်းယံ...သက်...'ဆိုတဲ့ လူမျိုးကြီးသုံးမျိုးရှိကြောင်းသင်ခဲ့ရဖူးတယ်...အဲဒီ ၃ မျိုးဟာအခုပြောတဲ့ ၅၀ ကျော်စာရင်းထဲမှာရှိနေသလား မသိဘူးနော...

ကျွန်တော်တို့ ဘေးမဲ့တောကဝန်ထမ်းထဲမှာတော့ ချင်းလူမျိုး ၂ မျိုးရှိနေတယ် အုပ်မှူး...

ဟ...ဘယ်သူတွေလဲ နေအောင်..

ကျွန်တော်က စိုင်ပေါင်ချင်း... ကိုထွန်းကြွယ်က ချင်းပုံ...

တရုတ်က ဖိ...ရှမ်းက အိ... ရှိတဲ့ဗမာအနောက်မှာဆိုတဲ့ဆိုရိုးကိုထောက်ရင်၅၀ ကျော်စာရင်းထဲမှာ ဗမာအပြင် အခြားလူမျိုးစုတွေလဲရှိနိုင်တာပဲ...လက်ရှိနိုင်ငံတော်စာရင်းလူမျိုးစုပေါင်း ၁၃၅မျိုး၊ ၁၃၅ ထဲမှာကျွန်တော်သိထားတဲ့ ဖွန်း...ဗန်း...တွေမပါသေးဘူး ...၁၃၅ ထက်တောင်ကျော်မှာသေချာတယ်ဗျာ...(၁၃၅+) တွေရှိဦးမယ် ထင်တယ်

လူမျိုးလဲစုံပ...အပင်လဲစုံ... အကောင်လဲစုံတဲ့ နိုင်ငံ...

တောင်ပေါ်ချင်းရွာဇင်ပြွန်းကနေ ကြည့်လိုက်ရင် ပတ်လည်ကတောရိပ်...တောင်ရိပ်တွေပြောင်းလာတယ်... မြေပုံမှာတွေ့နေရသလိုကွန်တိုမျဉ်းတွေ စိတ်လာတာတွေ့တယ် မဟုတ်လား... ကွန်တိုတွေစိတ်စိတ်လာတယ်ဆိုတာ မြင့်မြင့်လာတဲ့အဓိပ္ပါယ်...ဟောဒီမှာ စပ်ဆီအမြင့်ပိုင်းတက်လာတော့ဂုတ်ကြီး...ဟောဒီမှာဂုတ်ကြီးကတော့ အမ်းတောင်ကြားရဲ့လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွေရဲ့အဓိကနေရာဖြစ်ပါတယ်... နတ်ရေကန် တောင်ပတ်လမ်းတွင်လမ်း ၂ ခုရှိတယ်။ ငဖဲ –ပဇီလမ်းနဲ့ ပဒါန်း – ဂုတ်ကြီးလမ်းဖြစ်သည်။ ဂုတ်ကြီးကနေပြီး နတ်ရေကန်–

ငဖဲလမ်းအတိုင်းငဖဲမြို့ကိုသွားလို့ရတယ်လမ်းဟောင်းဖြစ်တယ် ...

အရှေ့ဘက်ကိုနိမ့်ဆင်းသွားတဲ့ တောင်တန်း ပြေပြေလေးက ခဏတာလန်းဆန်းသွားစေတာတော့ အမှန်ပဲ အုပ်မှူးရုပ်ရှင်ရိုက်ဖို့အတွက် ရိုက်ကွင်းကောင်းတစ်ခုပါ။ နတ်ရေကန်ရှောင်ကွင်းလမ်းက လမ်းတွေတိုးချဲ့ပြင်နေတာတွေ့ရတယ်။နတ်ရေကန်သို့ လမ်းညွှန်ဆိုင်းဘုတ်ငယ်လေးကိုတွေ့လိုက်ရတယ်...နတ်ရေကန်တစ်ဝိုက်မှာ အတက်အဆင်းကြမ်းသောနေရာ၊ မတ်စောက်သောနေရာကို ကျွန်တော်ရောက်ခဲ့တယ်...အမြင့်ပေမှာ(၅၂၃၇)ပေ၊ ၁၉၈၀ ခုနှစ်လောက်က နတ်ရေနေရာလမ်းပိုင်းပြင်ဖို့ ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းကတာဝန်ယူခဲ့ဖူးတယ်...ရည်ရွယ်ချက်မှာ ပင်လယ်ထွက် ရေထွက်ကုန်ပစ္စည်းတွေ ဈေးကွက်သို့အမြန်ရောက်ရှိရေးအတွက်ပါ...အဲဒီနေရာမှာ ကျွန်တော်တို့ ပ.ပ.င.က ဌာနမှ လုပ်သားများပါတဲ့ TE-10 လား Te-11 လားမသိဘူး...အဲဒီကားချောက်ထဲသို့ ထိုးကျသွားလို့ ဝန်ထမ်းတော်တော်များများသေကုန်တယ်ဗျာ...အခုကျွန်တော် စီးလာတဲ့ကားသမားပြောတာ ကတလောကချောက်ထဲကို ထိုးကျသွားတဲ့ကားကို ပြန်ဆယ်တင်ဖို့ ကားကိုတစ်စစီဖြုတ်ပြီး ကားလမ်းပေါ်တင်ခဲ့ရကြောင်းပြောပြတယ်... ပတ်ပတ်လည် ဘယ်ကိုကြည့်ကြည့် ဝါးတွေချည်းပဲမို့ ဝါးရိုးမ၊ဝါးတောင်တန်းလို့ ပြောနိုင်ပါတယ်...ခရင်ဝါးတွေကအများစုပေါက်တယ်လို့သိရပါတယ်...

**ပတ်ကွေ့တံတားအဆင်း၊ ဆလကတဲ အဆောက်အဦတွင်**

ဂုတ်ကြီးကနေပြီး လင်ဒဲ...ဂုတ်ဆဲရိုး... ကမြင်ကန်... ကြက်ရေစမ်း... ဆင်ခုံတိုင်...ပတ်ချောင်းရွာကို နေ့လယ်လောက်မှာရောက်တယ်...ရွာက တောင်ကုန်းပေါ်မှာ ကားသမားက ပတ်ကွေ့ချောင်းတံတားနားမှာ ဆင်းခဲ့တယ်...တစ်ဖက်ကကုန်းတက်မှာရှိတဲ့ တဲနားမှာရပ်လို့မရလို့တံတားနားမှာသူတို့ချထားခဲ့တာ...ကျောပိုးအိပ်လေးလွယ်ကာ ဘေလီတံတားပေါ်ကလျှောက်လာပြီး ကုန်းထိပ်ကိုတက်ခဲ့တယ်...တဲထဲကအသက် ၄၀ ခန့်လူရွယ်တစ်ဦးက ထွက်တွေ့တယ်...

သူ့နာမည်က ကိုမောင်ကျော်ဖြစ်တယ် ... ကိုအောင်ကျော်ကိုတွေ့ဖို့လာတာဖြစ်ကြောင်းနဲ့ လာရင်းကိစ္စကိုရှင်းပြလိုက်တယ်...ပတ်ချောင်းရွာက သူ့အိမ်မှာမတည်းပဲ ဒီမှာပဲတည်းဖို့ပြောတယ်...သူနဲ့သူ့ဇနီး မထယ်က ဆ.လ.က.လမ်းအဖွဲ့ကို ချက်ပြုတ်ကျွေးမွေးရင်း ကွမ်းယာ ဆေးလိပ်ရောင်းနေရတာမို့ ဒီမှာပဲတည်း...ဒီမှာပဲစားဖို့သဘောတူလိုက်တယ်... အဲဒီညနေမှာပဲကိုအောင်ကျော်ရှိမယ့်နေရာကို ကျွန်တော့်စာကို သွားပေးတယ်... နောက်နေ့ မနက်မှပဲသူပြန်လာတယ်... ကိုအောင်ကျော်က ကျွန်တော့်ကိုတွေ့ဖို့ အဆင်မပြေသေးကြောင်းနဲ့နောက် ၁၀ ရက်လောက်ဆိုလာတွေ့မယ်ပြောလိုက်ကြောင်း သူပြောလိုက်တယ်... ဒါနဲ့ ကိုမောင်ကျော်ကပဲ ကိုအောင်ကျော်နဲ့ အဆင်မပြေရင် သူနဲ့လုပ်ဖို့ပြောတယ်...ဘာလုပ်ပေးရမလဲလို့ သူပြောတယ်...ကျွန်တော်လဲ Arakan Forest Turtle စာတန်းထဲကလိပ်ဓာတ်ပုံ ၂ ပုံကိုပြလိုက်တယ်... ချက်ခြင်းပဲချင်းလို သူ့မိန်းမမထယ်ကိုပြောတယ်... မထယ်နဲ့သူ ဘယ်လိုဘာသာပြန်ရမလဲ ပြောနေကြတာကို ကိုမောင်ကျော် ကပဲ...ဆရာ အဲဒါ ဗမာလို ပြန်ရရင်... လိပ်ပျင်းလို့ခေါ်တယ်...

ကိုစန်းဝင်းရေ ကျွန်တော့် ရခိုင်လိပ်ရှာပုံတော် ခရီးတစ်ဝက်အောင်မြင်သွားပြီလို့ ခံစားလိုက်ရတယ်... အဲဒါကြောင့်ပြောတာပေါ့...ပြေးရင်းလွှားရင်း ရေတွင်းထဲကျတယ်ဆိုတာဒါကြောင့်လဲ ကျွန်တော်နဲ့ ဒေါက်တာဝင်းမောင် ရှာဖွေစုဆောင်းပြုစုတဲ့ မြန်မာ့လိပ်များစာအုပ်မှာ လိပ်ပျင်းလို့ဖေါ်ပြခဲ့ပါတယ် အုပ်မှူး...

ကိုမောင်ကျော် မြင်ဘူးလား...

စားဖူးနေကျပါ ...ဟဲ...ဟဲ...

လိပ်ဝါမဟုတ်ဘူးလား...မင်းဘူးနယ်ဘက်က ဂင်လိပ်လို့ခေါ်တယ်ဗျ...

ဆရာပြောတဲ့လိပ်မဟုတ်ဘူး... သေချာပါတယ်...လိပ်ပျင်းပါ

ဘာဖြစ်လို့ လိပ်ပျင်းလို့ခေါ်တာလဲကိုမောင်ကျော်

မြင်လို့ခက်တယ်...သိပ်မတွေ့ရလိုပုန်းနေလို့ခေါ်တာ...

ခင်ဗျားတို့က ဘာချင်းလူမျိုးလဲ...

စိုင်ပေါင်ချင်းပါ...

ဒါဆို လိပ်ပျင်းဆိုတာ စိုင်ပေါင်ချင်းလိုခေါ်တဲ့နာမည်ပေါ့...

ဟုတ်တယ်ဆရာ...ကျွန်တော့်အတွက်တော့ ဗိုက်ဝါလိပ်လို့ ရခိုင်လူမျိုးတွေခေါ်တာ၊ လိပ်ပျင်းလို့ စိုင်ပေါင်ချင်းလို့ ခေါ်တာတွေကို မှတ်သားခဲ့ရပါတော့တယ်...အခုရှာလို့တွေ့နိုင်မလား မတွေ့နိုင်ဘူး...သူတို့အခေါင်းထဲဝပ်ကျင်းမှာဝပ်ကုန်ပြီ ...ဆောင်းတွင်းသူတို့ ကျင်းထဲမှာ...သစ်မြစ်ခေါင်းထဲဝင်ကုန်ပြီ... အစာရှာမထွက်တော့ဘူးဂူအောင်းပြီ...

လောလောဆယ် ရွာထဲမှာအခွံလေး ဘာလေးမတွေ့နိုင်ဘူးလားမတွေ့နိုင်ဘူး...လိပ်ရရင်ချက်စားတယ်... အခွံတွေကိုဝဲပစ်လိုက်တာ...အထမ်းသည်တွေလာရင်

ပစ္စည်းနဲ့လဲစားလိုက်ကြတာ...

ဘာလဲဝဲပစ်လိုက်တယ်ဆိုတာ...

လွှင့်ပစ်လိုက်တာလို့ပြောတာ...

သွားရှာမယ်လေ...

ဟာ...ဆရာဝဲလိုက်တဲ့ အခွံတွေကို ခွေးတွေက စားပစ်လိုက်တာ...

တောထဲသွားရှာမယ်ဆိုရင်ကော မရနိုင်ဘူးလား ကိုကျော်...

အခုလိုရာသီမှာမတွေ့နိုင်တော့ဘူး... အခု အချိန်က တောင်ယာလုပ်ဖို့ဝါးတောတွေခုတ်၊ သစ်ပင်တွေလှဲနေတဲ့အချိန်မှာ... ဝါးစိမ်းတွေခုတ်လှဲတဲ့ အချိန်... လိပ်လဲအပြင်ထွက်မှာမဟုတ်ဘူး...

ခွေးနဲ့ရှာမယ်လေ...

ဒီဘက်မှာခွေးနဲ့လိပ်ရှာတာမရှိပါဘူး...ခုတ် ထားတဲ့ ဝါးစိမ်းတွေ...သစ်ပင်တွေခြောက်သွားတဲ့နွေရာသီဆိုရင်မီးရှို့ပြီ... ဖေါင်းဒိုင်းပြောင်းဆိုတဲ့ ဝါးတွေ ပေါက်တဲ့အသံ၊ ဝါးကွဲတဲ့အသံကြားမယ်...မီးခိုးနံ့ရပြီဆိုကတည်းက ဝါးပုံတွေအောက်ကလိပ်တွေဟာ တောင်အောက်က စမ်းချောင်းရှိရာကိုလိမ့်ချတော့တာပဲ... အဲသလို လိမ့်ချတဲ့အကောင်တွေကို လိုက်ကောက်တော့တာပဲ... သယ်လို့မနိုင်...ထမ်းလို့မနိုင်ပဲဆရာရေ... ဆရာပြောသလိုခွေးနဲ့ရှာဖို့မလိုဘူးလေ...

ကိုစန်းဝင်းရေ...အခုမှပဲ ကြယ်လိပ်ရှာတဲ့နည်းနဲ့ ရခိုင်လိပ်ရှာနည်းတွေဘယ်လောက်ကွာခြားသလဲဆိုတာ သိရတော့တယ်...

ခွေးနဲ့ရှာတဲ့နည်းနဲ...မီးနဲ့ရှာတဲ့နည်း

**ပတ်ကွေ့မှ အမ်းသို့ တောင်ယာစပါးခင်းများရှိရာသို့**

ကိုမောင်ကျော်နဲ့တိုင်ပင်တော့ သူတွေ့ခဲ့ဖူးတဲ့ လိပ်ပျင်း သို့မဟုတ် ရခိုင်လိပ်ရှိတဲ့နေရာကိုသွားဖို့ဆုံးဖြတ်လိုက်တယ်ကိုမောင်ကျော့်ဆီလာလည်တဲ့ ချင်းလူငယ်တွေနဲ့ စကားပြောရင်းက သူတို့တောင်ယာလုပ်ပြီးတဲ့နေရာတွေမှာရော်ဘာစိုက်နေကြတယ်လို့သိရတယ်။ ကျွန်တော်က မွန်ပြည်နယ်ပေါင်မြို့၊ ကျုံကရွာမှာ ရော်ဘာစိုက်တဲ့ စနစ်လေးကိုမျှဝေခဲ့တယ် ပျိုးခင်းက ရာဘာပင်တွေ လက်ခုပ်တစ်ဖေါင်အမြင့်ရှိမှ အမြစ်ဖြတ်အကိုင်းဖြတ်ပြီး ရွှေ့ပြောင်းစိုက်တဲ့နည်းပါ၊

ချင်းတွေကတော်တော်လေးကိုပဲ ဒုညင်းစိုက်ထားကြတယ်လို့သိရတယ်... သူတို့တစ်တွေတောင်ယာစိုက်နေသမျှ ကာလပတ်လုံးအခြေတကျမရှိဖြစ်နေမှာ... အခုလိုဥယျာဉ်ခြံတွေလုပ်လိုက်တော့ အခြေကျသွားပြီး ရိုးမတောင်တန်းလည်း စိမ်းစိုလာမှာမဟုတ်လား...

ဒါပေါ့...ကိုဝင်းကိုခင်ဗျားရောက်ခဲ့တဲ့ ရွှေစက်တော်ဘေးမှဲ့တောဆိုတာ ဟိုတုန်းက ရွှေ့ပြောင်းတောင်ယာလုပ်ခဲ့တဲ့နေရာတွေပဲ...လက်ပဇန်းနေရာဆိုတာတကယ့်နေရာကြီးပေါ့...

သူနဲ့သဘောတူညီချက်ယူပြီး...အမ်းမြို့မှာရှိတဲ့ သူတို့အမျိုးတွေနဲ့တိုင်ပင်ရမှာမို့ အမ်းမြို့ကိုအရင်သွားခဲ့ရတယ်...ကားကလည်းသိပ်ရှားတော့ လမ်းလျှောက်သွားခဲ့ရတယ်ဗျ...၁၁မိုင်..အမ်းဆိုတာ မြေပြန့်မှာရှိနေတာ... ဥပမာပေးရရင် ပဒါန်းလိုမြေပြန့်...ရခိုင်ရိုးမပေါ်က ကြည့်လိုက်တော့ အနောက်ဘက်မြေပြန့်က အမ်းကိုလှမ်းမြင်နေရတယ်...ဦးဥတ္တမပန်းခြံကိုအရင်တွေ့ရတာပဲ...အဲဒီနေရာက အမ်းမြို့သစ်တည်တဲ့နေရာရဲ့အပိုင်းတစ်ပိုင်းနေရာပါ...၁၉၉၆ခုနှစ်ကတည်းက ယခင်နေရာမြို့ဟောင်းကနေပြီး အခုနေရာကိုပြောင်းခဲ့တာ၊ တဖြည်းဖြည်းပြောင်းနေတာ၁၉၉၆ခုနှစ်၊ မြို့ဟောင်းနေရာမှာ လေယာဉ်ကွင်းတည်ဆောက်ရန်၊ အမ်းမြို့ပြောင်းရွှေ့ မူလအမ်းမြို့၏ အထက် ၂ မိုင်အကွာ ရွာသစ်ရွာကို ဗဟိုပြုပြီး အမ်းမြို့သစ်ပြောင်းရွှေ့ခဲ့တာရပ်ကွက်(၄) ရပ်ကွက်၊ ရခိုင်အများစု၊ ၇၀%...

အမ်းမြို့က တည်းခိုခန်းစိန်မှာတည်းတယ်... တစ်ခုတည်းသောတည်းခိုခန်းပါ... ရခိုင်လူမျိုး ဦးစိန်သောင်းပိုင်ပါတယ်...ကိုမောင်ကျော်ရဲ့ ရပ်ဆွေ၊ ရပ်မျိုး စိုင်ပေါင်ချင်း ၂ ယောက်နဲ့အတူ သူတို့ တောင်ယာလုပ်တဲ့ စထွေးစခန်းဘက်တက်ခဲ့တယ်...နှစ်ယောက်ထဲက တစ်ယောက်နာမည်က ကိုဗမာတဲ့ ...သူ့ကိုမြေပြန့်က ဗမာနယ်မှာမွေးလို့ အဲသလိုနာမည်ပေးခဲ့တာလို့သိရတယ်... နောက်တစ်ယောက်နာမည်က ကိုယောက်...ကွေ့ပတ်တက်ရတဲ့တောင်တွေဆိုတာက သိပ်မြင့်မြင့်မားမားရှိတဲ့တောင်တွေတော့မဟုတ်ပါဘူး... ကုန်းကမူလေးတွေပါ...ဝါးတောတွေချည်းပါ...မျက်လုံးတွေဝေဝါး... လျှာထွက်အောင်မောကမောနှလုံးခုန်သံကနားထဲမှာ ဒိန်း... ဒိန်း...အသံကြား လာတဲ့အထိမောတယ်ဗျာ...ကိုဗမာနဲ့ ကိုမောင်ကျော်က စောင့်စောင့်ခေါ်ရင်းနဲ့ တက်လိုက် ဆင်းလိုက်ပေါ့...ကွေ့လေးတစ်ကွေ့အရောက်... ညနေစောင်းနေပြီ...ကလေးတွေ အော်သံကိုကြားလိုက်ရတယ်... ရုတ်တရက် လမ်းလျှောက်ရင်းသူတို့ကိုရှာမိတယ်... နောက်တော့မှအသံလာရာကိုတွေ့လိုက်တယ်...တဲပေါ်ကအော်နေတဲ့အသံ...စာသင်ကျောင်းလေး...၊ အရမ်းအံ့ဩရသလို...ဝမ်းလဲဝမ်းသာမိတယ်... ကျွန်တော် စာသင်ကျောင်းလေးပေါ်တက်ကြည့်လိုက်တယ်...ဆရာမလေးတစ်ယောက်...အသက်က (၂၀)ကျော်... တပည့်က(၄)ယောက်...

ကျမက ကျောက်ဖြူက...အဝေးသင်တက်နေပါတယ်...စပါးတင်း(၄၀)ရတယ်...ရခိုင်လူမျိုးပါတဲ့၊

စာမျက်နှာ (၄၉)သို့

# Soil and Water Conservation in Meiktila Forest Division of Dry Zone

**U Sein Thet, Director (Rtd)**
**Chairman, FREDA**

In Myanmar, the Forest Department did soil conservation works as part of its program which included afforestation to control the erosion in Myelat areas of the Southern Shan State planting shelter belts to control wind erosion (The Wazi Project) in a small area of Pakokku District, and Dry Zone afforestation to control soil erosion and to supply the local needs in Central Dry Zone of Myanmar. Soil conservation in river catchments and elevated areas has now become particularly urgent because of its direct effects in preventing silting of reservoirs and dams and in regulation of stream-flow. This is essentially a matter of achieving a good vegetation cover, and fostering proper agricultural practices. Since soil conservation is mainly concerned with improved agricultural methods and these in turn depend on security of land tenure and improvement in the social and rural economy; government should provide a sound land use policy and all departments concerned must work together hand in hand to create programmes of soil conservation in Myanmar.

Soil is natural body of the earth, integrated effects of climate and living matter (plants and animal) acting upon parent material, as conditioned by relief (slope), over periods of time. We cannot restore the soil after it has been lost. We can only hold and improve what is left. Topsoil washed away in to the ocean cannot be returned to the fields. The erosion removes from the land more than 20 times as much plant food as crops do. So soil conservation which is the management of the soil with the purpose of producing high yields and at the same time protecting it from erosion has an important note in raising the national income and standard of living.

In Myanmar, the first attempt to improve soil erosion control was made by the Agricultural Department in 1915, when an experimental farm was started at Nyaunshwe to demonstrate improved methods of cultivation. It failed due to the shortage of funds and a limited staff but more particularly due to customs and habits of local people, because it was difficult to persuade them to adopt scientific methods. In 1937 the Principal Forest Officer, Federate Shan States, drew attention to the very serious condition of the MyeLat, and pointed out that unless active and correct measures were immediately taken to check erosion, the situation for the villagers would become critical. At that suggestion the Commissioner, Federate Shan States, appointed an informal Soil Erosion Committee to consider the problems in the Shan States with particular regard to the position in Myelat and a demonstration area was set up near Thamakan to initiate experiments in erosion control work. That is how soil conservation was introduced in Myanmar. But according to the results, it was still not satisfactory again because of shortage of funds, staff and knowledge.

The government, realizing the importance of the dry zone and its problems of soil and water conservation, gave the Agricultural and Rural Development Corporation (A.R.D.C) the task of implementing the Dry zone Afforestation Scheme, and other allied projects for the rehabilitation of the Dry Zone of Central Myanmar. The work was started in 1953, and the whole of the afforestation work was handed over to the Forest Department in 1963 after ten years. The Forest Department carried on the afforestation works until the Government established Dry Zone Greening Department during June 1997.

The Dry Zone Afforestation Scheme is to afforest, and in some parts reforest the Dry Zone of the country which comprises of the civil districts of Shwebo in the north to the Thayetmyo and Yemethin districts in the south. The other districts included are lower Chindwin (Monywa), Mandalay, Kyaukse, Pakokku, Sagaing, Myingyan, Meiktila, Minbu and Magwe. Both of FD's and A.R.D.C's afforestation works are concentrated in Meiktila Forest Division, which included the civil districts of Meiktila, Myingyan, Kyaukse, Magwe and part of Sagaing. The following descriptions are of Meiktila Forest Division.

(a) Situation - The area is in the middle of Myanmar and lies between latitude 19°30' and 22°55' North and between longitudes 94°50' and 96° 36' East.

(b) Rainfall and climate – This area is characterized by the poor and unevenly distributed rainfall. The rainy season breaks with heavy showers in May or early June followed by a dry spell till about the middle of August,

when it rains intermittently until November. The average number of rainy days was 54 per year in the past. The average rainfall ranges from 25 inches to 45 inches but most of the area has not more than 30 inches per year. The temperature varies in the-

Hot season ---------- form 90°F to 108°F,
Rainy season --------- from 70°F to 100°F,
Cold season ---------- from 55°F to 85°F,

(c) Geology - In the Meiktila Division, the area west of the Rangoon-Mandalay rail-way line is composed of alluvium and rocks of Tertiary age. No Tertiary rock occurs east of the railway line. Volcanic rocks of alluvium and rocks of Tertiary are represented by the extinct crater cones of Mount Popa and to immediate neighborhood. The volcanic rocks extend south and south-east for about ten miles.

(d) Soil and Configuration- The soil is mostly sandstone and shale except for the volcanic rocks on Mt. Popa. The easily eroded shale has buried the sandy soil and has not improved the fertility of the poor soil. The alluvial strip near the Irrawaddy, the valley of the Yin and the old volcanic deposits near Mt. Popa which yields a dark or brownish red soil, are fertile. The area is mostly plain with an average height above mean sea level of 500 to 800 feet and other isolated hills are 1000 to 2500 feet. Mt. Popa alone is 4981 feet above sea level.

(e) Vegetation- In this area the commonest type of forest is dry forest with the following species: than (*Terminalia oliveri* ) dahat (*Tectona hamiltoniana*) Sha (*Acacia catechu* ), thitya (*Shorea oblongifolia*), ingyin (*Pentacme siamensis*), taukkyan (*Terminalia tomentosa*), nabe (*Lannea grandis*), tanaung (*Acacia leucophloea*), tabauk (*Dalbergia paniculata*), zee (*Zizyphus jujuba*), nepasae (*Monrinda tinctoria*), te (*Diospyros burmanica*), kaung lein (*Rhus paniculata*) bain-nwe (*Hiptage madablota* ), pan-khan (*Millettia multiflora*) and tama (*Azadirachta indica* ). A special type of forest occurs at higher elevations near Mt. Popa on the volcanic soil, with stunted teak (*Tectona grandis*) peinne (*Artocarpus integra* ), taung pein (*A.calophylla*), Kadut (*Ficus hispida*) etc.

(f) Past History- Myanmar history tells us that over 400,000 small and large Pagodas were erected and built in Pagan, one time capital of the country. To build these Pagodas of brick, the amount of wood-fuel required to produce the bricks added with waste had depleted the forests to a very large extent. The increase in population due to the attraction towards the king's capital brought about clearing of land for cultivation and more use of wood, then the only material for fuel. In the cleared areas near each village, hundreds of toddy Palms (*Borassius flabellifer*) have been planted. The juice of these palms is our local beer, but large quantities are cooked and cooled into "Jaggery" appreciated by Myanmar as an after-meal delicacy or as sweet to be served with plain tea, the usual expression of Myanmar hospitality towards a visitor. Cutch (*Acacia catechu*) boiling was also a source of income, so in boiling both Jaggery and Cutch, large quantities of firewood are used. With the improvement of communication cutch becomes such an important exportable commodity that acacia tress and other trees used for firewood were overcut without knowing that overcutting of soil cover would bring about erosion and floods, and the lowering of water table. Conditions today in the dry zone are worsened by the following.

(1) Over exploitation of wood fuel for the manufacture of jaggery and cutch, the main source of income to practically all the people in the dry zone districts. This practice of generations has not only denuded the soil cover but has also produced wide open spaces resulting in heavy wind erosion leaving only coarse sand, the beginning of a desert.

(2) Rearing large herds of cattle, goats and sheep without proper grazing ground and insufficient stall feeding led to over grazing, destroying all the old and new growth and encouraging run-off of water.

(3) Poor agricultural practices, not only wrong techniques but also absence of scientific rotation of crops, has impoverished the soil beyond recognition, for example, in most of areas of the dry zone, groundnut is the main repeatedly cultivated agricultural crop. During harvest it is the practice to uproot the whole plant, shake off the earth and take away the plant for animal fodder, instead of being ploughed as green manure. Most of the distorted loose fertile soil, in the absence of protective tree belt, is carried away by wind year by year, ultimately leaving coarse sand which does not support any vegetation.

(4) Unattended annual fires also play an important part in leading to the formation of a desert.

(5) Lack of tree planting habits and absence of tree conciseness are also other factors.

to be continue



ဦးခေါင်းဘေးမှ အဖြူရောင်အစင်းသည် လည်တိုင်အတိုင်း အောက်စင်းလာကာ အဖြူရောင်သမ်းသည့် လည်တိုင် အရှေ့ပိုင်းနှင့် ရင်ဘတ်အပေါ်ပိုင်းဆက်နေသည်။ ကိုယ်ထည်ဘေးအနောက်ပိုင်းတွင် ဖြူဝါဝါအကွက်ပါရှိပြီး၊ အမြီးဖုံးသည် အနက်ရောင်ဖြစ်သည်။ နှုတ်သီးသည် အနည်းငယ်ရှည်ပြီးသွယ်လျသည်။ မီးခိုးရောင်ဖြစ်ပြီး၊ နှုတ်သီးအလယ်တွင် အနက်ရောင် အလယ်အလတ်စင်းလိုင်းပါရှိသည်။ အမြီး၏အလယ်အမွေး(central tail-feather)သည် သိသာထင်ရှားစွာရှည်လျားသည်။ ပျံသန်းစဉ် မီးခိုးရောင်အပေါ်တောင်ပံဖုံး၊ နီဝါဝါတောင်ပံမွေးကြီး၊ တောက်ပသည့် အနက်စိမ်းရောင်တောင်ပံမွေး(လတ်)(median covert)နှင့် တောင်ပံမွေး(သေး)(lesser covert)ကိုမြင်ရသည်။ အရွယ်မရောက်သေးသည့် အထီးသည် အမနှင့်ဆင်ပြီး၊ ကိုယ်အပေါ်ပိုင်းသည် မီးခိုးရောင်ပိုများသည်။ တောင်ပံရင်းမွေး(tertials)သည် မီးခိုးရောင်ဖြစ်သည်။ ဘဲမြီးသွယ်အမသည် ခန္ဓာကိုယ်သွယ်လျသည့် အချိုးအစားရှိသည်။ လည်တိုင်ရှည်သည်။ နှုတ်သီးသည် အနက်ရောင်သမ်းသည့် မီးခိုးရောင်ဖြစ်ပြီးရှည်သည်။ ဦးခေါင်းသည် အညိုရောင်ပြောင်ဖြစ်သည်။ သိသာထင်ရှားသည့် သွယ်လျရှည်လျားသည့်အမြီးကြောင့် ခွဲခြားနိုင်သည်။

ဘဲမြီးသွယ်တို့သည် ကန်များ၊ မြစ်ကြီးများ၊ ရွှံ့နွံတောများ၊ ရေတိမ်ဒေသအမျိုးမျိုးတွင် အမြင့်မီတာ(၈၀၀)ထိနေထိုင်ကျက်စားကြသည်။ ဥရောပ၊ အာရှ၊ မြောက်အမေရိကမြောက်ပိုင်းတွင် သားပေါက်နေထိုင်ကျက်စားသည့် တောရိုင်းဘဲမျိုးစိတ်ဖြစ်သည်။ ဆောင်းရာသီတွင် ကမ္ဘာ့တောင်ပိုင်း ပူနွေးသည့် အီကွေတာရပ်ဝန်းဒေသဆီသို့ဆောင်းခိုကျက်စားကြသည်။ အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံ အနောက်မြောက်၊ အနောက်၊ မြောက်၊ အရှေ့၊အလယ်နှင့်တောင်ပိုင်း၊တနင်္သာရီမြောက်ပိုင်း၊ထိုင်းနိုင်ငံအနောက်၊ အနောက်မြောက်၊ အရှေ့မြောက်၊အလယ်ပိုင်း၊ကမ္ဘောဒီးယား၊လာအိုမြောက်နှင့်အလယ်ပိုင်း၊တုံကင်းအရှေ့၊ အာနမ်မြောက်နှင့်အလယ်၊ ကိုချင်ချိုင်းနားတို့တွင် ကျက်စားကြောင်းနှင့် ထိုင်းနိုင်ငံတောင်ပိုင်း၊ မလေးကျွန်းဆွယ်နှင့် စင်ကာပူတွင် အတည်တကျမရှိ ကျက်စားကြောင်း မှတ်တမ်းတင်ထားသည်။

ဘဲမြီးသွယ်တို့သည် ရေတိမ်သည့် မြစ်၊ ချောင်း၊ အင်း၊အိုင်၊ကန်တို့၌ ရေမျက်နှာပြင်ပေါ်တွင် ကူးခတ်သွားလာ၍ အမြီးကိုမိုးပေါ်ထောင်ကာ ရေထဲဦးခေါင်းစိုက်ပြီး အစာရှာစားသည့် တောရိုင်းဘဲမျိုးစိတ်ဖြစ်ပြီး၊ရေတိမ်ဒေသရေစပ်များ၊ စိုက်ပျိုးမြေများတွင် ခြေလျင်သွားလာကာ ကောက်ပဲသီးနှံ၊ မြေစာဥ၊ မြက်ပင်ကိုင်းဥများနှင့် အင်းဆက်၊ ခရု၊ ဂုံးကောင်များကို ရှာဖွေစားကြသည်။ တစ်ခါတစ်ရံ ဖားတစ်ပိုင်းငါးတစ်ပိုင်းအကောင်များ၊ ငါးသားပေါက်ငယ်များစားသည်။ ဘဲမြီးသွယ် အကောင်ငယ်များသည် အထူးသဖြင့် အင်းဆက်များကို စားကြသည်။

ကမ္ဘာပေါ်တွင် အကောင်ဦးရေများသည့် မျိုးစိတ်တစ်မျိုးဖြစ်သည်။ အုပ်စုဖွဲ့သွားလာကျက်စားတတ်ကြသည်။ အကောင်ဦးရေများစွာ အုပ်စုဖွဲ့နေထိုင်ကျက်စား



ကြသည်။ ဘဲမြီးသွယ်တို့သည် ဧပြီ မှ ဇွန်လအတွင်းမိတ်လိုက်သားပေါက်ကြသည်။ ရေနှင့်နီးသည့် ခြောက်သွေ့သည့်မြေပြင်ပေါ်တွင် သစ်ရွက်၊သစ်ကိုင်း၊မြက်၊ကိုင်းတို့ကို အကာအကွယ်ပြုကာ အသိုက်ဆောက်လုပ်ကြသည်။ တစ်ကြိမ်လျှင် ဥ(၇-၉)လုံးအုသည်။ ဥမှသားပေါက်ရန် (၂၂-၂၄)ရက်ကြာသည်။

နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့(International Union for Conservation of Nature-IUCN)၏(Red list)အရ မျိုးသုဉ်းမှုအန္တရာယ်ပတ်သက်မှုနည်းသော(Least Concern-LC) မျိုးစိတ်အဖြစ်သတ်မှတ်ထားသည်။ မြန်မာနိုင်ငံမှပြဌာန်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များစာရင်းအရ လုံးဝကာကွယ်ထားသည့်(Completely Protected) ၄က်မျိုးစိတ်စာရင်းတွင် သတ်မှတ်ထိန်းသိမ်းထားသည်။

ဘဲမြီးသွယ်တို့သည် နို့တိုက်သတ္တဝါများဖြစ်သည့် မြေခွေး၊ တောခွေး၊ စင်ရော်၊ ကျီးတို့အပြင် အခြားသောသိန်း၊စွန်တို့၏ အမဲလိုက်ဖမ်းဆီးစားသောက်ခြင်းကိုလည်း ခံကြရခြင်း၊ အနောက်နိုင်ငံတချို့တွင် သေနတ်ဖြင့်အမဲလိုက်ခံရခြင်းနှင့် ရင်ဆိုင်နေရသည့် ရေဘဲမျိုးစိတ်ဖြစ်သည်။ ဘဲမြီးသွယ်တို့၏ စားကျက်မြေများသည် စိုက်ပျိုးမြေ သို့မဟုတ် အခြားမြေအဖြစ် ပြောင်းလဲကုန်ခြင်း၊ ရာသီဉတုပြောင်းလဲမှုနှင့်အတူ ကျဉ်းမြောင်းခြင်းနှင့်ပျောက်ကွယ်ခြင်းစသည့် စိန်ခေါ်မှုများသည် အကောင်ဦးရေလျော့နည်းကျဆင်းရသည့် အဓိကအကြောင်းအရင်းများပင် ဖြစ်သည်။ ကမ္ဘာပေါ်တွင် အကောင်ဦးရေများစွာရှိသည့် ဘဲမျိုးစိတ်ဖြစ်သော်လည်း ကွင်းဆင်းလေ့လာမှုများအရ ၁၉၆၀ ခုနှစ်များကတည်းက အကောင်ဦးရေ သိသာစွာကျဆင်းနေကြောင်းသိရသည်။

ဘဲမြီးသွယ်တို့သည် မြန်မာနိုင်ငံအနှံ့ ရေတိမ်ဒေသများတွင် ကျက်စားကြသည်။ ၁၉၉၀ နှစ်များတွင် အကောင်ဦးရေပေါများစွာ ကျရောက်ကျက်စားသည်ကို တွေ့ရသည်။ ကောင်းကင်ယံတွင် အုပ်စုဖွဲ့လျှင်မြန်စွာ ပျံသန်းလာသည့်အခါ တောင်ပံခတ်သံကို သိသာစွာ ကြားရသည်။ ဘဲမြီးသွယ်တို့၏ အသွေးအရောင်နှင့် ပုံပန်းသဏ္ဌာန်မှာ အခြားဘဲများနှင့်မတူ၊ သိသာစွာကွဲပြားခြားနားခြင်းကြောင့် မြင်သူတိုင်းမှားယွင်းမှုမရှိဘဲ ခွဲခြားနိုင်သည်။ ဆောင်းခိုရေ၄က်အများစုသည် နှစ်ကာလကြာလေ အကောင်ဦးရေ လျော့ကျလေဖြစ်ရာ၊ ဘဲမြီးသွယ်တို့သည်လည်း သိသိသာသာ အကောင်ဦးရေလျော့နည်းကျဆင်းလာသည်မှာ အမှန်ပင်ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း နှစ်စဉ်ပုံမှန် ဆောင်းခိုကျက်စားသည့် ဘဲမြီးသွယ်များ ရေရှည် ရှင်သန်ကျက်စားနိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် နှိုးဆော်ရေးသားလိုက်ပါသည်။

## ဘာကြောင့်ဖြစ်တာလဲ ?

မိုး --- မိုးရွာလိုက်ပါ့မိုး
မိုးမရွာတာကြာလေပြီ၊
မိုးကြီး --- လေကြီး လာလေပြီ။

မိုးမရွာတာ ဘာကြောင့်ဖြစ်
ဂေဟာပျက်လို့ဖြစ်။

ဂေဟာရယ်ကွယ် ဘာကြောင့်ပျက်
တောတောင်စိမ့်စမ်း ခမ်းလို့ပျက်။

တောတောင်စိမ့်စမ်း ဘာလို့ခမ်း
သစ်ပင် သစ်တော ကုန်လို့ခမ်း။

သစ်ပင် သစ်တော ဘာလို့ကုန်
စည်းမဲ့ ကမ်းမဲ့ ခုတ်လို့ကုန်။

စည်းမဲ့ ကမ်းမဲ့ ဘာလို့ခုတ်
ထိန်းသိမ်းမဲ့လို့ခုတ်။

ထိန်းသိမ်းမဲ့လျှင် ပြည်တစ်ခွင်
အပူဒဏ်ကို ခံဖို့ပြင်။

စိတ်ဘဝင်ရယ် အေးစေဖို့
သစ်ပင်သစ်တော စိုက်လိုက်စို့။

သစ်ပင်စိုက်လျှင် အသုံးဝင်၏
နားခိုရိပ်ရ ရှင်လန်းရ၏။

ဒါကြောင့်သာပင် ပြည်တစ်ခွင်
သာယာစေရေး အေးစေရေး
စိုက်ကြပါစို့ မနှေး -----။



**တင်သောင်း(တောအုပ်)၊**
**စီမံကိန်းနှင့်စာရင်းအင်းဌာန**

## သစ်တောကြေးမုံ

**ရွှေဥဒေါင်းတောလား**

ကျွန်တော် မော်လိုက်မြို့နယ်၊ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည်မှာ (၇)လကျော်ရှိချိန်တွင်မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်နှင့်သပိတ်ကျင်းမြို့နယ်၊ ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ (၃)မြို့နယ်အစုံတွင် ဧရိယာ(၄၃၄၈၃.၅၅) ကေကျယ်ဝန်းသည့် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဟုသိရှိရချိန် မိတ်ဆွေများက ဘယ်လိုသွားရသလဲမေးမြန်းကြသဖြင့် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဆိုတာ သဘာဝပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအောက်တွင်ရှိပြီး မန္တလေးမှကားလမ်းဖြင့် အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ သပိတ်ကျင်းမြို့သို့(၈၇)မိုင်၊ ဘေးမဲ့တောဝန်းကျင်ထိန်းသိမ်းရေးကင်းစခန်းများဖြစ်သည့် သပိတ်ကျင်းမြို့နယ်၊ (၉)မိုင်စခန်းသို့(၈၇)မိုင်၊ မိုးကုတ်မြို့နယ်၊ အောင်ပဒါန်းစခန်းသို့ (၉၇)မိုင်၊ မိုးမိတ်မြို့နယ်၊ ကျောက်မောစခန်းသို့ (၁၁၈)မိုင်နှင့် ကင်းချောင်းစခန်းသို့(၁၂၈)မိုင်ကွာဝေး၍ ရာသီမရွေးသွားလာနိုင်ကြောင်း သိရှိတာလေးပြောပြဖြစ်ပါသည်။

**အုန်းလွင်လေး**

# ကျွန်တော်နှင့် ကကွက်ဆင်သည့် ရွှေဥဒေါင်း






**ဇော် မေ သုတ**

ပြောင်းရွှေ့ရောက်ရှိသည့်နေရာသစ်မှာ ကျွန်တော်အနေဖြင့် သစ်တောဝန်ထမ်းတို့ ထုံးစံအတိုင်းမိမိစီမံအုပ်ချုပ်ရမည့်ရုံးတွင် မှတ်တမ်းမှတ်ရာများလေ့လာဆောင်ရွက်ပြီးကွင်းဆင်းစစ်ဆေးစဉ် ရွှေဥဒေါင်းအမည်ကို ဘာကြောင့်ခေါ်တာပါလိမ့် စဉ်းစားရင်း မြေမျက်နှာသွင်ပြင်အရ ကြက်အမောက်ပုံသဏ္ဌာန်ရှိတဲ့တောင်ကို ကြက်



မောက်တောင်၊ သမင်တွေကျက်စားတဲ့တောကို မိဂဒါဝုန်တောခေါ်သလိုမျိုး၊ ရွှေဥဒေါင်းဆိုတာလည်းမြေမျက်နှာသွင်ပြင်အရ တောင်က ဒေါင်းပုံသဏ္ဌာန်ရှိလို့များလား၊ ဥဒေါင်းငှက်တွေ ပေါပေါများများကျင်လည်ကျက်စားလို့များလား၊ မိမိကိုယ်မိမိမေးခွန်းထုတ်နေမိတယ်။ မောင်ပေါက်ကျိုင်းရဲ့မေးပါများစကားရ ထုံးအတိုင်းဒေသခံ တစ်ဦးနှင့်ကွင်းဆင်းစဉ် တွေ့ဆုံမေးမြန်းရာမှာတော့ ''မိုးကုတ်မြို့နယ်ရှိ ဘိုးတော်ကြီးတောင်၊ နှမတော်ကြီးတောင်၊ နှမတော်လေးတောင် တောင်(၃)လုံး ဆက်နေတဲ့တောင်တန်းတစ်ဝိုက်ရှေးယခင်က ရွှေတွေပေါများပြီး ဒေသခံများရွှေစု၊ ရွှေကျင်လုပ်ကြရာ တစ်ခါတစ်ရံ ဒေါင်းဥအရွယ်ရှိရွှေများရတတ်လို့ရယ်၊ ရွှေစု၊ ရွှေအုရာနေရာဖြစ်တတ်လို့ရယ်ကြောင့် ဒေသခံများမှရွှေဥတောင်ဟုလည်းခေါ်ကြောင်း အခုတော့ ရွှေဥဒေါင်းတောင်ဟုခေါ်ဆိုပါကြောင်း''ဒေသခံတစ်ဦး၏ပြောပြချက်ကို ဇဝ်–ဤသို့ မေ–

ကျွန်တော့်အနေဖြင့် သုတ-ကြားသိခဲ့ရပါသည်။

## အော့ခ အော့ခနှင့် ကျွန်တော်

ဘေးမဲ့တောပတ်ဝန်းကျင်မှာ ဒေသခံများအနေဖြင့် ရှမ်း၊ လီဆူ၊ ကချင်၊ လားဟူနှင့် ဗမာအများစု နေထိုင်ကြပြီး ကွင်းဆင်းခြင်းလုပ်ငန်း ဆောင်ရွက်ချက်နှင့်အတူ ဒေသခံတိုင်းရင်းသားများနှင့် ဘေးမဲ့တောထိန်းသိမ်းရေးအကြောင်း၊ ဒေသခံများ၏ လူမှုစီးပွားနေထိုင်သည့်ဓလေ့စရိုက်များအကြောင်း စုံစမ်းမေးမြန်း မှတ်သားစဉ် ရှမ်းတိုင်းရင်းသားများနှင့်စကားပြောဆိုရာမှာ ပြည်မမှာမွေးသည့် ရှမ်းစကားမတတ်သည့်ရှမ်းလူမျိုး ကျွန်တော့်အနေဖြင့် မိုင်ဆုန်ခ (မင်္ဂလာပါ)၊ အော့ခ(ဟုတ်ကဲ့)ဆိုသည့် ရှမ်းစကားနှစ်လုံးနှင့်အတူ အပြုံးနဲ့ပဲပြန်လည်တုန့်ပြန်ခင်မင်ခဲ့ရပါသည်။

## ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောမှာ

မှတ်တမ်းများအရ သပိတ်ကျင်း-မိုးကုတ်-မိုးမိတ်(၃)မြို့နယ်အစုံရှိ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ရွက်အုပ်ပိတ်တော (၁၆၇၅၃.၆၂)ဧက၊ ရွက်အုပ်ပွင့်တော (၁၇၂၈၂.၇၆)ဧကရှိပြီး တောင်ပေါ်တော၊ အထက်ရွက်ပြတ်ရောနှောတောစို၊ အထက်ရွက်ပြတ်ရောနှောတောခြောက်၊ အင်တိုင်းတော၊ အမြဲစိမ်းတောနှင့် တောင်ပေါ်မြက်ခင်းတောအမျိုးအစားများရှိပါသည်။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်းစသည့် အဖိုးတန်သစ်များနှင့် တင်းဝါး၊ သိုက်ဝါး၊ သနပ်ဝါးများ အဓိကပေါက်ရောက်ပြီး အပင်မျိုးစိတ်များအနေဖြင့် သစ်မျိုး(၆၈) မျိုး၊ ဝါးမျိုး(၈)မျိုး၊ ဘယဆေးမျိုး(၁၀၆)မျိုး၊ ကြိမ်မျိုး(၄)မျိုး၊ သစ်ခွ(၁၅)မျိုးပေါက်ရောက်၍ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် နို့တိုက်သတ္တဝါမျိုးစိတ်(၃၅)မျိုး၊ တွားသွားသတ္တဝါမျိုးစိတ်(၂၀)မျိုး၊ လိပ်မျိုးစိတ်(၉)မျိုး၊ ငှက်မျိုးစိတ်(၇၅)မျိုး၊ လိပ်ပြာမျိုးစိတ်(၄၃)မျိုးကျက်စားကြောင်းသိရှိရပါသည်။

ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သုတေသနပြုလုပ်နိုင်သည့် အခွင့်အလမ်းများအနေဖြင့် တောဆင်ရိုင်းများ၏ဂေဟဗေဒနှင့် ဇီဝဗေဒ၊ လူနှင့်တောဆင်ရိုင်းပဋိပက္ခဖြစ်ပွားရသည့်အခြေခံအကြောင်းအရင်းများနှင့် ပဋိပက္ခလျှော့ချနိုင်မည့်နည်းလမ်းများ၊ ဆေးဖက်ဝင်သစ်ခွမျိုးစိတ်များ၊ သစ်တောအမျိုးအစားအမျိုးမျိုး၊ ဂေဟစနစ်များနှင့် ယင်းတို့တွင်ကျက်စားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့်လင်းနို့မျိုးစိတ်များ ပျံ့နှံ့ကျက်စားမှုကိုစူးစမ်းရှာဖွေသုတေသနပြုနိုင်ပြီး သဘာဝအခြေခံခရီးသွားနှင့် အပန်းဖြေလေ့လာကြည့်ရှုနိုင်သည့်အခွင့်အလမ်းများ အနေဖြင့်မတူကွဲပြားသည့်တောအမျိုးအစားများ၊ ငှက်ကြည့်ခြင်း၊ သဘာဝရေတံခွန်များနှင့်သဘာဝရှုခင်းများ၊ တောတွင်းလမ်းလျှောက်ခြင်းနှင့်တောင်တက်ခြင်းများ၊ တောင်ပေါ်မြက်ခင်းများ၊ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလေ့အထများ၊ ထူးခြားသည့် ဘူမိရုပ်သွင်များနှင့် ဒေသခံတိုင်းရင်းသားတို့၏ရိုးရာဓလေ့များကိုခံစားနိုင်သည့် အပန်းဖြေလေ့လာမှုများပြုလုပ်နိုင်ပါသည်။

ထို့အပြင် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးနှင့်သောက်သုံးရေထောက်ပံ့သည့်ရေဝေရေလဲအဖြစ် အထောက်အပံ့ပေးခြင်း၊ အသေးစားသစ်တောထွက်ပစ္စည်းများနှင့်ဆေးဖက်ဝင်ဘယဆေးပင်များ စုဆောင်းခြင်းဖြင့် ဒေသခံတို့၏ လူမှုစီးပွားဘဝများကိုမြှင့်တင်လျက်ရှိပါသည်။

## ကကွက်ဆင်သည့် ရွှေဥဒေါင်း

မြန်မာနိုင်ငံ၏ဒုတိယအစောဆုံးနှင့် ရှေးအကျဆုံးဘေးမဲ့တောဖြစ်သည့် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည်-၁၉၂၇ခုနှစ်အတွင်း မိုးကုတ်မြို့နယ် (၉၉၄၁)ဧကနှင့် သပိတ်ကျင်းမြို့နယ်(၄၄၀၁)ဧကကို စနစ်တကျအမဲလိုက်ရန် Game Sanctuary အဖြစ်စတင်ဖွဲ့စည်းခဲ့ပြီး၊ (၂၂-၇- ၁၉၂၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-(၁၃၈)ဖြင့် မိုးမိတ်မြို့နယ် (၂၉၁၄၁.၅၅) ဧကအားတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄)အရ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပါသည်။

(၁-၆-၁၉၉၈) ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အုပ်ချုပ်ရေးမှူးရုံးကို သပိတ်ကျင်းမြို့တွင်ဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ရန်၊ တောဆင်ရိုင်းများအား သတ်ဖြတ်ခြင်းကိုတားဆီးရန်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူရေးများအားတားဆီးအရေးယူရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတတ်လာစေရန်ရည်ရွယ်ချက်တို့ဖြင့် ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ပြီး ယခုအချိန်တွင် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်ရေးဆွဲ၍လုပ်ငန်းများစတင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်တော့မည်ဖြစ်ပါသည်။

ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ကျက်စားနိုင်ရေးအတွက်နေရင်းဒေသနှင့် ဂေဟဝန်ဆောင်မှုများဖွံ့ဖြိုးတိုးတက်စေ

ရန် သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်၊ မိုးမိတ်မြို့နယ် (၃) မြို့နယ်အား ဇုန်(၃)ဇုန်သတ်မှတ်၍ တောဆင်ရိုင်းများ အများဆုံးကျင်လည်ကျက်စားသည့်နေရာတွင် ဆင်စားကျက်တည်ထောင်ခြင်း၊ တောအဆင့်အတန်းနိမ့်ကျသည့်နေရာများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ အခြားသော တောရိုင်းတိရစ္ဆာန်များအတွက် သီးပင်စားပင်များစိုက်ပျိုးခြင်း၊ ရေကန်များနှင့် ဆားကျင်းများပြုလုပ်ခြင်း ဆောင်ရွက်ပြီးထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝန်ထမ်းများဖြင့် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ဘေးမဲ့တောဝန်းကျင်ရှိဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ ဘေးမဲ့တောနယ်နိမိတ်များစနစ်တကျပြုလုပ်ခြင်း၊ တောဆင်ရိုင်းများ၊ ငှက်မျိုးစိတ်များ၊ အပင်မျိုးစိတ်များ၊ ကုန်းနေရေနေ တွားသွားသတ္တဝါမျိုးစိတ်များ၊ နို့တိုက်သတ္တဝါမျိုးစိတ်များနှင့် အင်းဆက်မျိုးစိတ်စာရင်းကောက်ယူခြင်းတို့ကို စီမံချက်တွင် ထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ခေတ်မီလုပ်ငန်းသုံးပစ္စည်းများအားအသုံးပြုနိုင်ရေးအတွက် ဖြည့်ဆည်းရန်လည်းစီမံချက်တွင်ထည့်သွင်းရေးဆွဲမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာသုံး ကိရိယာများနှင့်အတူ ထိန်းသိမ်းကာကွယ်မည့်ဝန်ထမ်းများ၏ ကြိုးပမ်းမှု၊ အသိအမြင်ကြွယ်ဝသည့်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် သဘာဝရေမြေတောတောင်ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်းနှင့်အတူ ဒေသခံများ၏လူမှုစီးပွားရေးအား အထောက်အပံ့ကောင်းများဖြင့် ဖွံ့ဖြိုးတိုးတတ်လာစေရန်နှင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲလာမှုလျော့နည်းလာစေရန် မျှော်မှန်းလျက်စိမ်းစိုသည့်တောတောင်၊ တသွင်သွင်စီးဆင်းနေသည့် စမ်းရေ၊ အပန်းပြေစေမည့် လေပြေလေညှင်း၊ အသံစာစာဟစ်ကြူးနေမည့်ကျေးငှက်များ၊ လုံခြုံသည့်ဝန်းကျင်တွင် ကျက်စားနေမည့်သားရဲများနှင့် တောက်သည့်သမင်၊ ဟောက်သည့်ချေ၊ ကြိုးခွေသည့်မျောက်တို့ဝန်းကျင်မှာ အိုးဝေသည့် ရွှေဥဒေါင်းလည်း အမွေးအတောင်စိုပြည်လှပစွာ ကကြိုးကကွက် အစုံအလင်ဖြင့် မြူးတူးပျော်ပါးကျက်စားနိုင်မည်ဖြစ်ပါသည်။

**မြူးကြွသည့် ကကြိုးတီးလုံးတွင် စည်းဝါးနှင့် ပိုင်နိုင်ချက် ကျစွာ ကကွက်ဆင်နိုင်ပါစေရွှေဥဒေါင်း**

စာမျက်နှာ (၄၂) မှအဆက်

နောက်ပြီးစားဖို့သောက်ဖို့ ကျောင်းသားမိဘတွေက တာဝန်ယူတယ်...သူတို့နဲ့အတူတူနေတယ်တဲ့...ကျွန်တော် ညအိပ်တည်းခိုခဲ့တဲ့ စထွေးတောင်ယာတောမှာလဲ အခုလိုစာသင်နေတဲ့ကျောင်းသားကျောင်းသူတွေ ၁၀ ယောက်ကျော်လောက်တွေ့ခဲ့သေးတယ်... အဲဒီမှာက တောင်ယာတဲတွေများတယ်လေ...သင်တဲ့သူက ဆရာ..သမဝါယမမှာ လုပ်ခဲ့ဖူးတယ်၊ အမ်းမြို့က...ကျွန်တော့်အရွယ်လောက်ရှိပြီ...သူ့ကျတော့စပါးတင်း(၆၀)ရတယ်...ညနေတိုင်း ခေါင်ရေတိုက်ရသတဲ့...

ဦးဝင်းကိုရေ...အခုလို...မိဘတွေကသားသမီးတွေအတွက် ပညာရေးကိုအလေးထားတာသိပ်ဂုဏ်ယူစရာပဲ...ဆရာငှားပီးသင်ကြတာကိုမေးချင်တာက ဒီကလေးတွေကို အစိုးရကအသိအမှတ်ပြုမပြု...

အစိုးရတန်းကျောင်းစာမေးပွဲတွေမှာ သူ့အတန်းအလိုက်ဝင်ဖြေရတယ်၊အစိုးရကအသိအမှတ်ပြုတယ်အုပ်မှူး...

ဟုတ်ပါပြီ...ခင်ဗျာ့ လိပ်ရှာပုံခရီးဆက်ပါဦး...

ဦးဂျပန်လို့ခေါ်တဲ့ ချင်းလူမျိုးအိမ်မှာ တည်းခဲ့ရတယ်...ဒီနေရာမှာသူကလူကြီး၊ ပိန်ပိန်ပါးပါး...အသွင်အပြင်ကတရုတ်လို... ဂျပန်လိုပုံပေါက်နေလို့မို့...သူ့ကို ဂျပန်လို့နာမည်ပေးထားတာ... အသက်က ၅၀ လောက်ရှိပြီ၊ ဧည့်သည်အပေါ်တာဝန်ကျေခဲ့တဲ့သူပါဗျာ...လိပ်လောက်ကတော့ စာမဖွဲ့နဲ့ ဆင်ပစ်ခဲ့တဲ့သူတွေ ကျားပစ်ခဲ့တဲ့သူတွေပါ... နောက်တနေ့...ဦးဂျပန် ဦးဆောင်ပြီး လှဲချောင်းဘက်သွားခဲ့တယ်...N 19˚ 46.09', E 94˚ 01.50' အဲ့ဒီမှာ ဦးအောင်ဟင်းရဲ့တောင်ယာကိုရောက်တယ်... သူလည်း ချင်းပါပဲ...သူ့မိသားစုနဲ့နေပါတယ်... တောင်ယာလုပ်တဲ့ချင်းတွေရဲ့ အများစုအသွင်သဏ္ဌာန်က အိုစာကြတာများတယ်၊ တောတောင်ထဲမှာ ပင်ပင်ပန်းပန်း လုပ်ရတဲ့ဒဏ်တွေကြောင့်ပါပဲ...နောက်ပီး ခေါင်စုပ်တဲ့ဓလေ့က ရောဂါကူးစက်ပျံ့ပွားစေတဲ့အခြေအနေမှာရှိနေတယ်... အဲဒီမှာ TB ဖြစ်ကြတယ်... ရာသီဥတုက စွတ်စိုအေးမြတော့ TB ပွားဖို့ အခြေအနေတွေကိုပိုဆိုးစေတယ်၊ နောက် ၃ နှစ်လောက်ကြာတော့ ဦးဂျပန်လဲ TB နဲ့ဆုံးတယ်လို့ သိလိုက်ရတယ်.. ဦးအောင်ဟင်းရဲ့တဲမှာ သူ့မိသားစုထမင်းစားနေတဲ့ပုံတွေကိုဓာတ်ပုံရိုက်တယ်... ကလေးတွေလည်းအများကြီးပဲဗျ... သတ္တိရှိရှိမွေးထားတယ်... ခင်ဗျာ့လိုသူရဲဘောကြောင်တဲ့သူမှမဟုတ်ပဲ...

... မီးပွားတွေမထားရစ်ခဲ့ချင်လိုပါ...

ဆက်လက်ဖော်ပြပေးပါဦးမည်...

# ဘဲမြီးသွယ် (ခ) ဘဲရစ်



ဒေါက်တာသိန်းအောင်၊ ဉက္ကဋ္ဌ၊ မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း





ဘဲမြီးသွယ် (ခ) ဘဲရစ်သည် မြန်မာနိုင်ငံသို့ နှစ်စဉ် ပုံမှန်ကျရောက် ကျက်စားသည့် ဆောင်းခိုငှက် မျိုးစိတ်တစ်မျိုး ဖြစ်သည်။ မြန်မာနိုင်ငံ ကုန်းတွင်း ရေတိမ်ဒေသ အများအပြားတွင် နေထိုင်ကျက်စားသည့် ဆောင်းခိုရေငှက်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ၏ပထမဆုံး နိုင်ငံတကာ အရေးကြီးရေတိမ်ဒေသ (International Important Wetlands) ဖြစ်သည့် မိုးယွန်းကြီးအင်းရမ်ဆာဒေသ (Ramsar Site)တွင်လည်း ကျရောက်ကျက်စားသည်။ ဘဲမြီးသွယ် (ခ) ဘဲရစ်သည် အရွယ်ကြီးသည့် ဘဲမျိုးစိတ်ဖြစ်သည်။ (၁၀)စင်တီမီတာကျော်ရှည်ပြီး၊ သွယ်လျသည့် အမြီးရှိခြင်းကြောင့် ဘဲမြီးသွယ်(Pintail)အမည်သတ်မှတ်ခေါ်ဝေါ်ခြင်းဖြစ်သည်။ အထီးနှင့်အမသည် အသွေးအရောင် မတူပေ။ အထီး၏ အသွေးအရောင်သည် မလွဲမှားနိုင်သည့် သွင်ပြင်လက္ခဏာဖြစ်သည်။ လည်တိုင်သည် သွယ်လျရှည်လျားသည်။ ဦးခေါင်းနှင့်လည်တိုင်အပေါ်ပိုင်းသည် ချောကလက်ရောင်ဖြစ်ပြီး၊ ကိုယ်ထည်သည် မီးခိုးရောင်ဖြစ်သည်။

စာမျက်နှာ -၄၅ သို့

